# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၉ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၃၀ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၄၀)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား မြဝတီစစ်ဆေးရေးဂိတ်၌ စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး

နေပြည်တော် မေ ၂၉

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား မြဝတီစစ်ဆေးရေးဂိတ်၌ စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ စာရင်းအင်းအချက်အလက်များ ကောက်ခံရေးတွင် ပါဝင်ဆောင်ရွက်နေသည့် ဆရာမဒေါ်ခင်ဥမ္မာမြင့်၊ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်တို့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးသည်။**

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကြိုဆိုရေး၊ ပြန်လည်လက်ခံရေးနှင့် သက်ဆိုင်ရာဒေသအသီးသီးသို့ ပို့ဆောင်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခြေအနေများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအတိုင်း စနစ်တကျ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ COVID–19 နှင့်ပတ်သက်သည့် ကာကွယ်ရေးပစ္စည်းများအား လိုအပ်သည့်နေရာများသို့ စနစ်တကျ ပြန်လည်ဖြန့်ခွဲပေးနေမှု၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား မြဝတီစစ်ဆေးရေးဂိတ်၌ စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ စာရင်းအင်းအချက်အလက်များ ကောက်ခံရေးတွင် ပါဝင်ဆောင်ရွက်နေသည့် ဆရာမဒေါ်ခင်ဥမ္မာမြင့်၊ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။

## “ပြည်သူလူထုက စည်းစည်းလုံးလုံးဖြင့် လုပ်ဆောင်မည်ဆိုပါက အခြေအနေကို ထိန်းသိမ်းထားနိုင်မည်ဖြစ်၊ ထိုသို့ ထိန်းသိမ်းထားနိုင်ပါက အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်၊ ယခု COVID-19 ကို ရင်ဆိုင်သည့်အခါတွင် ပူးပေါင်းဆောင်ရွက်ရေးသည်အဓိကဖြစ်”


**၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်း** စာ ၈

**စီးပွားရေးအကျပ်အတည်းမှ ပြိုင်တူရုန်းထွက်ကြစို့** စာ ၁၆





# ခပ်ခွာခွာနေကြရသည့်တိုင်

ကိုရိုနာဗိုင်းရပ်စ်ရောဂါ(ကိုဗစ်-၁၉)သည် ကမ္ဘာ့နိုင်ငံများနှင့် ဒေသများ စုစုပေါင်း ၂၁၆ နိုင်ငံတွင် ဖြစ်ပွားနေပြီး အတည်ပြုလူနာ ၅၇၀၁၃၃၇ ဦး၊ ရောဂါကြောင့် သေဆုံးသူ ၃၅၇၆၈၈ ဦးသို့ ရောက်ရှိလာပြီဖြစ်သည်။ အဆိုပါ ကိန်းဂဏန်းများမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မေလ ၂၉ ရက်နေ့ ဂရင်းနစ်စံတော်ချိန် ၀၆:၃၀ တွင် ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများပင်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှု အရှိန်လျော့ကျလာမည့် အရိပ်အယောင်အချို့ မြင်တွေ့ရသော်လည်း ရောဂါအတည်ပြုလူနာ တွေ့ရှိမှုနှင့် သေဆုံးမှု ကိန်းဂဏန်းများ ဆက်လက်တိုးမြင့်နေဦးမည်ဖြစ်သည်။ ကျန်းမာရေးနှင့် စီးပွားရေး ဘာကိုရွေးချယ်မလဲ ဟူသော မေးခွန်းများနှင့်အတူ ကန့်သတ်ပိတ်ဆို့ထားမှုများကို ပြန်လည်ဖယ်ရှားရန် ကြိုးပမ်းနေကြသည့် နိုင်ငံများရှိသလို အတားအဆီး အကန့်အသတ်များ ပိုမိုတိုးမြှင့်ကန့်သတ်လိုက်သည့် နိုင်ငံများလည်း ရှိနေသည်ကို တွေ့ရသည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ကုသရေးအတွက် ဆေးဝါးများ ပေါ်ထွက်လာရန် စောင့်ဆိုင်းကြရဦးမည့် အခြေအနေတွင် ရှိနေပြီး ငှက်ဖျားရောဂါကာကွယ်ဆေးဖြစ်သည့် ဟိုက်ဒြောက်ဆီကလိုရိုကွင်းဆေးကို ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် သုံးသင့် မသုံးသင့်အပေါ်တွင်လည်း ကမ္ဘာနှင့်ချီ၍ အငြင်းပွားနေကြဆဲဖြစ်သည်။ ကမ္ဘာကျော်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီးများ၊ မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီကြီးများအပါအဝင် နိုင်ငံတကာအဆင့် ဧရာမကုမ္ပဏီကြီးများမှာ ၎င်းတို့ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဝန်ထမ်းလုပ်သားအင်အားအမြောက်အမြားကို လျှော့ချကာ ရုန်းကန်နေကြရပြီ။ ကမ္ဘာကြီး၏ မဝေးလှသည့် အနာဂတ်ကာလ လာမည့်နှစ်နှစ်၊ သုံးနှစ်ကာလအထိ ကိုဗစ်-၁၉ က ပေးသည့် ဒဏ်ရာဒဏ်ချက်များကို ကုစားကြရဦးမည်ဟု ခန့်မှန်းနေကြသည်။

စင်စစ်အားဖြင့် ကမ္ဘာ့နိုင်ငံကြီးငယ်အသီးသီးတို့ကို ကိုဗစ်-၁၉ ၏ စိန်ခေါ်မှုက အတူတူသာဖြစ်သည်။ သိပ္ပံနှင့် နည်းပညာများ ရှေ့တန်းရောက်သောနိုင်ငံ၊ ဥစ္စာဓနပြည့်စုံကြွယ်ဝသည့်နိုင်ငံ၊ သိပ္ပံပညာ နည်းပညာတို့ ခေတ်နောက်ကျနေသည့် နိုင်ငံ၊ ဆင်းရဲသည့်နိုင်ငံ စသည်ဖြင့် နိုင်ငံအသီးသီးတို့ ဆူကြုံနိမ့်မြင့် မည်သည့်အခြေအနေ၌ ရှိနေစေကာမူ လူသားတို့၏ ပြုမူတုံ့ပြန်မှုအပေါ်တွင်သာ မူတည်ကာ ရောဂါကူးစက်ပျံ့နှံ့ခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးဆိုင်ရာ အကြံပြုနှိုးဆော်မှုများကို အလေးမထား၊ ကျင့်သုံးမှုနည်းပါးသည့် နိုင်ငံများမှာ ရောဂါဖြစ်ပွားနှုန်းမြင့်မားသလို အဖိတ်အစဉ်ကိန်းဂဏန်းကလည်း ကြီးသည်။ လက်ကိုမကြာမကြာဆေးရန်၊ ပါးစပ်နှာခေါင်းစည်းတပ်ရန်၊ ခပ်ခွာခွာနေရန်ဆိုသည့်အချက်များကို တိတိကျကျ လိုက်နာကျင့်သုံးနိုင်သည့် နိုင်ငံများမှာမူ ရောဂါကူးစက်မှုနှင့် အဖိတ်အစဉ်ကိန်းဂဏန်းတို့ နည်းပါးသည်။

တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်ဟု ဆိုရာတွင် ရုပ်ပိုင်းဆိုင်ရာအရ တစ်ဦးနှင့်တစ်ဦး တစ်မီတာမှ နှစ်မီတာအထိ ခွာ၍ နေကြရခြင်းဖြစ်သည်။ အခြေအနေအရ လိုအပ်လာလျှင်လည်း သည့်ထက်ပို၍ ခွာနေကြရမည်ဖြစ်သည်။ ရုပ်ပိုင်းအရ ခွာနေကြရသည့်အခါ စိတ်ပိုင်းအရ နီးစပ်ရန်လိုအပ်လာသည်။ ဗုဒ္ဓအဘိဓမ္မာအရ စိတ်၏ တည်ရှိရာနေရာသည် ဟဒယနှလုံးအိမ်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါနှင့် ရင်ဆိုင်ဖြတ်သန်းနေရသည့် ကာလအတွင်း မိမိတို့နိုင်ငံသားများ၏ မွန်မြတ်သည့်စိတ်ထားများနှင့် လှပသည့်နှလုံးသားများကို မကြာခဏဆိုသလို ထင်ရှားစွာ တွေ့မြင်ခွင့်ရသည်။ သိပ္ပံ၊ နည်းပညာနှင့် ရုပ်ဝတ္ထုတို့ အားနည်းချက်ရှိသည့်တိုင်အောင် အများအကျိုးဆောင်လိုမှု၊ စာနာထောက်ထားကာ မျှဝေလိုမှုစသည့် မေတ္တာ၊ ကရုဏာအခြေခံသည့် စိတ်ထားနှလုံးသား အားသာချက်တို့ကို မိမိတို့နိုင်ငံတွင် တွေ့မြင်နိုင်သည်။ ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးနိုင်ရေးအတွက် ခပ်ခွာခွာနေကြရသည့်တိုင်အောင် မွန်မြတ်သည့် စိတ်နှလုံးဖြင့် စည်းလုံးညီညွတ်စွာ သူ့တာကိုယ့်တာ ကျေပွန်စွာ ထမ်းရွက်ကြကာ ကိုဗစ်-၁၉ စိန်ခေါ်မှုကို ကျော်လွှားနိုင်ကြပါစေကြောင်း။ ။

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်

| | | |
|---|---|---|
| Bank Name | - | Myanmar Economic Bank(H.O),Forex Operation |
| Account No. | - | CF 004880(MMK) |
| | - | EDN 600010(US$) |
| Swift Code | - | MYEBMMMY |
| Account Name | - | National Level Central Committee for Prevention Containment and Treatment of Covid 19 |
| Bank Address | - | Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar |

(ခ) ကမ္ဘောဇဘဏ်

| | | |
|---|---|---|
| Bank Name | - | KBZ Bank Ltd. |
| Account No. | - | 034 103 034 0232 8301 (MMK) |
| | - | 034 109 034 0232 8301 (US$) |
| Swift Code | - | KBZBMMMY |
| Account Name | - | Coronavirus Disease 2019 (COVID-19) (National Level Central Committee For Preventing and Containing the Virus) |
| Bank Address | - | No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar |
| Branch Address | - | No.1, Bank Ward, Oakataya Thiri Township, Naypyitaw |

(ဂ) ရှာဝတီဘဏ်

| | | |
|---|---|---|
| Account No. | - | 000 110 501 002 5635 (MMK) |
| | - | 000 110 503 000 0425 (US$) |
| Swift Code | - | AYABMMMY |
| Account Name | - | CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE |
| Bank Address | - | No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar |
| Branch Address | - | No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw |

(ဃ) CB ဘဏ်

| | | |
|---|---|---|
| Account No. | - | 0093 1005 0000 1333 (MMK) |
| | - | 0093 1012 0000 2957 (US$) |
| Swift Code | - | CPOBMMMY |
| Account Name | - | CORONAVIRUS DISEASE 2019 (COVID-19) DONATION |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေး ရာပြည့်မဂ္ဂဇင်းထုတ်ဝေရေး ဆပ်ကော်မတီအစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၂၉**

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း ကျရောက်မည့် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိရာ ရာပြည့်မဂ္ဂဇင်းထုတ်ဝေရေးဆပ်ကော်မတီ အစည်းအဝေးကို ရန်ကုန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပရာ ရာပြည့်မဂ္ဂဇင်းထုတ်ဝေရေး ဆပ်ကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူးနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး စာတမ်းဖတ်ပွဲများ ကျင်းပရေးဆပ်ကော်မတီ အစည်းအဝေး ကျင်းပစဉ်။

အစည်းအဝေးတွင် မြန်မာ့ရုပ်ရှင်ရာပြည့်မဂ္ဂဇင်းအား ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း ကဏ္ဍစုံလင်စွာဖြင့် ထူးခြားကောင်းမွန်စွာ ထုတ်ဝေနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်း ကျရောက်မည့် မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အခမ်းအနားအား စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ဆပ်ကော်မတီအလိုက် အစည်းအဝေးများ ပြုလုပ်လျက်ရှိရာ မေ ၂၈ ရက်က စာတမ်းဖတ်ပွဲများ ကျင်းပရေးဆပ်ကော်မတီ၏ အစည်းအဝေးကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား မြဝတီစစ်ဆေးရေးဂိတ်၌ စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ စာရင်းအင်းအချက်အလက်များ ကောက်ခံရေးတွင် ပါဝင်ဆောင်ရွက်နေသည့် ဆရာမ ဒေါ်ခင်ဥမ္မာမြင့်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။

❑ *ရှေ့ဖုံးမှ*

အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သတင်းဖြန့်ဝေပေးမှု လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နေမှု၊ ပြန်လည်ဝင်ရောက်လာသူများ၏ စားသောက်နေထိုင်ရေးနှင့် စည်းကမ်းလိုက်နာမှု အခြေအနေ၊ ပြည်သူများ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ စာရင်းအင်းအချက်အလက်များ ကောက်ခံရေးတွင် ပါဝင်ဆောင်ရွက်နေသည့် ဆရာမ ဒေါ်ခင်ဥမ္မာမြင့်က ပြည်ပမှ ဝင်ရောက်လာသူများ ပြန်လည်လက်ခံရာ၌ ပါဝင်စာရင်းကောက်ခံပေးခဲ့မှု၊ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ရေးတွင် စာရင်းအင်းနှင့်အညီ စနစ်တကျဖြစ်စေရေး ဆောင်ရွက်မှုနှင့် ကြုံတွေ့ရသည့် အခက်အခဲများကို လည်းကောင်း၊ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင် က ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများအား မော်တော်ယာဉ်များဖြင့် နွေးနွေးထွေးထွေး သွားရောက်ကြိုဆိုမှု၊ စနစ်တကျ ပြန်လည်လက်ခံမှု၊ နေရပ်အသီးသီးသို့ စနစ်တကျ ပြန်လည်ပို့ဆောင်နေမှုနှင့် ယာယီနေထိုင်ရန် နေရာများနှင့် နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ ပြန်လည်လက်ခံမှု၊ နေရပ်အသီးသီးသို့ စနစ်တကျ ပြန်လည်ပို့ဆောင်မှုနှင့်စပ်လျဉ်း၍ မည်သူတစ်ဦး တစ်ယောက်မျှမကျန်ရှိရေး ဦးတည်ဆောင်ရွက်လျက် ရှိပါကြောင်း၊ COVID-19 နှင့်ပတ်သက်၍ စိန်ခေါ်မှုမှာ ရုပ်ပိုင်းဆိုင်ရာ ခွာခွာနေသည်နှင့်အမျှ စိတ်ပိုင်းဆိုင်ရာ နီးစပ်ရန် အင်မတန်အရေးကြီးပါကြောင်း၊ ယခုအချိန်တွင် အားလုံး ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း။

အားလုံးက တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ စာနာမှုရှိမှ ယင်းစိန်ခေါ်မှုကို အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် လူသားများ၏ သဘာဝကိုလည်း လျစ်လျူရှုထား၍မရပါကြောင်း၊ တင်းကျပ်သည့် စည်းကမ်းများကို ကြာကြာထိန်းသိမ်းထားရန် မလွယ်ကူပါကြောင်း၊ အခြေအနေ ပိုကောင်းလာသည်နှင့်အမျှ ဖြေလျှော့ပေးရန် စဉ်းစားရပါကြောင်း၊ သိပ်အဆင်မပြေပါက နည်းနည်းနောက်ပြန်ဆုတ်သင့်ပါက နောက်ပြန်ဆုတ်ရမည်ဖြစ်ပါကြောင်း။

ပညာရေးကိုလည်း လျစ်လျူရှုထား၍ မရပါကြောင်း၊ စာသင်ကျောင်းများကို ဇူလိုင်လတွင် အထက်တန်းကစပြီး ဖွင့်ရန် စတင်စီစဉ်နေပါကြောင်း၊ ဇူလိုင်လဆန်းပိုင်းတွင် ကျောင်းများပြန်လည်ဖွင့်ရန် အဆင်ပြေ၊ မပြေကို တစ်ချိန်လုံး ချင့်ချိန်နေရပါကြောင်း။

### ပူးပေါင်းဆောင်ရွက်ရေးသည် အဓိကဖြစ်

COVID-19 နှင့်ပတ်သက်၍ တဖြည်းဖြည်း တိုးတက်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းရောဂါနှင့်ပတ်သက်ပြီး ရောဂါကာကွယ်ရေးနှင့် ရောဂါပျောက်ကင်းရေးတို့သည် ဆေးပညာနှင့် သက်ဆိုင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဆေးပညာဘက်တွင် ထိပ်တန်းနိုင်ငံမဟုတ်သည့်အတွက် အခြားဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများက ကာကွယ်ဆေး၊ ကုသဆေးရှာဖွေနေသည့် အခြေအနေဖြစ်ပါကြောင်း၊ မိမိတို့တွင် သိပ္ပံပညာအင်အား၊ ဖွံ့ဖြိုးရေးအင်အားမရှိသော်လည်း ပြည်သူလူထု၏ စည်းလုံးမှုအင်အားကို အားကိုးရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုက စည်းစည်းလုံးလုံးဖြင့် လုပ်ဆောင်မည်ဆိုပါက အခြေအနေကို ထိန်းသိမ်းထားနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ ထိန်းသိမ်းထားနိုင်ပါက အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခု COVID-19 ကို ရင်ဆိုင်သည့်အခါတွင် ပူးပေါင်းဆောင်ရွက်ရေးသည် အဓိကဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

### စိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်မည်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ကရင်ပြည်နယ်မှ ပြည်သူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နယ်စပ်မှ ပြန်လာသည့် ပြည်သူများနှင့်ပတ်သက်၍ အဓိကတာဝန်ယူ ရသည်မှာ ကရင်ပြည်နယ် အစိုးရနှင့် ကရင်ပြည်နယ် ပြည်သူလူထုဖြစ်ပါကြောင်း၊ အားလုံး ပူးပေါင်းဆောင်ရွက်သည့်အတွက် ယခုကဲ့သို့ ချောချောမွေ့မွေ့ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကနဦးပိုင်းတွင် စိုးရိမ်ပူပန်မှုများရှိသော်လည်း ပူးပေါင်းဆောင်ရွက်သည့်နေရာတွင် အင်မတန်လေးစားစရာကောင်းပါကြောင်း၊ ကျေးဇူးတင်စရာကောင်းပါကြောင်း၊ ကရင်ပြည်နယ်မှ အစိုးရပိုင်း၊ အုပ်ချုပ်ရေးပိုင်း၊ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအတိုင်း ဆက်လက်သွားမည်ဆိုပါက COVID-19 စိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် အားလုံးကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ထူး E-Commerce Virtual Conference သို့ တက်ရောက်

**နေပြည်တော် မေ ၂၉**

E-Commerce Virtual Conference ကို မေ ၂၈ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဤကွန်ဖရင့်အား ကိုဗစ်ကပ်ရောဂါကြောင့် New Normal အဖြစ် Tele-Conference ပုံစံကျင်းပရာတွင် နေရာမျိုးစုံမှ ပါဝင်တက်ရောက်နိုင်ခြင်းသည် အားသာချက်ဖြစ်ပါကြောင်း၊ Online အသုံးပြု ကူးသန်းရောင်းဝယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် စနစ်တကျ ဖြစ်ပေါ်တိုးတက်စေရေးသည် ဝန်ကြီးဌာန၏ ရည်မှန်းချက် ဖြစ်ပါကြောင်း၊ E-Commerce Business Model များအရ ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုအားကောင်းစေပြီး နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားတစ်ခုဖြစ်စေမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ E-Commerce လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံရေးစိတ်အားထက်သန်မှုကို ဤကွန်ဖရင့်က ပြသနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နိုင်ငံတော်အစိုးရက ထုတ်ပြန်သည့် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် COVID-19 Economic Relief Plan-CERP ကို အသင်းချုပ်က ကြိုဆိုထောက်ခံပါကြောင်း၊ ကိုဗစ်ကပ်ရောဂါကြောင့် ဒစ်ဂျစ်တယ်စီးပွားရေးပုံစံ မြန်ဆန်စွာဖြစ်ထွန်းလာ




သဖြင့် နိုင်ငံတော်ကချမှတ်သည့် မူဝါဒများနှင့်အညီ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် E-Commerce အောင်မြင်ဖွံ့ဖြိုးစေရေးနှင့် ပြည်သူလူထုကြားတွင် ယုံကြည်လက်ခံလာစေရန်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက CERP အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဦးစီးဌာနက ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကွန်ဖရင့်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် CERP ၏ ပန်းတိုင် ၅ အောက်ရှိ E-Commerce ဆိုင်ရာဆောင်ရွက်ရန် စီမံချက်များအား အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရဌာန/အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ရင်ဆိုင်နေရသည့် စိန်ခေါ်မှုနှင့် အကြံပြုချက်များအား Panel Session လေးခုဖြင့် ဆွေးနွေးခဲ့ရာ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းနှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် Industry Player များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ E-Commerce Virtual Conference သို့ အစိုးရဌာန/အဖွဲ့အစည်းများ၊ ကော်မတီများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသော ပြည်တွင်း ပြည်ပမှ စာရင်းပေး တက်ရောက်ခဲ့သူများ စုစုပေါင်း ၄၅၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director Mr. Newin Sinsiri နှင့်အဖွဲ့အား Virtual Meeting ဖြင့် ဆွေးနွေး

**နေပြည်တော် မေ ၂၉**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် အာရှဖွံ့ဖြိုးရေးဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director Mr. Newin Sinsiri နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ COVID-19 Pandemic Response Option (CPRO) အရ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်မှုဆိုင်ရာ ဆောင်ရွက်ချက်များအား ပံ့ပိုးပေးနိုင်ရေးအတွက် Budget Support အဖြစ် မြန်မာနိုင်ငံသို့ အတိုးနှုန်းသက်သာသော ချေးငွေ အမေရိကန် ဒေါ်လာသန်း ၂၅၀ ထုတ်ချေးနိုင်ရေးကိစ္စ၊ ယင်းချေးငွေ ရယူရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ CPRO ၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် ADB နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံအတွက် Country Engagement Framework (CEF) တစ်ခု ရေးဆွဲဆောင်ရွက်သွားမည့်ကိစ္စ၊ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်မှုဆိုင်ရာ ဆောင်ရွက်ချက်များအား ပံ့ပိုးပေးနိုင်ရေးအတွက် ADB က ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် JICA တို့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဆက်အောင်နှင့် ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ယနေ့ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ADB ချေးငွေဖြင့် အကောင်အထည်ဖော်မည့် Enhancing Financial Access through Public Credit Guarantee Scheme Project (USD 60 million) နှင့် Additional Financing to Greater Mekong Subregion Health Security Project (USD 30 million) တို့ကို အတည်ပြုပြီးဖြစ်သည်။ ယင်းစီမံကိန်းများသည် COVID-19 Economic Relief Plan (CERP) ပါ Action Plans များကို ပံ့ပိုးပေးမည့် စီမံကိန်းများဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ Country Director Mr. Newin Sinsiri နှင့်အဖွဲ့အား Virtual Meeting ဖြင့် ဆွေးနွေးစဉ်။

# AustCham Myanmar က ဦးဆောင်ကျင်းပသည့် Webinar သို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်ဆွေးနွေး

**နေပြည်တော် မေ ၂၉**

AustCham Myanmar က ဦးဆောင်ကျင်းပသည့် နိုင်ငံခြားကုန်သည်ကြီးများအသင်းနှင့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များဆိုင်ရာ Webinar ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ Video Conference စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဆက်အောင်၊ ဦးဗရတ်ဆင်းတို့နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မိမိတို့အနေဖြင့် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို အတူတကွ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေးအတွက် ယခုကဲ့သို့သော ဆွေးနွေးမှုများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စက်ရုံအလုပ်ရုံများနှင့် အိမ်ထောင်စုများ ကြုံတွေ့ရလျက်ရှိသည့် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများကို လျော့ပါးစေရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေနှင့် ဥရောပသမဂ္ဂ၏ ငွေကြေး ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် “မြန်ကူ”အစီအစဉ် ကဲ့သို့သော အစီအစဉ်များမှတစ်ဆင့် ငွေကြေးထောက်ပံ့မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဆက်အောင်က စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP) နှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအမံများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေဆဲဖြစ်သော်လည်း လက်ရှိဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံကျော် စီးဝင်ပြီးဖြစ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်ဖြစ်သည့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံကို ပြည့်မီနိုင်မည်ဟု မျှော်မှန်းကြောင်း ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း AustCham Myanmar က ဦးဆောင်ကျင်းပသည့် Webinar သို့ တက်ရောက်ဆွေးနွေးစဉ်။

AustCham Myanmar ၏ Chairperson ဖြစ်သူ Mr. Chris Hughes က နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာစေရေး ဆောင်ရွက်မှုများကို တိုက်ရိုက်သိရှိခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများနှင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည့်အတွက် မိမိတို့အနေဖြင့် ကြိုဆိုပါကြောင်း၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် မိမိတို့ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံခြားကုန်သည်ကြီးများအသင်း ၁၅ ခုတို့မှ ကိုယ်စားလှယ်ပေါင်း ၄၀၀ ကျော် ပါဝင်တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**

*❖ ကျောဖုံးမှ*

ထို့အတူ မြန်မာနိုင်ငံ၌ပိတ်မိနေသော ထိုင်းနိုင်ငံသားများအား ဗန်ကောက်မြို့သို့ ပြန်လည်ပို့ဆောင်သည့် (Myanmar Airways International-MAI) ကယ်ဆယ်ရေးလေယာဉ်၏ အပြန်ခရီးစဉ်တွင် ထိုင်းနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၉၄ ဦးတို့အား ပြန်လည်ခေါ်ဆောင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာအစိုးရအနေဖြင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိပိတ်မိနေသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၂၅၉၆ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*❑ ကျောဖုံးမှ*

ကျန်းမာရေးစစ်တမ်းအချက်အလက်တွေကို စစ်ဆေးပြီး ကိုယ်အပူချိန်တိုင်းတာစစ်ဆေးမှုတွေ ပြုလုပ်တာ ဖြစ်ပါတယ်။ အခုလို ဆောင်ရွက်ခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါ သံသယလူနာရှိနေရင် စောစောတွေ့ရှိပြီး ကုသမှုတွေကို အမြန်ဆုံးဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်” ဟုပြောသည်။

ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များက မြောက်ဥက္ကလာပမြို့နယ် စံပြ(ဂ)ရပ်ကွက်ရှိ အိမ်ထောင်စု ၁၅၁၄ စုမှ လူဦးရေ ၆၈၉၈ ဦး နှင့် (ဠ) ရပ်ကွက်ရှိ အိမ်ထောင်စု ၁၁၁၉ စုမှ လူဦးရေ ၅၂၀၀ တို့ကို ကြိုတင်ကောက်ခံထားသည့် မိသားစုကျန်းမာရေးစစ်တမ်းများကို ကြည့်ရှုစစ်ဆေးကာ အလိုအလျောက်ကိုယ်အပူချိန်တိုင်းစက် တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် တစ်ဦးချင်း ကျန်းမာရေးစစ်ဆေးမှုများကို စနစ်တကျဆောင်ရွက်ပေးသည့်အပြင် သက်ဆိုင်ရာပူးပေါင်းအဖွဲ့များက အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးကြသည်။

ထိုသို့ဆောင်ရွက်မှုအပေါ် မြောက်ဥက္ကလာပမြို့နယ် စံပြ(ဂ)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်မိုးက “ရပ်ကွက်နေပြည်သူတွေအားလုံး ကျန်းမာရေးစစ်ဆေးမှုခံယူနိုင်ဖို့ ကြိုတင်အသိပေးမှုတွေ လုပ်ခဲ့တယ်။ စစ်ဆေးတဲ့အချိန်မှာလည်း ပြည်သူအကုန်လုံးနီးပါး လာရောက်စစ်ဆေးမှုပြုလုပ်ကြတယ်။ အခုလိုစစ်ဆေးမှုခံယူလိုက်တော့ သူတို့အနေနဲ့လည်း ကျန်းမာရေးဆိုင်ရာ ယုံကြည်မှုတွေ ရရှိသွားနိုင်သလို ကျန်းမာရေးမကောင်းသူတွေရှိနေရင်လည်း အမြန်ဆုံးသိရှိပြီး ကာကွယ်ထိန်းချုပ်မှုတွေ ပြုလုပ်သွားနိုင်မှာ ဖြစ်ပါတယ် ” ဟု ပြောသည်။

အဆိုပါမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာနှစ်ဦး တွေ့ရှိထားသည့်အတွက် ထိုကဲ့သို့ဆောင်ရွက်မှုနှင့်အတူ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် အသိပညာပေးလှုပ်ရှားမှုများကို သက်ဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အတည်ပြုလူနာ အများဆုံးတွေ့ရှိထားသော အင်းစိန်မြို့နယ် အပါအဝင် မရမ်းကုန်း၊ တာမွေ၊ လှိုင်သာယာမြို့နယ်တို့တွင် မြို့နယ်အဆင့်အနေဖြင့် ဆောင်ရွက်ခဲ့သည့်အပြင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာတွေ့ရှိထားသော မြို့နယ်များတွင် အတည်ပြုလူနာနေထိုင်သည့် လမ်းနှင့်ရပ်ကွက်များအတွင်း၌ ထိုသို့စစ်ဆေးဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း၊ ယနေ့ နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့တွင် ယင်းသို့ ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သတင်း - ဇော်ကြီး၊ ဓာတ်ပုံ - ဖေဇော်**

## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် မေ ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နေပြည်တော် ပုံနှိပ်စက်ရုံ၊ သတင်းစာတိုက်များနှင့် ပျဉ်းမနားမြို့နယ် လူထုအခြေပြုဇဟိုဌာနတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်ရုံနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတိုက်တို့တွင် လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများ အန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် လူထုအခြေပြုဇဟိုဌာနတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နေပြည်တော် ပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားစဉ်။ သတင်းစဉ်

### လိုအပ်ချက်များ ဆွေးနွေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများသည် နံနက် ၁၀ နာရီတွင် နေပြည်တော်ပုံနှိပ်စက်ရုံသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ခေတ္တ ညွှန်ကြားရေးမှူးချုပ်က ကိုဗစ် – ၁၉ ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ကျောင်းသုံးစာအုပ်များ အချိန်မီပြီးစီးအောင် ပုံနှိပ်ဖြန့်ချိခဲ့မှု၊ စက်ရုံ၊ အလုပ်ရုံ စစ်ဆေးရေးအဖွဲ့များက ပုံနှိပ်စက်ရုံများ လာရောက်စစ်ဆေးခဲ့မှု၊ စက်ရုံများ၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်နှင့် စာကြည့်တိုက်တို့တွင် ကိုဗစ် – ၁၉ ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ စာပေဗိမာန်မှ ထုတ်ဝေလျက်ရှိသည့် စာအုပ်စာစောင်များတွင် ကိုဗစ် – ၁၉ ကာကွယ် ထိန်းချုပ်ရေး အသိပညာပေး ဖော်ပြခဲ့မှုများ၊ စာပေဆုများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များ ရိုက်နှိပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုံနှိပ်စက်ရုံအတွင်း စက်ကြွခိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကြိုတင်ဆန္ဒမဲလက်မှတ် စာအိတ် ဆောင်ရွက်နေမှုလုပ်ငန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်တွင် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

### ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကြေးမုံသတင်းစာတိုက် ဘိုးဝဇီရခန်းမသို့ ရောက်ရှိရာ ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးက သတင်းစာတိုက်အလိုက် ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှု အခြေအနေ၊ ရန်ကုန်မြို့တွင် ဝန်ထမ်းများအား မော်တော်ယာဉ်များဖြင့် ကြို / ပို့ ဆောင်ရွက်ပေးမှု၊ သတင်းစာများ ပို့ဆောင်ရာတွင် သတ်မှတ်ဝတ်စုံများ၊ Mask နှင့် လက်အိတ်များ ဝတ်ဆင်၍ ပို့ဆောင်ဖြန့်ချိနေမှု၊ သတင်းစာတိုက်အလိုက် ကိုဗစ် – ၁၉ ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ နိုင်ငံပိုင်သတင်းစာများနှင့် Myanmar Digital News တို့တွင် ကိုဗစ် – ၁၉ နှင့် ပတ်သက်၍ နေ့စဉ်ဖော်ပြခဲ့မှုများ၊ စက်ရုံ၊ အလုပ်ရုံ စစ်ဆေးရေးအဖွဲ့များက သတင်းစာတိုက်များအား လိုက်လံကြည့်ရှု စစ်ဆေးခဲ့မှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကြေးမုံ သတင်းစာတိုက် စာတည်းခန်း၊ ပုံနှိပ်စက်ခန်းနှင့် မြန်မာ့အလင်းသတင်းစာတိုက် စာတည်းခန်းတို့ကို လည်းကောင်း၊ ဝန်ထမ်းအိမ်ရာတွင် လေးခန်းတွဲ လေးထပ်အဆောက်အအုံ ဆောက်လုပ်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### ပြင်ဆင်ထားမှု ကြည့်ရှု

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် လူထုအခြေပြုဇဟိုဌာနသို့ ရောက်ရှိပြီး ကိုဗစ် – ၁၉ ကာလတွင် စာကြည့်တိုက်အတွင်း Social Distancing ဖြင့် စာအုပ်များ ငှားရမ်းဖတ်ရှုနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ ကလေးစာဖတ်ခန်းနှင့် နံရံကပ်ပိုစတာများ ပြင်ဆင်ထားရှိမှုကို လည်းကောင်း၊ ကိုဗစ် – ၁၉ ကာလအလွန်တွင် သင်တန်းများ ဖွင့်လှစ်ရန် ပြင်ဆင်ထားမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### အဆင့်မြှင့်တင် ကြိုးစား

ပြည်ထောင်စုဝန်ကြီးက ယနေ့တွင် ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများသည် နည်းပညာများ အသုံးပြုလာပြီဖြစ်သည့်အတွက် ပြောင်းလဲလာသည့် နည်းပညာများကို မျက်ခြည်မပြတ်စေရန်၊ မိမိတို့ ဝန်ထမ်းများအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု မရှိသော်လည်း ဂရုပြုပြီး လုပ်ငန်းများ ပုံမှန်စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရန်၊ စာပေဗိမာန် အရောင်းဆိုင်များသည် စာအုပ် စာပေကောင်း များစွာရရှိနိုင်သည့် နေရာတစ်ခုဖြစ်သည်ကို ပြည်သူများ သိရှိစေရေး ဆောင်ရွက်သွားစေရန်၊ စာကြည့်တိုက်များကို ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျပြင်ဆင်ဖွင့်လှစ်သွားရန်၊ မိမိတို့သတင်းစာများကို ဒစ်ဂျစ်တယ် သတင်းစာများဖြစ်အောင် အဆင့်မြှင့်တင် ကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

---

# သတင်းမီဒီယာသမားများ အသုံးပြုနိုင်ရန် Information Center (Naypyitaw) စတင်တည်ဆောက်

နေပြည်တော် မေ ၂၉

**သတင်းမီဒီယာသမားများ အသုံးပြုနိုင်ရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီက နေပြည်တော် မြို့မဈေးပွဲရုံတန်းရှိ မြေကွက်လပ်၌ Information Center (Naypyitaw)ကို စတင်တည်ဆောက်လျက်ရှိကြောင်း ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦး၏ ပြောကြားချက်အရ သိရသည်။**

"ဒီစင်တာမှာ ဝန်ကြီးဌာနတွေ၊ လွှတ်တော်တွေကနေ သတင်းရယူပြီး ပြန်လာတဲ့ သတင်းထောက်တွေ တစ်စုတစ်စည်းတည်း ဆုံလို့ရအောင်၊ ဒီမှာပဲ သတင်းလုပ်လို့ရအောင်၊ အဲဒီမှာ တည်းဖြတ်လို့ရအောင်၊ သတင်းပို့လို့ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ပေးတာပါ။ ဒီအဆောက်အအုံကို နိုင်ငံတော်ရဲ့ ငွေနဲ့ တည်ဆောက်မှာ မဟုတ်ပါဘူး။ အလှူရှင်တွေရဲ့ အလှူငွေတွေနဲ့တည်ဆောက်မှာပါ။ အလှူရှင်တွေက အဆောက်အအုံအတွက် စည်ပင်ကို လှူတယ်။ မြေနေရာနဲ့ အဆောက်အဦက စည်ပင်သာယာပိုင်ဖြစ်မှာပါ။ အဆောက်အအုံ ဒီဇိုင်းဆွဲပြီးတော့ စည်ပင် EC ကို တင်ပြပြီးပါပြီ။ ခွင့်ပြုချက်လည်း ရရှိပြီးပါပြီ" ဟု ဦးရဲမင်းဦးက ပြောသည်။

အဆိုပါအဆောက်အအုံကို မေ ၂၁ ရက်မှ စတင်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာလအပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီအဆောက်အအုံက သုံးထပ် အဆောက်အအုံပါ။ မြေညီထပ်နဲ့ ပထမထပ်က သတင်းထောက်တွေအတွက် ဖြစ်ပါတယ်။ Hall Type ဆောက်လုပ်ပေးသွားမှာပါ။ Hall Type ဆိုတော့ တည်းဖြတ်တဲ့အခန်းလေးတွေ၊ Studio အခန်းလေးတွေလည်း လုပ်လို့ရပါတယ်။ အပေါ်ဆုံးအထပ်ကိုတော့ စည်ပင်က ထုတ်လွှင့်နေတဲ့ တီဗွီချန်နယ်တွေအတွက် ငွေသွင်းတာ၊ သက်တမ်းတိုးတဲ့ ကောင်တာနဲ့ စည်ပင်က ရိုက်ကူးရေး ဝန်ထမ်းတွေအတွက် အသုံးပြုမှာပါ။ အစိုးရပိုင်ဆိုတော့ ဒီအတိုင်းတော့ ပေးလို့မရဘူး။ နှုန်းထားသတ်မှတ်ပြီးတော့ သတင်းမီဒီယာသမား အစုအဖွဲ့ကို သုံးနှစ်ဆို သုံးနှစ်၊ ငါးနှစ်ဆို ငါးနှစ် ဥပဒေအရ ခိုင်မာအောင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီး စာချုပ်ချုပ်ပြီး ငှားရမ်းပေးမှာပါ။ ငှားရမ်းပြီးတဲ့အခါ စည်ပင်အနေနဲ့ ထိန်းချုပ်တာမျိုးတွေ မရှိဘဲ လွတ်လွတ်လပ်လပ် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် အစိုးရပိုင်ဖြစ်တဲ့အတွက် စာချုပ်ချုပ်ဆိုတဲ့အခါမှာ ရာဇဝတ်မှုတွေ၊ ခိုက်ရန်ဖြစ်တာတွေနဲ့ အခြား သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေ တွေ့ပါမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

"အဆောက်အအုံ အကျယ်အဝန်းက ပေလေးဆယ် ပတ်လည် သုံးထပ်အဆောက်အအုံ ဖြစ်ပါတယ်။ Information Ceter ဖြစ်တဲ့အတွက် အခြားအဆောက်အအုံတွေနဲ့ မတူအောင် အဆောက်အအုံ ဒီဇိုင်းကို ဆန်းသစ်တဲ့အသွင်နဲ့ တည်ဆောက်သွားမှာ ဖြစ်ပါတယ်"ဟု ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးက ပြောသည်။

အဆိုပါ အဆောက်အအုံကို သတင်းမီဒီယာသမားများ သာမက ကဗျာဆရာများနှင့် စာပေပညာရှင်များ၏ တွေ့ဆုံပွဲများ၊ ပန်းချီပြပွဲများ၊ ဓာတ်ပုံပြပွဲများ၊ သတင်းပညာဆိုင်ရာ သင်တန်းများလည်း ကျင်းပနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါ အဆောက်အအုံ တည်ဆောက်မှုအတွက် ငွေကျပ်သိန်း ၁၆၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။



ယခုစတင်တည်ဆောက်နေသည့် Information Ceter အပြင် Media Village ကို နေပြည်တော်၌ တည်ဆောက်နေသည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစား ဝန်ထမ်းအိမ်ရာအနီး ဧက ၂၀ အကျယ်အဝန်းပေါ်၌ တည်ဆောက်ရန် လျာထားပြီး အဆိုပါ Media Village တွင် သတင်း၊ မီဒီယာဌာနများ၏ ရုံးခန်းများ၊ သတင်းမီဒီယာ သင်တန်းကျောင်း၊ သတင်းမီဒီယာ ကောင်စီရုံးခန်း၊ စားသောက်ဆိုင်များ၊ စာကြည့်တိုက်နှင့် မြန်မာ့မီဒီယာပြတိုက်တို့ကို ထည့်သွင်းဆောက်လုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

**မျိုးမြင့်၊ မျိုးသူဟိန်း**
**ဓာတ်ပုံ–နေပြည်တော်စည်ပင်**

# လူငယ်နှင့် ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ်

**ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို နှစ်စဉ်မေလ ၃၁ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း၌ ကျင်းပကြသည်။ ယခုနှစ်တွင် ဆေးလိပ်ဆေးရွက်ကြီး ထုတ်လုပ်၊ ရောင်းဝယ်သူများက လူငယ်များကို ဦးတည်ဆွဲဆောင်ပြီး စီးပွားရေးအကျိုးအမြတ်အတွက် အရောင်းမြှင့်တင် ဆောင်ရွက်လျက်ရှိခြင်းများကို ကာကွယ်တားဆီးရန်ရည်ရွယ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယခုနှစ် ဆောင်ပုဒ်အဖြစ် "The tobacco industry is targeting a new generation; Speak out. # Tobacco Exposed" အဖြစ် သတ်မှတ်ထားသည်။ ယင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက "ရောင်းဝယ်သူတို့ပစ်မှတ်သဖွယ် လူငယ်များကို သတ်မှတ်တယ်၊ အသိဉာဏ်နဲ့ရှောင်ဖယ်ဝေး ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ်ဘေး"ဟု တရားဝင် ဘာသာပြန်ဆိုထားသည်။**

**လူငယ်လူရွယ်များအား ဆေးလိပ်ကုမ္ပဏီကြီးများက ပစ်မှတ်ထားဆောင်ရွက်**

Philip Morris International ကုမ္ပဏီ၏ အကြီးတန်းအမှုဆောင် အရာရှိကြီးတစ်ဦးက "လူငယ်တွေကို ပစ်မှတ်ထားကြော်ငြာရတာ ကုန်ကျစရိတ်များလှပေမယ့် လူငယ်လေးတွေဟာ စမ်းသပ်ချင်တဲ့ စိတ်ရှိပြီး အခြားလူငယ်ကလေးတွေကိုလည်း ဩဇာလွှမ်းမိုးနိုင်ဆုံးဖြစ်ကြတာက တစ်ကြောင်း၊ ကိုယ်စတင်သောက်မိတဲ့ စီးကရက်တံဆိပ်ကို သစ္စာစောင့်ထိန်းကာ စွဲစွဲမြဲမြဲ သုံးတတ်ကြတဲ့အတွက် ပိုမိုထိရောက်ကြောင်း" ဟု ပြောကြားခဲ့သည်။

ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နေ့စဉ် သေဆုံးလျက်ရှိသည့်အတွက် သုံးစွဲသူများ လျော့ကျမသွားစေရန်နှင့် သေဆုံးသွားသူများ၏နေရာများ ပြန်လည်ဖြည့်တင်းရန် ဆေးလိပ်သောက်သူ လူသစ်များ လိုအပ်လာသည်။ ထိုသို့လိုအပ်သော လူသစ်များ ရရှိရန် စီးကရက်စက်ရုံများ၊ လုပ်ငန်းများ ပုံမှန်လည်ပတ်၍ ကြီးမားသောအမြတ်အစွန်း ဆက်လက်ရရှိစေရန်အတွက် လူငယ်အသည်းကျော်များကို အသုံးပြုကာ ကြော်ငြာခြင်းသည် ပစ်မှတ်သစ်များကို အသေအချာ ထိမှန်ကြောင်း ဆေးလိပ်ကုမ္ပဏီ အမှုဆောင်အရာရှိဟောင်းတစ်ဦးက ဆိုသည်။ ဆေးလိပ်စသောက်သောအသက် ငယ်လေလေ နီကိုတင်းနှင့် ဆေးရွက်ကြီးသောက်သုံးမှုအန္တရာယ်ကို ပို၍ခံစားရလေလေ ဖြစ်သကဲ့သို့ ဆေးလိပ်ဖြတ်ရန် ပိုမိုခက်ခဲလေဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများက ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများ ကြော်ငြာခြင်းကို တားမြစ်ခြင်း၊ ဆေးလိပ်လုပ်ငန်းကြီးများမှ အကုန်အကျခံ တာဝန်ယူထောက်ပံ့ ဆောင်ရွက်သော ပြပွဲ၊ ပြိုင်ပွဲများကို ခွင့်မပြုခြင်း၊ စီးကရက်ဈေးတင်ခြင်း၊ ပြည်သူများအား ဆေးလိပ်၊ ဆေးရွက်ကြီး၏ နောက်ဆက်တွဲ ဆိုးကျိုးများကို လေးလေးနက်နက် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးလျက်ရှိသောကြောင့် စီးကရက်လုပ်ငန်းရှင်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဈေးကွက်ချဲ့ထွင်လာကြပြီး အသက် ၁၄ နှစ်မှ ၂၄ နှစ်အရွယ် လူငယ်များကို ပိုမိုပစ်မှတ်ထားလာသောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံရှိ အသက် ၁၈ နှစ်မကျော်မီ လူငယ်လေးများ ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်ကို ပိုမိုခံစားလာရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် Global Youth Tobacco Survey အရ အသက် ၁၃ နှစ်မှ ၁၅ နှစ်အတွင်း ကျောင်းသားလူငယ် ၂၀ ရာခိုင်နှုန်းနှင့် ကျောင်းသူ ၂ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်သုံးနေကြောင်းနှင့် ကျောင်းသား ၁၁ ရာခိုင်နှုန်းနှင့် ကျောင်းသူ ၂ ရာခိုင်နှုန်းတွင် ကွမ်းစားသုံးမှု ရှိကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

**ထုတ်လုပ်၊ ရောင်းဝယ်သူတို့၏ နည်းလမ်းများ**

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အီးစီးကရက် တို့တွင်ပါဝင်သော နီကိုတင်းသည် ပြင်းထန်စွာ စွဲလမ်းစေပြီး ငယ်စဉ်ဘဝတွင် စတင်စမ်းသပ်အသုံးပြုမိပါက နောက်ပိုင်းတွင် ဆေးလိပ်နှင့် ဆက်စပ်ပစ္စည်းများ သုံးစွဲနိုင်ခြေ နှစ်ဆပိုများပါသည်။ ထို့ကြောင့် ဆေးလိပ်၊ ဆေးရွက်ကြီးလုပ်ငန်းရှင်များသည် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အီးစီးကရက်စသည့်ပစ္စည်းများကို လူငယ်လူရွယ်များ ပိုမိုအသုံးပြုလာစေရန် နည်းလမ်းမျိုးစုံဖြင့် အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆောင်ရွက်လျက်ရှိသည်။ အီးစီးကရက်၊ ရှီရှား စသည့်ပစ္စည်းအသစ်များကို လူငယ်များအကြိုက် အနံ့အရသာမျိုးစုံဖြင့် ထုတ်လုပ်ရောင်းချခြင်း၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ လူမှုကွန်ရက်များတွင် ၎င်းပစ္စည်းများကို ပြသ၍ ဆွဲဆောင်ခြင်း၊ ကြော်ငြာခြင်း၊ ကုန်အမှတ်တံဆိပ်ပါဝင်သည့် ပစ္စည်းများ အခမဲ့ပေးခြင်း၊ ပျော်ပွဲရွှင်ပွဲ အခမ်းအနားများ ကျင်းပပေးခြင်းဖြင့် လူငယ်များ ပိုမိုသိရှိပြီး အသုံးပြုလာစေရန် ဆောင်ရွက်လျက်ရှိကြသည်။

**ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် နီကိုတင်းစွဲလမ်းခြင်း၏ အန္တရာယ်**

ဆေးလိပ်သောက်သူများသည် ဆေးလိပ်ပုံမှန်သောက်သုံးခြင်းကို ဆယ်ကျော်သက်အရွယ်တွင် စတင်လေ့ရှိပြီး ဘဝတစ်လျှောက်တွင် ဆေးလိပ်ဖြတ်ရန် အကြိမ်ကြိမ် ကြိုးစားလေ့ရှိသည်။ နှစ်စဉ်နှစ်တိုင်း အရွယ်ရောက်ပြီး ဆေးလိပ်သောက်သုံးသူ သုံးပုံတစ်ပုံသည် အကူအညီမယူဘဲ ဆေးလိပ်ဖြတ်ရန်ကြိုးစားလေ့ရှိပြီး နီကိုတင်း၏ အာနိသင်ကြောင့် စွဲလမ်းသွားသဖြင့် ရက်ပိုင်းအတွင်း ဆေးလိပ်ပြန်သောက်လေ့ရှိကြောင်း တွေ့ရှိရသည်။ ဆေးလိပ်ဖြတ်ရန်ကြိုးစားသူများ၏ ၃ ရာခိုင်နှုန်းသာ ၁၂ လကျော်သော ရေရှည်ဆေးလိပ်ဖြတ်ခြင်းကို ရရှိနိုင်ကြောင်း တွေ့ရှိရသည်။ ဆေးလိပ်သောက်ခြင်းသည် ဖြတ်တောက်ရန်ခက်ခဲသော နာတာရှည်စွဲလမ်းစေသည့် ရောဂါတစ်မျိုးပင်ဖြစ်သည်။ ပျမ်းမျှအားဖြင့် ဆေးလိပ်သောက်သူများသည် ဆေးလိပ်မသောက်သူများနှင့် နှိုင်းယှဉ်လျှင် ၁၀ နှစ်ခန့် သက်တမ်းပိုတိုကြောင်း တွေ့ရှိရသည်။

**ဆေးရွက်ကြီးထွက်ပစ္စည်းများနှင့် အသစ်ထွက်ပေါ်လာသည့်ပစ္စည်းများ**

ဆေးရွက်ကြီးကို အသုံးပြု၍ ထုတ်လုပ်သုံးစွဲသည့် ဆေးရွက်ကြီးထွက်ပစ္စည်းများမှာ အမျိုးပေါင်း စုံလင်လှပေသည်။ အငွေ့ထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်းများဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ် (ရှမ်းဖက်လိပ်)၊ ဆေးပြင်းလိပ်၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်၊ ဘီဒီ (ကုလားဆေးလိပ်)၊ ဆေးတံ၊ ရေပြောင်း၊ အငွေ့မထွက်သော ဆေးရွက်ကြီးထွက်ပစ္စည်းများဖြစ်သည့် ဆေးရွက်ကြီးငုံခြင်း၊ ရှူခြင်း၊ ကွမ်းယာထဲတွင် ဆေးရွက်ကြီးထည့်၍စားခြင်း၊ ကွမ်းယာထဲတွင်ဆေးပေါင်း၊ နပ်ဆေးစသည်ထည့်၍ စားခြင်း၊ ဆေးရွက်ကြီးကို ရေစိမ်၍ သောက်ခြင်း၊ ဆေးရွက်ကြီးကို သံပရာ၊ ရှောက်သီး စသည်ဖြင့် နပ်ခြင်း၊ အရက်ဖြင့် စိမ်ခြင်း၊ ရေဖြင့်စိမ်ခြင်း စသည်တို့အပြင် အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသော 45, 95, 100, Signal, Zarda စသည့် တံဆိပ်အမျိုးမျိုးပါ ဆေးပေါင်းများလည်း ပါဝင်သည်။

**လူငယ်များ ဆေးလိပ်သောက်ခြင်း၊ အစားထိုးပစ္စည်းသုံးစွဲခြင်းမှ ကာကွယ်ရန် နည်းလမ်းများ**

လူငယ်လူရွယ်များကို ဆေးလိပ်သောက်ခြင်း၊ အစားထိုးပစ္စည်းသုံးစွဲခြင်းတို့မှ ကာကွယ်တားဆီးပေးနိုင်ရန် အကြောင်းတရားအရင်းအမြစ်များဖြစ်သည့် ဆေးလိပ်ကုမ္ပဏီကြီးများက နည်းမျိုးစုံဖြင့်ပံ့ပိုးမှုကို ပိတ်ပင်ခြင်း၊ အမြတ်ခွန်များ ပိုမိုစည်းကြပ်ခြင်း၊ ဆေးလိပ်တန်ဖိုးကို တိုးမြှင့်သတ်မှတ်ခြင်း၊ ၁၈ နှစ်အောက် ကလေးငယ်များအား ဆေးလိပ်ရောင်းချပေးခြင်းမှ တားမြစ်ခြင်း၊ နိုင်ငံခြားမှ တင်သွင်းမှု လျှော့ချခြင်းနှင့် လုံးဝပိတ်ပင်ခြင်း၊ ပစ္စည်းအသစ်များ တင်သွင်းခြင်းကို ပိတ်ပင်တားဆီးခြင်း၊ ဆေးလိပ်ကြော်ငြာများကို တားဆီးခြင်း၊ ဆေးလိပ်ဆိုးကျိုးများကို အများပြည်သူနှင့် အထူးသဖြင့် လူငယ်လူရွယ်လေးများ နားလည်သဘောပေါက် သိရှိစေရန် စဉ်ဆက်မပြတ် ရှုထောင့်အမျိုးမျိုးမှ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျောင်းသားအရွယ်လူငယ်များ လမ်းမှားသို့ မရောက်မိစေရန်နှင့် လမ်းမှန်ရွေးချယ်မိစေရန် လမ်းညွှန်မှုနှင့် နှစ်သိမ့်အကြံပေးဆွေးနွေးမှုများ ပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် တားဆီးရမည်ဖြစ်သည်။

**မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းတွင် ပါဝင်ဆောင်ရွက်မှု**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းသည် အကျိုးသက်ရောက်မှုများပြားပြီး ခိုင်မာသောသက်သေအထောက်အထား များစွာရှိသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ဖြစ်သည်။ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အတည်ပြုခဲ့သည့် အဖွဲ့ဝင်နိုင်ငံအဖြစ် ဖြစ်သည့်အားလျော်စွာ "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ" (The control of smoking and consumption of tobacco products Law) ကို ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ပြည်သူလူထုနှင့် လူငယ်လူရွယ်များအား ဆေးရွက်ကြီးအန္တရာယ်မှ ကာကွယ်သည့်လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးဆောင်၍ နီးနွယ်ဝန်ကြီးဌာနများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆောင်ရွက်မှုများ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လူငယ်လူရွယ်များကို ဘေးဖြစ်စေသည့် ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အသစ်ထွက်ပေါ်လာသည့် ပစ္စည်းများ အန္တရာယ်မှကာကွယ်ရန် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည် -

- ပြောင်းလဲလာသောခေတ် အခြေအနေများနှင့်အညီ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၉ ခုနှစ်တွင် အသစ်ပြန်လည်ဖွဲ့စည်းပေးခဲ့ပါသည်။
- ဥပဒေပိုင်းဆိုင်ရာ ပိုမိုခိုင်မာပြည့်စုံစေရန်နှင့် အသစ်ထွက်ပေါ်လာသည့်ပစ္စည်းများကို ထိန်းချုပ်နိုင်ရန်တည်ဆဲ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ (၂၀၀၆)ကို အသစ်ပြန်လည်ရေးဆွဲရန် ဆောင်ရွက်လျက်ရှိပါသည်။
- ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ပညာရေးဝန်ကြီးဌာနအပါအဝင် နီးနွယ်ဌာနများ၊ အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆွေးနွေးမှုများဖြင့် ငါးနှစ်တာလုပ်ငန်းစီမံကိန်းကို ရေးဆွဲရန် ဆောင်ရွက်လျက်ရှိပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ Article 5.3 အရ ပြည်သူ့ကျန်းမာရေးဆိုင်ရာမူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များက ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင်ရန်နှင့် အနှောင့်အယှက်မပေးနိုင်ရန် ရည်ရွယ်၍ ဆေးလိပ်နှင့် ဆေးရွက်ကြီး လုပ်ငန်းရှင်များနှင့် ဆက်ဆံရာတွင် နိုင်ငံ့ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်စည်းကမ်းကို ရေးဆွဲထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။
- လူငယ်၊ လူရွယ်များနှင့် ဝင်ငွေနည်းပါးသော ပြည်သူများ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို လက်လှမ်းမမီစေခြင်းဖြင့် သုံးစွဲမှုလျှော့ချရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအပေါ် ကောက်ခံသည့် အခွန်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပြုထားသည့်နှုန်းထားအတိုင်း ကောက်ခံရန်နှင့် ရိုးရှင်းသော အခွန်စည်းကြပ်စနစ်ဖြင့် ကောက်ခံခြင်းအတွက် ရေတို၊ ရေရှည်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။
- ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ (၂၀၀၆)ပါ ရည်ရွယ်ချက်ဖြစ်သော ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင် ထူထောင်ခြင်းဖြင့် အများပြည်သူကို တစ်ဆင့်ခံ ဆေးလိပ်ငွေ့အန္တရာယ်မှ အကာအကွယ်ပေးနိုင်ရန် သင်တန်းပေးခြင်း၊ အသိပေးရှင်းလင်းခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများအဖြစ် သတ်မှတ်ဆောင်ရွက်ခြင်း၊ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များနှင့် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်များကို ဆေးလိပ်ငွေ့ကင်းစင်တက္ကသိုလ်များအဖြစ် ထူထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် ဖြစ်ပွားနိုင်သည့်ရောဂါများ**

ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးနှင့် နီကိုတင်းပါသည့်ပစ္စည်းများ သုံးစွဲခြင်းတို့ကြောင့် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်ကို ပြောင်းလဲစေခြင်း၊ အမှုန်များကို ထုတ်ပစ်သည့် အသက်ရှူလမ်းကြောင်းရှိ အမွေးကလေးများကို ပျက်စီးစေခြင်း၊ ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို ဆွပေးခြင်း၊ ဆဲလ်ကလပ်စီးများကို ပျက်စီးစေခြင်း၊ မျိုးရိုးဗီဇကို ပြောင်းလဲစေခြင်း၊ ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်စေခြင်း၊ သွေးကြောများကိုမာ၍ ကျဉ်းစေပြီး ခန္ဓာကိုယ်အနှံ့ ရောဂါများ ဖြစ်ပွားစေခြင်း၊ မီးခိုးတွင် ပါဝင်သောဓာတ်များသည် ခံတွင်း၊ လေပြွန်၊ အဆုတ်၊ သွေးမှတစ်ဆင့် ခန္ဓာကိုယ်အနှံ့၊ ထိုမှ ဆီးအထိ ပျံ့နှံ့သွားခြင်း စသည့်ဖြစ်စဉ်များဖြစ်စေသည်။ ဖော်ပြပါဖြစ်စဉ်များကြောင့် ခန္ဓာကိုယ်အနှံ့ ရောဂါများ ဖြစ်ပွားနိုင်သည့်အပြင် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများကို ကာလကြာရှည်စွာသုံးစွဲခြင်းဖြင့် သုံးစွဲသူများ၏ ထက်ဝက်နီးပါးကို အရွယ်မတိုင်မီ အသက်ဆုံးရှုံးစေပါသည်။ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကြောင့် အဆုတ်ကင်ဆာဖြစ်ပွားနိုင်ခြေ အဆ ၃၀ မှ ၄၀ အထိ မြင့်တက်စေပါသည်။


*စာမျက်နှာ ၉ သို့*

**"လူငယ်လူရွယ်များကို ဆေးလိပ်သောက်ခြင်း၊ အစားထိုးပစ္စည်းသုံးစွဲခြင်းတို့မှ ကာကွယ်တားဆီးပေးနိုင်ရန် အကြောင်းတရား အရင်းအမြစ်များဖြစ်သည့် ဆေးလိပ်ကုမ္ပဏီကြီးများက နည်းမျိုးစုံဖြင့်ပံ့ပိုးမှုကို ပိတ်ပင်ခြင်း၊ အမြတ်ခွန်များ ပိုမို စည်းကြပ်ခြင်း၊ ဆေးလိပ်တန်ဖိုးကို တိုးမြှင့်သတ်မှတ်ခြင်း၊ ၁၈ နှစ်အောက် ကလေးငယ်များအား ဆေးလိပ်ရောင်းချပေးခြင်းမှ တားမြစ်ခြင်း၊ နိုင်ငံခြားမှတင်သွင်းမှု လျှော့ချခြင်းနှင့် လုံးဝပိတ်ပင်ခြင်း၊ ပစ္စည်းအသစ်များ တင်သွင်းခြင်းကို ပိတ်ပင်တားဆီးခြင်း၊ ဆေးလိပ်ကြော်ငြာများကို တားဆီးခြင်း၊ ဆေးလိပ်ဆိုးကျိုးများကို အများပြည်သူနှင့် အထူးသဖြင့် လူငယ်လူရွယ်လေးများ နားလည်သဘောပေါက်သိရှိစေရန် စဉ်ဆက်မပြတ်ရှုထောင့်အမျိုးမျိုးမှ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျောင်းသားအရွယ်လူငယ်များ လမ်းမှားသို့ မရောက်မိစေရန်နှင့် လမ်းမှန်ရွေးချယ်မိစေရန် လမ်းညွှန်မှုနှင့် နှစ်သိမ့်အကြံပေးဆွေးနွေးမှုများပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် တားဆီးရမည်ဖြစ်"**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး


ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း


ဒုတိယဝန်ကြီး ဦးလှကျော်


ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်

နေပြည်တော် မေ ၂၉

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်က ပြည်ထောင်စုလွှတ်တော် အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီအဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက် ရယူသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက က ပြည်ထောင်စု လွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာ – ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတားတည်ဆောက်ရေး စီမံကိန်းတိုးချဲ့ရန် ကိုရီးယားသမ္မတနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ(EDCF) ထံမှ အမေရိကန်ဒေါ်လာသန်း ၂၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

## မြန်မာ – ကိုရီးယားချစ်ကြည်ရေး ဒလတံတားကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် အချိန်မီပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ

ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက တံတားကြီးတည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဒလမြို့သစ်စီမံကိန်းနှင့် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသ ဖွံ့ဖြိုးရေးအတွက် အရေးပါသည့် တံတားကြီးဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုပါ ဒလတံတားမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးသို့လည်း ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးလမ်းမှတစ်ဆင့် အလွယ်တကူသွားလာနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ – ကိုရီးယားချစ်ကြည်ရေး ဒလတံတားကို ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် အချိန်မီပြီးစီးနိုင်ရေးအတွက် တည်ဆောက်ရေး လုပ်ငန်းများအား ဟန်ချက်ညီညီ နေ့၊ ညမပျက် အချိန်ပြည့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ရေလမ်းကင်းလွတ်အကျယ် တိုးချဲ့တည်ဆောက်ရေးအတွက် လိုအပ်သည့် အမေရိကန်ဒေါ်လာ သန်း ၂၀ ကို EDCF ထံမှ ချေးယူမည့်ကိစ္စအား ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေရယူမည့်ကိစ္စကို လွှတ်တော်က အတည်ပြုပြီးသည့်အခါတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အနေဖြင့် ချေးငွေစာချုပ် ချုပ်ဆိုရန်အတွက် EDCF နှင့် ညှိနှိုင်းခြင်း၊ စာချုပ်လက်မှတ်ရေးထိုးခြင်း၊ စာချုပ်အသက်ဝင်ရန် ဆောင်ရွက်ခြင်း၊ သတ်မှတ်ချိန်အတိုင်း ချေးငွေထုတ်ယူရရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း စသည့် လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှု၊ တိုးတက်မှု၊ အခြေအနေကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပုံမှန်အစီရင်ခံတင်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒလတံတားစီမံကိန်းအတွက် ထပ်မံလိုအပ်သည့် အမေရိကန်ဒေါ်လာ သန်း ၂၀ ကို ကိုရီးယားသမ္မတနိုင်ငံ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) ထံမှ ရယူနိုင်ရေးကိစ္စအပေါ်တွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက က အဆိုပါ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အီလက်ထရောနစ် စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်း စီမံကိန်းအတွက် ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ အတိုးမဲ့ချေးငွေ ယူရို ၃၃ သန်း ရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

## အီလက်ထရောနစ် စနစ်ဖြင့် လူဦးရေ မှတ်ပုံတင်ခြင်းစီမံကိန်းသည် နိုင်ငံတော်၏ ပထမဆုံးလုပ်ငန်းဖြစ်

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယင်းအီလက်ထရောနစ် စနစ်ဖြင့် လူဦးရေ မှတ်ပုံတင်ခြင်းစီမံကိန်းသည် နိုင်ငံတော်၏ ပထမဆုံးလုပ်ငန်း ဖြစ်ပါကြောင်း၊ လုပ်ငန်း ပမာဏကြီးမားသည့် နည်းပညာအသုံးပြုဆောင်ရွက်ရမည့် စီမံချက်တစ်ခုလည်း ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် အဆိုပါစနစ်ကို စတင်ကျင့်သုံးနေသည်မှာ ၁၀ စုနှစ်များစွာ ရှိနေပြီဖြစ်ပါကြောင်း၊ ယခုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် နေရာတွင်လည်း အခက်အခဲများ၊ အားနည်းချက်များ တွေ့ကြုံနိုင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့နယ်မြေများတွင် ယင်းလုပ်ငန်းဆောင်ရွက်သည့်အခါ လမ်းညွှန်ဦးဆောင်ပြီး ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထို့ပြင် ယင်းလုပ်ငန်းအောင်မြင်ရေးအတွက် အချိန်ပြည့် e – ID စနစ်လုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီကို အကြံဉာဏ်များပေးနိုင်ပါကြောင်းနှင့် သိရှိလိုသည့် အချက်များကိုလည်း မိမိတို့အနေဖြင့် အသေးစိတ်ရှင်းလင်းတင်ပြပေးမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးယူမည့် ယူရို ၃၃ သန်းကိစ္စကို အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လွှတ်တော်က အတည်ပြုပြီးသည့်အခါတွင် ချေးငွေစာချုပ် ချုပ်ဆိုရန်အတွက် ဩစတြီးယားနိုင်ငံ Unicredit Bankနှင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းတွင်ပါဝင်သည့် အဆင့်များအလိုက် ချေးငွေထုတ်ယူသုံးစွဲနိုင်ရန်လည်း ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ချေးငွေနှင့်ပတ်သက်၍ ပုံမှန်အစီရင်ခံတင်ပြသွားရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက က အဆိုပါချေးငွေ ရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးလှကျော် က ယခုစီမံကိန်းကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုခွင့်ပြုမှုရရှိပြီးသည်နှင့် စီမံကိန်းအကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းအစီအမံများကို ဆက်လက်ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ချေးငွေပေးမည့်အဖွဲ့အစည်း၏ ဇွန်လတွင်ကျင်းပမည့် ရန်ပုံငွေဆိုင်ရာ ဘုတ်အဖွဲ့အစည်းအဝေးမှ အတည်ပြုမှုရရှိသည်နှင့် တစ်ပြိုင်နက် လုပ်ငန်းစဉ်အရ ချေးငွေစာချုပ်ကို လက်မှတ်ရေးထိုးပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှုတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များ အကြံပြုချက်နှင့်အညီ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် စီမံကိန်းကြီးကြပ်ကွပ်ကဲမှုအဖွဲ့များ၊ အကောင်အထည်ဖော်မည့်အဖွဲ့များကို ဖွဲ့စည်းပြီး မိမိတို့ဌာနဆိုင်ရာများ၊ ဒေသအလိုက်လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နှစ်အလိုက် ဆောင်ရွက်သွားမည့် အသေးစိတ် Work Plan များနှင့်အညီ ချေးငွေကို ထိရောက်စွာ သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးငွေရယူရေး အပေါ်တွင် ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ချေးငွေကို လွှတ်တော်မှ အတည်ပြုပြီးသည့်အခါတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ချေးငွေစာချုပ်ချုပ်ဆိုရန် ကမ္ဘာ့ဘဏ်နှင့်ဆက်လက်ညှိနှိုင်း ဆောင်ရွက်မည်ဖြစ်ပြီး ချေးငွေများသတ်မှတ်ချိန်အတိုင်း ထုတ်ယူရရှိစေရန်လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ချေးငွေနှင့် ပတ်သက်သည့် အစီရင်ခံစာများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပုံမှန်တင်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးငွေအပေါ်တွင် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က အဆိုပါချေးငွေ ရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

## မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာစီမံကိန်းနှင့် COVID – 19 ကဲ့သို့သော ကမ္ဘာ့ ကူးစက်မြန်ရောဂါများ ကုသရေး ဝန်ဆောင်မှု အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရန် အာရှဖွံ့ဖြိုး ရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာသန်း ၃၀ ချေးငွေ ရယူရေးနှင့် စပ်လျဉ်း၍လွှတ်တော်က အတည်ပြု

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မဲခေါင်မြစ်ဝှမ်းဒေသ ကျန်းမာရေးလုံခြုံမှုဆိုင်ရာစီမံကိန်းနှင့် COVID – 19 ကဲ့သို့သော ကမ္ဘာ့ ကူးစက်မြန်ရောဂါများ ကုသရေးဝန်ဆောင်မှု အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာသန်း ၃၀ ချေးငွေ ရယူရေးနှင့် စပ်လျဉ်း၍ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ လွိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူနှင့် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ တို့က ဆွေးနွေးကြသည်။

အဆိုပါ ချေးငွေနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက က အဆိုပါ ချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူကြောင်းကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက က လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ပြီးစီးပြီ ဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်း COVID – 19 ရောဂါဖြစ်ပွားချိန်တွင် ပြုလုပ်ရသည့် အစည်းအဝေးကာလ နှစ်ပတ်အတွင်း လွှတ်တော်ဆိုင်ရာ လုပ်ငန်းများထိုက်သင့်သလောက် ပြီးစီးအောင် ပူးပေါင်းပါဝင်ပေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထောက်အကူပြု ဝန်ထမ်းများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်း

**၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်**
**ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**
**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။)**
**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၈ ရက်**
**( ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

**အခန်း (၂)**
**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း**

၂။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့နှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၈) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ဇယား(၁)
ကျပ်သန်းပေါင်း

| အမှတ်စဉ် | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ ထုတ်ချေးငွေ | ကြွေးမြီ ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၃၀၂.၁၀၀ | | | ၂,၁၈၇.၃၃၉ | | | | | ၂,၄၈၉.၄၃၉ |
| ၂ | ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက ကတာဝန်ပေးသူ | ၂၈.၄၄၃ | | | ၁၀၉.၈၈၈ | | | | | ၁၃၈.၃၃၁ |
| ၃ | ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၄၃.၃၇၉ | | | ၆၇၄.၃၂၉ | | | | | ၈၁၇.၇၀၈ |
| ၄ | ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက တာဝန်ပေးသူ | ၈.၂၅၅ | | | | | | | | ၈.၂၅၅ |
| ၅ | ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | ၃၃.၈၈၈ | | | | | | | | ၃၃.၈၈၈ |
| ၆ | ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | | ၁၅၁.၃၆၁ | | | | | ၁၅၁.၃၆၁ |
| ၇ | ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၇၆.၃၂၆ | | | | | | | | ၁၇၆.၃၂၆ |
| | | ပေါင်း | | ၆၉၂.၃၉၁ | | | ၃,၁၂၂.၉၁၇ | | | | | ၃,၈၁၅.၃၀၈ |

ဆက်လက်ဖော်ပြပါမည်

---

# တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**
**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ရက်**
**(၂၀၂၀ ပြည့်နှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တရားမကျင့်ထုံးဥပဒေ၌ ပယ်ဖျက်ထားသော ပုဒ်မ ၈၉ ၏ နောက်တွင် ပုဒ်မ ၈၉ – က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

" MEDIATION

89 – A

(1) The Court may make mediation to a dispute in the case which has civil nature pursuant to this section.

(2) The Court may refer the following cases for settlement through mediation:

(a) cases which are prescribed by the law or by notification issued by the Supreme Court of the Union to mediate and;

(b) cases in which the parties wish to go for mediation voluntarily.

(3) The proceeding of the mediation shall be confidential. Any communication, statement and admission made during the mediation shall not be admissible in any subsequent hearing of the same suit or any other proceeding.

(4) Where the parties to the mediation reach an agreement in order to settle the dispute, the Court shall verify the agreement and application of the parties, and pass an order or a decree as it thinks fit in accordance with the relevant provision of the Civil Procedure Code.

(5) The Supreme Court of the Union may issue rules, regulations, by-law, notifications, orders, directives, procedures and manuals, relating to mediation under this section as may be necessary.

Explanation – Mediation in this section is a dispute resolution process involving a mediator assigned by the Court who facilitate the parties to reach a mutually agreeable solution."

# ဇူလိုင်လတွင် စာသင်ကျောင်းများ ပြန်ဖွင့်မည့်အပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**ဇူလိုင်လတွင် စာသင်ကျောင်းများ ပြန်ဖွင့်မည့်အပေါ်**
**မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်**
**သတင်းထုတ်ပြန်ချက်အမှတ်(၅/၂၀၂၀)**

၁။ မြန်မာနိုင်ငံတွင် COVID–19 ကူးစက်ခံရသည့် ပထမဆုံးလူနာကို စတင်တွေ့ရှိခဲ့ချိန်မှစ၍ Coronarvirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့သည် ကိုရိုနာဗိုင်းရပ်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရန် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်လမ်းညွှန်မှုအပေါ် ပြည်သူလူထု၏ ယုံကြည်မှုအပြည့်အဝရှိခြင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကထုတ်ပြန်သည့် လက်တွေ့ကျသည့် အမိန့်နှင့်ညွှန်ကြားချက်များကြောင့် ပြည်သူလူထုအနေဖြင့် အဆိုပါအမိန့်၊ ညွှန်ကြားချက်များကို တိတိကျကျ လေးစားလိုက်နာမှုရှိခဲ့ပါသည်။ သို့ဖြစ်၍ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် အကန့်အသတ်များစွာ ရှိသော်လည်း ကူးစက်မြန်ကပ်ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် ယခုအချိန်အထိ ကျေနပ်အားရဖွယ်ရာ အောင်မြင်ဖြစ်ထွန်းမှုများစွာကို ရရှိစေခဲ့ပါသည်။ ဤသို့သော အောင်မြင်ဖြစ်ထွန်းမှုများက ပြည်သူလူထု ပြည့်ပြည့်ဝဝပူးပေါင်းပါဝင်ခြင်းအားဖြင့် အားကောင်းခိုင်မာလာသော ထူးခြားပြောင်မြောက်လှသည့် ခေါင်းဆောင်မှုဆိုင်ရာ အောင်မြင်မှုဖြစ်စဉ်တစ်ရပ်ကို ဖော်ပြနေပေသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆ တွင် "လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်"ဟု ဖော်ပြထားပါသည်။ COVID–19 ကြောင့် ကမ္ဘာ့တစ်ဝှမ်းလုံးရှိ ကလေးငယ် ၁ ဒသမ ၅ ဘီလီယံကျော်၏ ပညာသင်ယူခွင့် ဆုံးရှုံးလျက်ရှိကြောင်း လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်း ကျောင်းများ ကာလတာရှည်ပိတ်ထားသည့်အပေါ် ကော်မရှင်အနေဖြင့် များစွာစိုးရိမ်ပူပန်မိပါသည်။ မျှော်မှန်းထားသည်ထက် ပိုမိုကြာရှည်စွာ ကျောင်းများကို ပိတ်ထားမည်ဆိုပါက ပညာသင်ယူခွင့် အခွင့်အရေးကိုသာမက ကလေးငယ်များ၏ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့ကိုပါ ထိခိုက်လာနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် ကလေးငယ်များကို နေအိမ်တွင်း၌ ကာလတာရှည်စွာ ကန့်သတ်ထားရှိခြင်းဖြင့် ကလေးငယ်များအပေါ် အကြမ်းဖက်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှုများကဲ့သို့သော အန္တရာယ်များနှင့် ကြုံတွေ့ရနိုင်ပါသည်။

၃။ အခြေခံပညာအထက်တန်းကျောင်းများကို ဇူလိုင်လ ၂၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပြီး နောက်ထပ် သီတင်းနှစ်ပတ်အကြာတွင် အခြေခံပညာအလယ်တန်းနှင့် မူလတန်းကျောင်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မေလ ၂၇ ရက်နေ့က ကြားသိရသည့်အတွက် ကော်မရှင်အနေဖြင့် ကျေနပ်အားရမိပါသည်။ အဆိုပါအစီအမံများကို တိုင်းပြည်၏ ရောဂါတိုက်ဖျက်ရေး၌ အဆိုးဆုံးကြုံတွေ့နေရသည့် အခြေအနေတွင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းအစီအမံများအပေါ် စိုးရိမ်ပူပန်မှုများရှိနေကြောင်းကို အထူးသဖြင့် ကျောင်းသားမိဘများက ကျိုးကြောင်းတကျ ထုတ်ဖော်ပြောဆိုမှုများရှိနေပြီး ဆရာ၊ ဆရာမများကပင် စိုးရိမ်ပူပန်မှုများ ရှိကြောင်း ပြောဆိုခဲ့ကြပါသည်။ ယင်းသို့သော စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများမှာ မျိုးစုံဖြစ်နေပါသည်။ အကြောင်းရင်းတစ်ရပ်မှာ အရွယ်ရောက်ပြီးသူများနှင့် နှိုင်းစာပါက ကလေးများအနေဖြင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စာသင်ကျောင်းများတွင် တစ်ချိန်လုံး ပြုမူနေထိုင်ရန်ဆိုသည်မှာ ကလေးများ၏သဘာဝအရ မျှော်လင့်၍ ရနိုင်မည် မဟုတ်ပေ။ အခြားအကြောင်းရင်းတစ်ရပ်မှာ စာသင်ခန်းအကျယ်အဝန်းများသည် နေရာအကန့်အသတ်နှင့်သာ ရှိနေသည်ဖြစ်ရာ ကလေးငယ်များအကြား ခပ်ခွာခွာနေထိုင်ရေးအတွက် စီစဉ်ရာတွင် နောက်ထပ်အခက်အခဲတစ်ရပ်ရှိနေခြင်းဖြစ်သည်။ ထို့ပြင် စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူအရေအတွက် များပြားလှသောကြောင့် ရောဂါကူးစက်မှုတစ်ခု ဖြစ်ပွားချိန်တွင် ရောဂါပျံ့နှံ့မှုကို တားဆီးရန်အတွက် ကိုင်တွယ်ရခက်ခဲစေမည့် အချက်ဖြစ်သည်။ ပို၍ နိုင်နိုင်နင်းနင်းရှိသော ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အခက်အခဲများရှိကြောင်း ကြားသိနေရခြင်းမှာလည်း အရေးပါသည့်အကြောင်းရင်းတစ်ချက်ဖြစ်သည်။ ၎င်းအပြင် ကျောင်းနေကလေးငယ်များတွင် တစ်ဦးနှင့်တစ်ဦး တုပ်ကွေးရောဂါကူးစက်မှုများ နှစ်စဉ်ဖြစ်ပွားလျက်ရှိသည်။

၄။ ကူးစက်ရောဂါကို ထိန်းချုပ်နိုင်ပြီးနောက်ပိုင်းမှသာ ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် မိဘများက ဆန္ဒရှိကြပါသည်။ သို့ရာတွင် အဆိုပါအခြေအနေသို့ ရောက်ရှိရေးမှာ မျှော်မှန်းရခက်ခဲနေဦးမည်ဖြစ်ပြီး မည်သို့မျှ ကြိုတင်မှန်းဆ၍ မရနိုင်သည့် အခြေအနေတစ်ခုသို့ရောက်မှ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆုံးဖြတ်ချက်ကို ဆုပ်ကိုင်ထားခြင်းက ကျောင်းသား ကျောင်းသူများကို ရေရှည်အကျိုးဖြစ်စေမည် မဟုတ်ပေ။ သို့ဖြစ်၍ စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့်အစီအစဉ်များကို စေ့စပ်သေချာစွာ အသေးစိတ် စဉ်းစားသုံးသပ်ကာ ချမှတ်ဖော်ဆောင်ပြီးနောက် စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန်သာ ဆောင်ရွက်ရတော့မည် ဖြစ်ပါသည်။ အစိုးရအနေဖြင့် ရှေ့ဆက်ဆောင်ရွက်ရန်စီစဉ်ထားသည်များကို အသိပေးခြင်းဖြင့် မိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ စိုးရိမ်ပူပန်မှုများကို လျှော့နည်းစေနိုင်မည် ဖြစ်ပါသည်။ ကျောင်း ကြို/ပို့ ယာဉ် ကိုယ်ပိုင်မရှိသော ကလေးငယ်များ၊ မသန်စွမ်းကလေးငယ်များ၊ တိုင်းရင်းသားလူမျိုးစုနယ်မြေများနှင့် သွားရေးလာရေး ခက်ခဲသောဒေသများရှိ နုနယ်သော ကျောင်းသားကလေးငယ်များ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်အတွက် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်မှုများက ကျယ်ကျယ်ပြန့်ပြန့်နှင့် လုံလောက်မှု ရှိလိမ့်မည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါသည်။

၅။ နှာခေါင်းစည်း မျက်နှာဖုံးတပ်ခြင်း၊ သတ်မှတ်အကွာအဝေးတွင် ထိုင်စေခြင်း၊ လက်ဆေးခြင်းနှင့် ကိုယ်ပူချိန်တိုင်းတာခြင်းတို့ကို ဆရာ၊ ဆရာမများနှင့် ကျောင်းတာဝန်ရှိသူများက သေချာစွာဆောင်ရွက်လိမ့်မည်ဟု ကော်မရှင်အနေဖြင့် ယုံကြည်စိတ်ချသော်လည်း ရောဂါကူးစက်ခံရမှုကို အစောဆုံး သိရှိရေးမှာလည်း အရေးကြီးသည်ဟု မှတ်ယူပါသည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အောက်ပါအတိုင်း အကြံပြုတိုက်တွန်းအပ်ပါသည်–

"ပြန်လည်ဖွင့်လှစ်မည့် ကျောင်းတိုင်းတွင် သင့်တော်သည့် ရာထူးအဆင့်ရှိသည့် ကျန်းမာရေးဝန်ထမ်းများကို လက်တွေ့လိုအပ်သည့်အရေအတွက်အထိ တရားဝင်တာဝန်ပေးခန့်အပ်ရေးကို ချမှတ်ရန်ရည်ရွယ်ထားသည့် စည်းမျဉ်းစည်းကမ်းများတွင် ထည့်သွင်းပြဋ္ဌာန်းပေးရန်။ အဆိုပါ ဝန်ထမ်းများအတွက် အောက်ဖော်ပြပါ အဓိကတာဝန်ဝတ္တရားများ ထည့်သွင်းပြဋ္ဌာန်းပေးရန်–

(က) စာသင်ခန်းများအတွင်းရှိ ကျောင်းသား ကျောင်းသူများ၏ အခြေအနေကို ကျောင်းတာဝန်ရှိသူများနှင့်အတူ စောင့်ကြည့်လေ့လာရန်၊
(ခ) ကျောင်းသား ကျောင်းသူများတွင် COVID–19 ရောဂါလက္ခဏာများ စစ်ဆေးတွေ့ရှိပါက အဆိုပါ သံသယလူနာကလေးကို အခြားကလေးများနှင့် သီးခြားခွဲထားကာ မိဘများထံ အကြောင်းကြားရန် ချက်ချင်းဆောင်ရွက်ပြီး ယင်းကလေးငယ်ကို အသွားအလာကန့်သတ်ထားရှိ၍ စောင့်ကြည့်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊
(ဂ) ရောဂါကူးစက်ခံရသည့် ကလေးငယ်၊ သက်ဆိုင်သည့်မိသားစုနှင့် အခြားကလေးငယ်များအတွက် နှစ်သိမ့်ဆွေးနွေး ပညာပေးမှုများပြုလုပ်ရန်အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရန်၊
(ဃ) အခြားလိုအပ်ချက်များကို ထပ်မံဆောင်ရွက်နိုင်ရေးအတွက် စာသင်ခန်းအတွင်းရှိ အခြားကလေးများနှင့် သံသယရှိသည့် ကလေးငယ်တို့ကြား ထိတွေ့မှုကို ခြေရာခံနိုင်ရေးဆောင်ရွက်ရန်၊
(င) ရောဂါထပ်ဆင့်ပြန့်ပွားမှု မရှိစေရေးအတွက် ကျောင်းတာဝန်ရှိသူများ၏ အကူအညီကိုရယူလျက် သံသယလူနာ ကလေးငယ်၏ မိသားစုနှင့် ညှိနှိုင်းဆောင်ရွက်ရန်။"

၆။ လက်ရှိအချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဝန်နှင့်အားမမျှသည့် လူ့စွမ်းအားအရင်းအမြစ်အခြေအနေကို ကော်မရှင်အနေဖြင့် သတိပြုမိသော်လည်း COVID–19လက္ခဏာများကို ဆောလျင်စွာ စစ်ဆေးသိရှိပြီး လိုအပ်သည်များကို လျင်မြန်စွာဆောင်ရွက်နိုင်ရန် သင့်တော်သည့် ရာထူးအဆင့်ရှိသော ကျန်းမာရေးဝန်ထမ်းများကို ကျောင်းများတွင် တရားဝင်ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ကျောင်းပြန်ဖွင့်ချိန်တွင် ကျင့်သုံးဆောင်ရွက်မည့် စည်းမျဉ်းများထဲ၌ ထည့်သွင်းချမှတ်သွားမည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက်

---

*စာမျက်နှာ ၆ မှ*

တစ်ဆင့်ခံ ဆေးလိပ်ငွေ့သည် နှလုံးရောဂါဖြစ်ပွားနိုင်ခြေကိုလည်း ၂၅ ဆမှ အဆ ၃၀ အထိ မြင့်မားလာစေပါသည်။ အန္တရာယ်ကင်းသော စိတ်ချရသော ဆေးလိပ်၊ ဆေးရွက်ကြီးဟူ၍မရှိပါ။

ဖော်ပြပါဖြစ်စဉ်များကြောင့် ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့် ဆေးပါသော ကွမ်းစားခြင်းတို့ကြောင့် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး၊ နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ရုတ်တရက်နှလုံးခုန်ရပ်ခြင်း၊ ပြင်းထန်သည့် သွေးတိုးရောဂါ၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ အဆုတ်ပွန်ရောင်ခြင်း၊ နာတာရှည်အဆုတ်ရောဂါ စသည့်ရောဂါများအပြင်၊ ခြေပုပ်လက်ပုပ်ရောဂါကြောင့် ခြေ၊ လက်ဖြတ်ပစ်ရခြင်း၊ အမျိုးသားများတွင် ပန်းသေ/ပန်းညှိုးရောဂါ၊ အိမ်ထောင်ရေးသုခအပြည့်အဝ မခံစားနိုင်ခြင်း စသည်တို့ ခံစားရနိုင်ပါသည်။

ကိုယ်ဝန်ဆောင်မိခင်များတွင် ဖော်ပြခဲ့သည့် ရောဂါများအပြင် သားပျက်သားလျှောခြင်း (ကိုယ်ဝန်ပျက်ခြင်း)၊ ကလေးအသေမွေးဖွားခြင်း၊ လမစေ့/ပေါင်မပြည့်ကလေး မွေးဖွားခြင်း၊ မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းချက် ပါလာခြင်း၊ မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်နိုင်ပါသည်။ ဆေးလိပ်ငွေ့ကိုရှူရှိုက်ရသည့် လသားကလေးများ အိပ်နေစဉ် ရုတ်တရက်သေဆုံးခြင်း၊ နာတာရှည် အဆုတ်ရောဂါဖြစ်ခြင်း၊ ကလေးငယ်များ ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ နားပြည်ယိုခြင်းများပိုဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားစေပါသည်။ လူငယ်လူရွယ်များ အရွယ်နှင့် မလိုက်အောင် အိုမင်းရင့်ရော်စေခြင်း၊ အရွယ်ကျစေခြင်း၊ အမောမခံနိုင်၍ အားကစားစွမ်းရည် လျော့နည်းစေခြင်းများ ဖြစ်နိုင်ပါသည်။

**ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် စီးပွားရေးထိခိုက်ပျက်စီးမှု**

ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေးအရ နှစ်စဉ် မြန်မာကျပ်ငွေ ၂ ဒသမ ၆ ထရီလီယံ ဆုံးရှုံးခဲ့ရပြီး ထိုပမာဏသည် ၂၀၁၆ ခုနှစ် GDP ၏ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း ၂၀၁၈ ခုနှစ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပြုလုပ်ခဲ့သည့် "Investment Case for Tobacco Control in Myanmar" လေ့လာမှုစစ်တမ်းအရ သိရှိရပါသည်။ ဝင်ငွေနည်းပါးသော မိသားစုများသည် ဝင်ငွေများသော မိသားစုများထက် ဆေးလိပ်၊ ဆေးရွက်ကြီးကို ပိုမိုသုံးစွဲကြပြီး၊ မိသားစုကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ထိခိုက်ပျက်စီးမှုများ ပိုမိုများပြားကြောင်း အဆိုပါသုတေသနရလဒ်အရ သိရှိရပါသည်။

**ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု**

ကမ္ဘာပေါ်တွင် နှစ်စဉ်သစ်တောပြုန်းတီးမှု၏ ငါးရာခိုင်နှုန်းသည် ဆေးရွက်ကြီး စိုက်ပျိုးထုတ်လုပ်မှုကြောင့်ဖြစ်ပါသည်။ ၄ ဒသမ ၅ ထရီလီယံ ပမာဏရှိသော ဆေးလိပ်တိုများကို နှစ်စဉ်စွန့်ပစ်လျက်ရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေနေသတ္တဝါများ၏ အသက်ရှင်ရပ်တည်ရေးကို ခြိမ်းခြောက်လျက်ရှိပါသည်။

**ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် ကျန်းမာရေးပြဿနာ**

ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ ၈ သန်းသည် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် နှလုံးရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ လေဖြတ်လေငန်းရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုး အစရှိသည့် ရောဂါများကြောင့် အရွယ်မတိုင်မီ စောစီးစွာ သေဆုံးလျက်ရှိပြီး ထိုအထဲမှ လူပေါင်း(၁)သန်းသည် တစ်ပါးသူ၏ ဆေးလိပ်ငွေ့ကြောင့် ရောဂါများဖြစ်ပွားပြီး အရွယ်မတိုင်မီ သေဆုံးလျက်ရှိကြောင်းနှင့် အများစုသည် အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြောင်းတွေ့ရပါသည်။ Global Burden of Disease ၂၀၁၆ အရ မြန်မာနိုင်ငံတွင် နှစ်စဉ် လူပေါင်း ၆၄,၀၀၀ ခန့်သည် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ရောဂါမျိုးစုံဖြစ်ပွားကာ သေဆုံးလျက်ရှိကြောင်း၊ Hospital Statistics Reports ၂၀၁၆ အရ ဆေးရုံတက်လူနာ ၄၂ ရာခိုင်နှုန်းနှင့် ဆေးရုံတက်ရောက်ပြီး သေဆုံးသူလူနာ ၅၁ ရာခိုင်နှုန်းသည်လည်း အထက်ဖော်ပြပါ ရောဂါများကြောင့် သေဆုံးခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အန္တရာယ်ကြီးမားပြီး ကျန်းမာရေးအတွက်သာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေခြင်းများကို များစွာဖြစ်စေသည့် ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်မှ မြန်မာနိုင်ငံကို ကာကွယ်တားဆီးနိုင်ရန် လူငယ်လူရွယ်များကစပြီး ပြည်သူလူထုမှ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းများ မပြုလုပ်ခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါစို့ဟု ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် တိုက်တွန်းလိုက်ရပါသည်။

**ဒေါက်တာကျော်ကံကောင်း၊ ညွှန်ကြားရေးမှူး၊**
**ဒေါက်တာမြလေးနွယ်၊ ဒုတိယညွှန်ကြားရေးမှူး၊**
**(မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဌာနခွဲ၊**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန)**

---

## မင်းတပ်မြို့နယ်ရှိ ဒေသခံပြည်သူများသို့ နှာခေါင်းစည်းများ အခမဲ့ပေးအပ်

**မင်းတပ် မေ ၂၉–** ချင်းပြည်နယ် မင်းတပ်မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၄၆ အုပ်စုရှိ အိမ်ထောင်စုတိုင်းအတွက် အလှူရှင်များက နှာခေါင်းစည်းများကို ယမန်နေ့ နံနက်ပိုင်းက မင်းတပ်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။

မင်းတပ်မြို့နယ်ရှိ အလှူရှင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ပူးပေါင်း၍ နှာခေါင်းစည်း စုစုပေါင်း ၄၈၇၅၁ ခု လှူဒါန်းခြင်းဖြစ်ပြီး အဆိုပါ နှာခေါင်းစည်းများမှာ ပြန်သုံး၍ရသော နှာခေါင်းစည်းများဖြစ်ကြောင်း သိရသည်။

**ခွီရှိန်းမောင်း(ခရိုင်ပြန်/ဆက်)**

# နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၉

ဥတ္တရသီရိမြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာ ရာဇဓာနီ သာသနာ့ဗဟိုကျောင်း သာမဏေကျော်ကျောင်းတိုက် ရတနာသိဒ္ဓိကျောင်းဆောင်၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မဏိဇောတိက ကျွဲရှင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဒုမ အမှူးပြုသော ဆရာတော်ကြီးငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် မဏိဇောတိက ကျွဲရှင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဒုမထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ရတနသုတ်၊ မေတ္တာသုတ်၊ ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုတော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော် ဥတ္တရသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရာဇဓာနီ သာမဏေကျော်ကျောင်းတိုက် ပဓာနနာယက၊ ဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တ တေဇောဘာသ ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အနုမောဒနာတရားနာကြားကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆွမ်းဆန်တော်လှူဒါန်းပွဲအခမ်းအနားတွင် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နေစဉ်ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၆၅ ကျောင်းတို့တွင် သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၉၆၀၊ သီလရှင် ၁၃ ပါး၊ စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင် ၉၇၃ ပါးတို့အတွက် ဆွမ်းဆန်တော် အိတ် ၁၉၈ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို “ တို့ကမ္ဘာမြေ ရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီထိန်းသိမ်းကြစို့” ဆောင်ပုဒ်ဖြင့် ကျင်းပမည်

နေပြည်တော် မေ ၂၉

၂၀၂၀ ပြည့်နှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် **Digital Campaign တစ်ရပ်အား “ တို့ကမ္ဘာမြေ ရေရှည်တည်တံ့စေဖို့ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို အချိန်မီ ထိန်းသိမ်းကြစို့ ”** ဆောင်ပုဒ်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် **FM radio လိုင်းမှတစ်ဆင့် ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးခြင်း၊ WED 2020 Quiz (Facebook Live) မေး/ဖြေ တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းနှင့် ဆုချီးမြှင့်ခြင်း အစီအစဉ်တို့အား** ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ ပါဝင်ယှဉ်ပြိုင်နိုင်ပါရန်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website ဖြစ်သော www.ecd.gov.mm နှင့် facebook page (Environmental Conservation Department - ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သိရသည်။

Digital Campaign နှင့်အတူ အမျိုးသားအဆင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု (National Clean and Green School Award) ချီးမြှင့်ခြင်းနှင့် အိမ်တိုင်ရာရောက် ပျိုးပင်များဖြန့်ဝေ၍ သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ်တို့အားလည်း ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ကာလအတွင်း နေရပ်ပြန်နှင့် ကျေးလက်ဒေသနေ အမျိုးသမီးများအား ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စများ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၂၉

**ကိုဗစ်-၁၉ ကာလအတွင်း နေရပ်ပြန်နှင့် ကျေးလက်ဒေသနေ အမျိုးသမီးများအား ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမျိုးသမီးအရေး တက်ကြွစွာဆောင်ရွက်ပေးနေကြသည့် ကော်မတီဝင်အမျိုးသမီးအဖွဲ့အစည်းများနှင့် ယနေ့မွန်းလွဲပိုင်းတွင် Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။**



ကိုဗစ်-၁၉ ကာလအတွင်း နေရပ်ပြန်နှင့် ကျေးလက်ဒေသနေ အမျိုးသမီးများအား ကူညီဆောင်ရွက်ပေးနိုင်ရေးကိစ္စများ Video Con- ference ဖြင့် ညှိနှိုင်းဆွေးနွေးစဉ်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာလအတွင်း မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကို ကျေပွန်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ထိခိုက်လွယ်အုပ်စုများတွင်ပါဝင်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ တိုက်ပွဲရှောင်နှင့် IDP စခန်းနေသူများအတွက်လည်း စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် ၂၀၂၀ ပြည့်နှစ်သည် ပေကျင်း ကြေညာစာတမ်း (၂၅)နှစ်ပြည့်မြောက်သောနှစ်ဖြစ်ပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို စွမ်းစွမ်းတမံ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြမည့်နှစ်ဖြစ်ကြောင်း၊ သို့သော်လည်း ကမ္ဘာတစ်လွှား ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကြောင့် အမျိုးသမီးကဏ္ဍတွင် ရရှိပြီး တိုးတက်မှုများယုတ်လျော့မသွားအောင် ကိုဗစ်-၁၉ ဖြစ်စဉ်နှင့် ယှဉ်တွဲ၍ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ၏ သက်ရောက်မှုနှင့်ပတ်သက်၍ အဆိုးထဲမှ အကောင်းများကို ဖော်ထုတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများသည် အိမ်ထောင်စုများတွင် အရေးပါသည့်ကဏ္ဍတွင် ပါဝင်နေပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများကို ကုစားရာတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုကို အထူးအလေးထား ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့ကော်မတီတွင် ဌာနဆိုင်ရာများအပြင် အမျိုးသမီးအဖွဲ့ ၁၁ ဖွဲ့ ရှိလာပြီဖြစ်ပြီး အဖွဲ့အသီးသီးက စီးပွားရေးဆိုင်ရာကဏ္ဍတွင် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေးကို ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း။

ကိုဗစ်-၁၉ ကာလအတွင်း မိမိတို့နိုင်ငံတွင် အလုပ်လက်မဲ့ဖြစ်သွားသူ နှစ်သိန်းကျော်ရှိသည်ဟု သိရှိရကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာကြသည့်သူများအထဲတွင် ပြန်လည်ထွက်ခွာခြင်း မပြုတော့မည့် အမျိုးသမီးများလည်း ရှိကြောင်း၊ နေရပ်သို့ပြန်လည်ဝင်လာသည့် အမျိုးသမီးများထဲတွင် သူတို့၏ကျွမ်းကျင်မှုအလိုက် အရည်အချင်းများ ပါလာမည်ဖြစ်ကြောင်း၊ ကော်မတီဝင်များအနေဖြင့် အဆိုပါအမျိုးသမီးများအတွက် သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ စဉ်းစားဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း၊ မိမိတို့နိုင်ငံရှိ ကျေးလက်ဒေသနေ အမျိုးသမီးများ၊ မြို့ပေါ်တွင်နေ၍ လှုပ်ရှားရုန်းကန်နေကြသည့် အမျိုးသမီးများအတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အစိုးရက ကူညီနိုင်မည့် အကောင်းဆုံး အစီအစဉ်များကို စိစစ်လျက်ရှိပါကြောင်း၊ ဤကာလတွင် အခက်အခဲများကို ဖြေရှင်းနိုင်ရန် ငွေကြေးထောက်ပံ့ခြင်း၊ အလုပ်အကိုင်ဖော်ဆောင်ရန် ငွေကြေးအရင်းအနှီးစိုက်ထုတ်ပေးခြင်း၊ ရင်းနှီးငွေထုတ်ချေးပေးခြင်းစသည့်နည်းလမ်း တစ်မျိုးမျိုးကို ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ကာလအတွင်း အဆိုပါ အမျိုးသမီးများအတွက် ဆောင်ရွက်ပေးနိုင်မည့် အကောင်းဆုံးနည်းလမ်းများ၊ သုံးစွဲသည့် ငွေကြေးများ အကျိုးရှိစွာလည်ပတ်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးပေးရန် ယနေ့အစည်းအဝေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

### တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ

ထို့နောက် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ အမျိုးသမီးအဖွဲ့များကွန်ရက်၊ စီးပွားရေးလုပ်ငန်းရှင်များ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ ဝိသာခါဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်စသည့်အဖွဲ့များမှ တာဝန်ရှိသူများက အသီးသီးဆွေးနွေးကြရာ နေရပ်ပြန်နှင့် ကျေးလက်ဒေသနေ အမျိုးသမီးများအား အစိုးရနှင့်အတူပူးပေါင်း၍ ကူညီဆောင်ရွက်ပေးရန် အသင့်ရှိသည့်အခြေအနေများ၊ လတ်တလော၊ ရေတိုအလျင်အမြန် ဆောင်ရွက်ပေးနိုင်သည့်ကိစ္စများ၊ ဆက်လက်အကောင်အထည်ဖော်နိုင်မည့် ရေရှည် စီစဉ်ဆောင်ရွက်ပေးနိုင်ရေးကိစ္စများ၊ ဒေသအလိုက် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဖန်တီးပံ့ပိုးကူညီပေးနိုင်ရေး နည်းလမ်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများပေး၍ ရင်းနှီးစိုက်ထုတ်ပေးနိုင်မည့် နည်းလမ်းများ၊ ရွှေ့ပြောင်းစီမံကိန်းဒေသများသတ်မှတ်၍ ဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ လက်ရှိဆောင်ရွက်နေသည့် စီမံချက်အတွေ့အကြုံများ၊ ဈေးကွက်ရှာဖွေပေးရေးကိစ္စများ၊ လိုအပ်သော စစ်တမ်းများ ကောက်ယူနိုင်ရေးကိစ္စများ၊ ကိုဗစ်-၁၉ ကာလအလွန် စဉ်းစားဆောင်ရွက်ရမည့်ကိစ္စများကို တင်ပြဆွေးနွေးခဲ့ကြသည်။

### ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှု

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည် ဆွေးနွေးခဲ့ကြပြီး ကော်မတီဝင်အဖွဲ့များအနေဖြင့် ဆောင်ရွက်စေလိုသည့် စီမံချက်များကို ရေးဆွဲအကြံပြု၍ ဝန်ကြီးဌာနသို့ ပေးပို့နိုင်ရေးတိုက်တွန်းခဲ့သည်။ အစိုးရက ရေးဆွဲဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက် (COVID -19 Economic Relief Plan) အရ ငွေကြေးပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များက အစိုးရနှင့်အတူ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


# ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ သဇင်မြိုင် ရဲကင်းစခန်းအား AA အကြမ်းဖက် သောင်းကျန်းသူများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်

**နေပြည်တော် မေ ၂၉**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ သဇင်မြိုင် ရဲကင်းစခန်းအား AA အကြမ်းဖက်သောင်းကျန်းသူများက ယနေ့ နံနက် ၂ နာရီခန့်တွင် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ မိသားစုဝင် ကလေးတစ်ဦးအပါအဝင် သုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရသေ့တောင်မြို့နယ် သဇင်မြိုင် ရဲကင်းစခန်းရှိ ပင်မစခန်းနေရာအား AA အကြမ်းဖက်သောင်းကျန်းသူ ၁၀၀ ခန့်က စခန်း၏ အနောက်မြောက်ဘက်မှ နံနက် ၂ နာရီ ၁၀ မိနစ်ခန့်တွင် လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြုကာ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ကြောင်း၊ နံနက် ၅ နာရီခန့်တွင် ရဲတပ်ဖွဲ့ဝင်အချို့မှာ ကာကင်းကုန်းစခန်းသို့ သွားရောက်ပူးပေါင်းနိုင်ခဲ့သော်လည်း ရဲတပ်ဖွဲ့ဝင်အချို့မှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ အဆိုပါရဲကင်းစခန်းနေရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်စစ်ကြောင်းများက စစ်ကူပေးနိုင်ရေး သွားရောက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး၊ မြို့နယ်ကျေးရွာများ လုံခြုံရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေသော ရဲကင်းစခန်းများအား တိုက်ခိုက်ခဲ့မှုအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ဘူးသီးတောင်မြို့နယ်ရှိ ကထီးလှ၊ ငမြင်းဘော်၊ ဂုပ္ပိနှင့် ကျောက်တောင် ရဲကင်းစခန်း ၄ ခု အားလည်းကောင်း၊ မတ် ၉ ရက်တွင် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ယိုးတရုတ် ရဲကင်းစခန်းအားလည်းကောင်း၊ ဧပြီ ၁၀ ရက်တွင် မြောက်ဦးမြို့ရှိ ရဲတပ်ရင်း၌ာနချုပ်အား လည်းကောင်း၊ ဇူလိုင် ၁၆ ရက်တွင် ဘူးသီးတောင်မြို့နယ်ရှိ ညောင်ချောင်းနယ်မြေ ရဲကင်းစခန်းအား လည်းကောင်း တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၂၂ ဦး ကျဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကာ မိသားစုဝင်များနှင့် ရဲတပ်ဖွဲ့ဝင်အချို့ ပျောက်ဆုံးခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**




ရသေ့တောင်မြို့နယ် နယ်မြေ(၁၁)ရှိ သဇင်မြိုင်ရဲကင်းစခန်းအား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က လာရောက်ပစ်ခတ်၍ ထိတွေ့မှုဖြစ်ပွားသည့် နေရာပြမြေပုံ။

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှ မေ ၂၉ ရက်၌ ၁၂၀၂ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ မေ ၂၉**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံက မေ ၁ ရက်မှစပြီး လက်ခံခဲ့ရာ **(ယနေ့)** မေ ၂၉ ရက်တွင် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၁၂၀၂ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၄၁၁ ဦးသည် ကား ၁၉ စီးဖြင့် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ပြီး ကျန် ၇၉၁ ဦးသည် ထိုင်းနိုင်ငံဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်က ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်က ၄၄ ဦး၊ ၁၁ ရက်က ၁၃ ဦး၊ ၁၂ ရက်က ၄၁ ဦး၊ ၁၃ ရက်က ၁၆ ဦး၊ ၁၄ ရက်က ၃၈ ဦး၊ ၁၅ ရက်က ၁၂၀၊ ၁၆ ရက်က ၇၆ ဦး၊ ၁၇ ရက်က ၉၀၊ ၁၈ ရက်က ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်က ၆၄ ဦး၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၂၃ ရက်က ၆၀၄ ဦး၊ ၂၄ ရက်က ၁၁၁၈ ဦး၊ ၂၅ ရက်က ၁၂၇၇ ဦး၊ ၂၆ ရက်က ၁၃၉၄ ဦး၊ ၂၇ ရက်က ၁၄၃၄ ဦး၊ ၂၈ ရက်က ၁၁၆၈ ဦး၊ ၂၉ ရက် **(ယနေ့)** ၁၂၀၂ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၈၉၈၁ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် ၁၇ ရက်က ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦး၊ ၂၇ ရက်က ဝင်ရောက်သူ ၁၄၃၄ ဦးအနက် ၅၂ ဦးတို့အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသော သူများနှင့် အချုပ်မှ ပြန်လည်လွှတ်မြောက်လာသူများဖြစ်သဖြင့် ထိုင်းနိုင်ငံတာဝန်ရှိသူများက လာရောက်လွှဲပြောင်းပို့ဆောင်ပေးခြင်းဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် ကချင်ပြည်နယ်မှ ၅၀၊ ကယားပြည်နယ်မှ ကိုးဦး၊ ကရင်ပြည်နယ်မှ ၁၃၁ ဦး၊ မွန်ပြည်နယ်မှ ၁၅၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၀၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၃၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၄၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀၀၊ နေပြည်တော်မှ ၅၅ ဦး၊ ရှမ်းပြည်နယ်မှ ၆၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၃ ဦး၊ ရခိုင်ပြည်နယ်မှ ၁၃ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၉၀ စုစုပေါင်း ၁၂၀၂ ဦးဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

◆ *ကျောဖုံးမှ*

လီဗာပူးအသင်းသည် ဒုတိယနေရာမှ ဖိအားပေးလျက်ရှိနေသည့် မန်စီးတီးအသင်းထက် တစ်ပွဲပိုကစားထားပြီး ၂၅ မှတ်အထိ ဖြတ်ထားနိုင်သောကြောင့် နှစ်ပါင်း ၃၀ အတွင်း ပရီမီယာဖလား ဆွတ်ခူးရရှိရန် နီးစပ်လာပြီဖြစ်သည်။ ထို့အပြင် ဇွန် ၁၇ ရက်တွင် မန်စီးတီးအသင်းအနေဖြင့် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့ပါက လီဗာပူးအသင်းအနေဖြင့် ပရီမီယာလိဂ်ဖလားကို သက်သောင့်သက်သာရရှိဖွယ်လည်း ရှိနေသည်။

ပရီမီယာလိဂ်အမှုဆောင်အရာရှိချုပ် ရစ်ချက်မာစတာစ်က ပွဲစဉ်အားလုံးကို အိမ်တွင်ကြည့်ရှုနိုင်အောင် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲစဉ်များ ကျင်းပနိုင်မည့်ရက်ကို မကြာမီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဥရောပပြိုင်ပွဲများလည်း ကျင်းပရန် ကျန်ရှိနေသေးသည်။ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်နှင့် ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်များကို ဩဂုတ် ၆ ရက်နှင့် ၈ ရက်ကြားတွင် ယှဉ်ပြိုင်သွားဖွယ်ရှိနေကြောင်း သိရသည်။ မန်စီးတီး၊ မန်ယူနှင့် ဝုဖ်အသင်းတို့သည် အဆိုပါပြိုင်ပွဲကို ယှဉ်ပြိုင်ရန် ကျန်ရှိနေသေးကြောင်း ဖော်ပြထားသည်။

မတ် ၉ ရက်တွင် လက်စတာအသင်းက အက်စ်တွန်ဗီလာအသင်းကို လေးဂိုးပြတ်အနိုင်ရရှိသည့် ပွဲစဉ်ပြီးနောက် ပရီမီယာလိဂ်ပွဲစဉ်များ ရပ်နားထားသည်မှာ ရက်ပေါင်း ၁၀၀ ရှိလာပြီဖြစ်ကြောင်း သိရသည်။ ယနေ့အချိန်အထိ ပရီမီယာလိဂ်ကစားသမားများနှင့် ဝန်ထမ်းစုစုပေါင်း ၂၇၅၂ ဦးကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ၁၂ ဦး တွေ့ရှိခဲ့ကြောင်း သိရသည်။ ထို့အပြင် အဆိုပါကစားသမားများနှင့် ဝန်ထမ်းများကို တစ်ပတ်လျှင် နှစ်ကြိမ် ကိုဗစ်-၁၉ ရောဂါပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးမှု ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အခြားဆက်စပ်သတင်းများအနေဖြင့် အီတလီအားကစားဝန်ကြီးဖြစ်သူ ဗင်ဇန်ဇိုစပါဒါဖိုရာသည် စီးရီးအေအနေဖြင့် ဇွန် ၂၀ ရက်တွင် ပြန်လည်စတင်နိုင်မည်ဖြစ်ကြောင်း ကြာသပတေးနေ့တွင် အတည်ပြုပြောကြားခဲ့ပြီး စပိန်နိုင်ငံဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က လာလီဂါအနေဖြင့် ဇွန် ၈ ရက်တွင် ပြန်လည်စတင်နိုင်မည်ဖြစ်ကြောင်း စနေနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ စပိန်လာလီဂါသည် ဇွန် ၁၁ ရက်တွင် ပြန်လည်စတင်မည်ဖြစ်ပြီး လာမည့်ရာသီကို စက်တင်ဘာ ၁၂ ရက်တွင် စတင်မည်ဖြစ်ကြောင်း လာလီဂါဥက္ကဋ္ဌဖြစ်သူ ဂျာဗီယာ တီဗက်စ်၏ အဆိုအရ သိရသည်။ **အောင်ဇော်**

# ကောလင်းမြို့နယ်၌ တရားမဝင်ရွှေတူးဖော်နေမှု ဖမ်းဆီးရမိ

**ကောလင်း မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကျွန်းတောကျေးရွာအနီးတွင် မေ ၂၈ ရက်က တရားမဝင် ရွှေချက်လုပ်နေသူတစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကောလင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျွန်းတောအုပ်စု ကျွန်းတောကျေးရွာအနီးတွင် ရွှေချက်ကန်နှစ်ကန်ဖြင့် ရွှေချက်လုပ်နေသည့် အောင်နိုင်မင်း ကျွန်းတောကျေးရွာနေသူအား ရွှေချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် တွေ့ရှိသိမ်းဆည်း ဖမ်းဆီးရမိသည်။

ပူးပေါင်းအဖွဲ့သည် ကျွန်းတောကျေးရွာအုပ်စုအတွင်းရှိ သဖန်းတောင်တွင် ကွင်းဆင်းစစ်ဆေးရာ တရားမဝင် ရွှေသတ္တုတူးဖော်ထားသော ကျင်း ၁၅ ကျင်း၊ ရွှေချက်ကန် ၁၂ ကန်၊ ယာယီတဲ ၂၀၊ ဖြုန်းမြေစာအိတ် ၂၅၀ တို့ကိုတွေ့ရှိခဲ့ရပြီး ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ ရွှေချက်ကန် နှစ်ကန်ဖြင့် ရွှေချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသော အောင်နိုင်မင်းအား ကောလင်းမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်**
**(ကောလင်း)**

# ရှားမြို့နယ်တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၈ ရက် ည ၁၀ နာရီက ရှားမြို့နယ် တပ်ကုန်းကျေးရွာအနီး အောင်ပန်း-ရှားသွားကားလမ်းတွင် အောင်ဇော်မိုး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၃၄ ဒသမ ၅ ကီလိုကိုလည်းကောင်း၊ ဆက်လက်၍ အဆိုပါနေရာ၌ ကျော်နိုင်(ခ)ကျော်ခိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၂၁ ကီလိုကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် အောင်ဇော်မိုး(၂၆နှစ်)နှင့် ကျော်နိုင်(ခ)ကျော်ခိုင် (၄၅နှစ်) တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# တိုကျိုမြို့ကို အဆင့်လိုက်ပြန်လည်ဖွင့်ရန် အရှိန်မြှင့်တင် လုပ်ဆောင်လျက်ရှိ

တိုကျို မေ ၂၉

**တိုကျိုမြို့တာဝန်ရှိသူများက မြို့တော်ကို အဆင့်လိုက်ပြန်လည် ဖွင့်လှစ်နိုင်ရေး အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၉ ရက်က ဖော်ပြလိုက်သည်။ ထို့အပြင် တာဝန်ရှိသူများက ယခုသီတင်းပတ်ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကန့်သတ်ချက်များကို နောက်ထပ်ဖြေလျှော့မှုများ ထပ်မံလုပ်ဆောင်သွားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။**

တိုကျို အုပ်ချုပ်ရေးမှူး ကိုအိခဲယူရီကိုက မိမိတို့သည် နောက်တစ်ဆင့်ပြောင်းလဲမှုကို ဇွန် ၁ ရက် ည ၁၂ နာရီ တိတိတွင် လုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၂၉ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အဆိုပါ နောက်တစ်ဆင့် ပြောင်းလဲဆောင်ရွက်မှုတွင် အားကစားခန်းမများ၊ ပြဇာတ်ရုံများနှင့် လက်လီအရောင်းဆိုင်များကဲ့သို့သော စီးပွားရေးလုပ်ငန်းများကို ဖွင့်ခွင့်ပေးမည်ဖြစ်သည်။ သို့သော်လည်း စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များတွင် အစားအသောက်ရောင်းချခြင်းများကို ည ၁၀ နာရီအထိသာ ဖွင့်ခွင့်ပြုရန် တိုက်တွန်းထားသည်။

တိုကျိုမြို့တွင် ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာအရေအတွက်သည် မကြာသေးမီ ရက်အနည်းငယ်အတွင်းက ၁၅ ဦးထက် လျော့နည်းလာခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် အမြင့်ဆုံးဖြစ်ပွားသည့် အရေအတွက် ၂၀၀ မှ ယခုလို လျော့နည်းကျဆင်းလာခြင်း ဖြစ်သည်။

သို့သော်လည်း ဂျပန်နိုင်ငံ၏ တခြားအစိတ်အပိုင်းတစ်ခုဖြစ်သော ကီတာကျူးရှူးမြို့တွင် ကိုရိုနာဗိုင်းရပ်စ် ပြန်လည်ဖြစ်ပွားမှု မြင့်တက်လာခဲ့သည်။ ကီတာကျူးရှူးမြို့တော်ဝန် ကီတာဟာရှီကန်ဂျီက မိမိတို့မြို့သည် ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်း ဖြစ်ပွားလျက်ရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကို ထိန်းချုပ်ရန် အကောင်းဆုံးဆောင်ရွက်နေကြောင်းနှင့် လူအချင်းချင်း နီးနီးကပ်ကပ်ရှိခဲ့သူများကို ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးမှုခံယူရန် တိုက်တွန်းထားကြောင်း ၎င်းကပြောသည်။

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း မြို့တစ်မြို့ဖြစ်သည့် လူဦးရေ တစ်သန်းနီးပါးရှိသော ကီတာကျူးရှူးမြို့တွင် လွန်ခဲ့သော ခြောက်ရက်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ ၄၃ ဦး ရှိခဲ့သည်။ မြို့တော်ရှိအငယ်တန်းကျောင်း တစ်ကျောင်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသည့် ကျောင်းသားတစ်ဦးကို တွေ့ရှိခဲ့သဖြင့် ပိတ်ထားရသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုသည် နှစ်ပတ်လည် အဏုမြူဗုံးကြဲတိုက်ခိုက်ခံရခြင်း အထိမ်းအမှတ် ကျင်းပခြင်းအပေါ်လည်း အရိပ်သဖွယ် လွှမ်းမိုးလျက်ရှိသည်။ ဟီရိုရှီးမားနှင့် နာဂါဆာကီတို့သည် ယခုနှစ် နွေရာသီတွင် ၇၅ နှစ် မြောက် အဏုမြူဗုံးကြဲတိုက်ခိုက်ခံရခြင်း အထိမ်းအမှတ်ကို ကျင်းပခဲ့သည်။ သို့သော်လည်း ပွဲကျင်းပရေး အရာရှိများက လာရောက်သူများအတွက် နေရာအနည်းငယ်သာ ပေးထားကြောင်း ပြောသည်။

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၆၇၀၀ ထက် မနည်းရှိခဲ့ပြီး မေ ၂၉ ရက် နံနက်ပိုင်းအထိ ၈၈၀ နီးပါး သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**




တိုကျိုမြို့တွင် မေ ၂၈ ရက်က နှာခေါင်းစည်းများတပ်ဆင်ကာ သွားလာနေသူများကို တွေ့ရစဉ်။

## ရုရှား၌ ကိုဗစ်- ၁၉ လူနာ ၃၈၇၆၂၃ ဦးအထိမြင့်တက်

**မော်စကို မေ ၂၉**

ရုရှားနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံ အတည်ပြုလူနာ ၈၅၇၂ ဦး အပါအဝင် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ် ဓာတ်ခွဲအတည်ပြုလူနာပေါင်း ၃၈၇၆၂၃ ဦး ရှိကြောင်း ကိုရိုနာဗိုင်းရပ်စ် တုံ့ပြန်ဆောင်ရွက်ရေးဌာနက မေ ၂၉ ရက်တွင် ထုတ်ပြန်ချက်၌ ဖော်ပြလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် တစ်နေ့တည်း သေဆုံးသူ ၂၃၂ ဦး မှတ်တမ်းတင်ထားရှိရာမှ ယခုအခါတွင် ၄၃၇၄ ဦးအထိ ရှိလာကြောင်း၊ လွန်ခဲ့သော ၂၄ နာရီအတွင်း နေပြန်ကောင်းလာသူ ၈၂၆၄ ဦး အပါအဝင် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၁၅၉၂၅၇ ဦး ရှိလာပြီဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်အဆိုးရွားဆုံး ခံစားခဲ့ရသော မြို့တော် မော်စကိုတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့သူ ၂၃၃၂ ဦး အပါအဝင် စုစုပေါင်း ၁၇၅၈၂၉ ဦး ရှိလာကြောင်း သိရသည်။

ကျွမ်းကျင်သူများက ရုရှားနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ အမြင့်ဆုံးအချိန်ကို ကျော်လွန်သွားပြီဟု ယုံကြည်ကြောင်း ပြောကြားမှုနှင့်အတူ ရုရှားနိုင်ငံ တချို့ဒေသများတွင် လူမှုဘဝခပ်ခွာခွာနေရန် ကန့်သတ်ချက်များကို ဖြေလျှော့လိုက်ပြီ ဖြစ်သည်။

မော်စကိုတွင် အသွားအလာကန့်သတ်ပိတ်ဆို့မှုများကို ဇွန် ၁၄ ရက်အထိ ထားရှိထားမည်ဖြစ်သောကြောင့် မော်စကို တစ်ဝန်းခရီးသွားလာရန်အတွက် အီလက်ထရောနစ်စနစ်ခွင့်ပြုမှုများကို အသုံးပြုရန် မလိုအပ်သေးကြောင်း သိရသည်။

**ဆင်ဟွာ**

## ကိုရိုနာဗိုင်းရပ်စ်ဒဏ် ခံစားခဲ့ရသော ပြည်နယ်နှင့် မြို့တော်များကို ဘဏ္ဍာငွေထောက်ပံ့ရန် ဥပဒေကြမ်းတစ်ခုကို ဘရာဇီးသမ္မတ လက်မှတ်ထိုး



ဘရာဇီးသမ္မတ ဂျာဘော်ဆိုနာရို

**ဘရာဆီးလီးယား မေ ၂၉**

ဘရာဇီးသမ္မတဂျာဘော်ဆိုနာရိုသည် ကိုရိုနာဗိုင်းရပ်စ်ရိုက်ခတ်မှုဒဏ်ကိုခံစားခဲ့ရသော ပြည်နယ်နှင့် မြို့တော်များကို ဘဏ္ဍာငွေထောက်ပံ့ပေးရန် ဥပဒေကြမ်းတစ်ခုကို လက်မှတ် ရေးထိုးခဲ့ကြောင်း၊ သို့သော်လည်း တချို့အပိုင်းများကို ဗီတိုအာဏာဖြင့် ပယ်ချခဲ့ကြောင်း မေ ၂၈ ရက်က ထုတ်ပြန်လိုက်သည့် အစိုးရပြန်တမ်း ဖော်ပြချက်အရ သိရသည်။

ဘဏ္ဍာငွေထောက်ပံ့မှုကို ပုံစံမျိုးစုံဖြင့်ဆောင်ရွက်နိုင်ပြီး ၎င်းတွင် ပြည်နယ်နှင့်မြို့တော်များကို တိုက်ရိုက်လွှဲပြောင်းမှုပြုနိုင်သည့် ရီရယ် ၆၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ)လည်း ပါဝင်သည်။ ထို့အပြင် ဗဟိုအစိုးရသို့ ပေးရမည့် ကြွေးမြီများကိုလည်း ရပ်ဆိုင်းပေးထားကြောင်း သိရသည်။

ထို့အပြင် ဘောဆိုနာရို အစိုးရသည် ကိုရိုနာဗိုင်းရပ်စ်ကို ထိန်းချုပ်ရန်နှင့် စီးပွားရေးကို ထောက်ပံ့ပေးရန် အလားတူပမာဏဖြင့် လေးလကြာ ဘဏ္ဍာငွေ ထောက်ပံ့ပေးမှုများကို တိုင်းဒေသကြီးနှင့် ဒေသန္တရအစိုးရများသို့လည်း ပေးသွားမည်ဖြစ်သည်။ သမ္မတသည် ပြည်သူ့ကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများအတွက် လစာညှိနှိုင်းမှုများကို ခွင့်ပြုပေးရန် ပြဋ္ဌာန်းချက်များကိုမူ ဗီတိုအာဏာဖြင့်ပယ်ချခဲ့သည်။

ပြန်လည် ပြင်ဆင်ထားသော ဥပဒေကြမ်းကို ယခုအခါ လွှတ်တော်သို့ ပြန်လည်ပေးပို့လိုက်ပြီ ဖြစ်သည်။ အဆိုပါ ဥပဒေကြမ်းကို ပြုပြင်ပြောင်းလဲမှုများလုပ်ရန် ရက်ပေါင်း ၃၀ အချိန်ရမည်ဖြစ်သည်။

**ဆင်ဟွာ**

## ကိုဗစ်– ၁၉ ကြောင့် ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ဧပြီလတွင် ၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်

**တိုကျို မေ ၂၉**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့ခြင်း အကျိုးဆက်ကြောင့် ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဧပြီလတွင် ၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၉ ရက်က ဖော်ပြလိုက်သည်။

**သိသိသာသာ ကျဆင်း**

အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုကြောင့် နိုင်ငံအတွင်း အလုပ်လက်မဲ့အခြေအနေသည် သိသိသာသာ တိုးလာကြောင်း၊ သို့သော်လည်း ကဏ္ဍပေါင်းစုံကျပ်တည်းမှုများနှင့် ရင်ဆိုင်နေရကြောင်း နောက်ဆုံးရရှိသော စာရင်းဇယားများက ဖော်ပြလျက်ရှိသည်။

**၀ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်**


ဧပြီလတွင် အလုပ်လက်မဲ့နှုန်းသည် ၂ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း အရာရှိများက ပြောသည်။ အဆိုပါနှုန်းသည် မတ်လနှုန်းထက် ၀ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်။

ထို့အတူ ဧပြီလတွင် အလုပ်လျှောက်သူများကို အလုပ်အကိုင်ပေးနိုင်မှုအခြေအနေလည်း လေးလဆက်တိုက် ကျဆင်းလာကြောင်း သိရသည်။

ကဏ္ဍအများစုတွင် အလုပ်သမားရှာဖွေမှုများလည်း ကျဆင်းလာသည်။ အထူးသဖြင့် ဟိုတယ်၊ စားသောက်ဆိုင်နှင့် ထုတ်လုပ်ရေးကဏ္ဍများတွင် အလုပ်သမားရှာဖွေမှုများ ကျဆင်းလာကြောင်း သိရသည်။

လွန်ခဲ့သောနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းကျော် ကျဆင်းလာသည်။ နိုင်ငံတော်အရေးပေါ်အခြေအနေကို ဧပြီလတွင် ပြဋ္ဌာန်းခဲ့သည့်အတွက် ယင်းက ကဏ္ဍများစွာကို ထိခိုက်မှုဖြစ်စေခဲ့ကြောင်း အစိုးရအရာရှိများက ပြောသည်။

**အင်န်အိတ်ချ်ကေ**




ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းကိုဖော်ပြနေသော ပုံတစ်ပုံကိုတွေ့ရစဉ်။

# ပြင်သစ် ရီနေ့ာကားကုမ္ပဏီက အလုပ်နေရာပေါင်း ၁၅၀၀၀ လျှော့ချမည်

**ပါရီ မေ ၂၉**

ပြင်သစ်ကားကုမ္ပဏီဖြစ်သည့် ရီနေ့ာသည် ကမ္ဘာအနှံ့ အလုပ်နေရာပေါင်း ၁၅၀၀၀ ကို လျှော့ချမည်ဟု သိရသည်။ အလုပ်နေရာ လျှော့ချမည့်အထဲတွင် ပြင်သစ်နိုင်ငံအတွင်း ၄၆၀၀ ကို လျှော့ချမည်ဖြစ်ပြီး ယူရို နှစ်ဘီလီယံ ကုန်ကျစရိတ် လျှော့ချရေးအစီအစဉ်အရ ယင်းသို့ ပြုလုပ်ရခြင်းဖြစ်ကြောင်း သတင်းအရင်းအမြစ်တစ်ခုက မေ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ယင်းအစီအစဉ်ကို မေ ၂၉ ရက်တွင် ကုမ္ပဏီ အလုပ်သမားသမဂ္ဂမှ ကြေညာမည်ဖြစ်ပြီး ယင်းအစီအစဉ်များကို မေ ၂၈ ရက် ညနေပိုင်းက ရှင်းလင်းမှုများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ နှစ်စဉ်ကားထုတ်လုပ်မှု စွမ်းရည်ကို ကားအစီးရေလေးသန်းမှ လက်ရှိအခြေအနေများကြောင့် ၃ ဒသမ ၃ သန်းအထိ လျှော့ချရမည်ဖြစ်ပြီး ဝန်ထမ်းကိုယ်စားလှယ်များနှင့် ညှိနှိုင်းတိုင်ပင်မှုများကို လာမည့်လအတွင်းမှ စတင်ကာဆောင်ရွက်မည်ဖြစ်သည်။ ကားထုတ်လုပ်ရေးကုမ္ပဏီများသည် ကိုဗစ်- ၁၉ ရောဂါကြောင့် အကျပ်အတည်းများနှင့် ရင်ဆိုင်နေရပြီး ကားအရောင်းများ ထိုးကျသွားခဲ့ရသည်။

ဗိုင်းရပ်စ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အစိုးရများက ပြည်သူများကို နေအိမ်အတွင်း၌သာနေရန် အမိန့်ထုတ်ပြီးနောက် ကားအရောင်း ကျဆင်းသွားရသည်။ ရီနေ့ာကားထုတ်လုပ်ရေးကုမ္ပဏီသည် ပြင်သစ်အစိုးရထံမှ ချေးငွေယူရို ငါးဘီလီယံရရှိရေး ဆွေးနွေးမှုများ လုပ်ဆောင်နေသည်။

သို့သော် ယင်းသို့ ချေးငွေရရန် ရီနေ့ာသည် ၎င်း၏ စက်ရုံနှင့် အလုပ်သမားများကို ပြင်သစ်နိုင်ငံတွင် ဆက်လက်ထားရှိရမည်ဖြစ်သည်ဟု ညှိနှိုင်းမှုတွင် ပါရှိသည်။

**အေအက်ဖ်ပီ**



ပြင်သစ်ကားထုတ်လုပ်ရေးကုမ္ပဏီ ရီနေ့ာ။

## ဥရောပတွင် ကိုဗစ် - ၁၉ ပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့ပေးသော်လည်း အာရှတွင် သတိထားလုပ်ဆောင်လျက်ရှိ

**လန်ဒန် မေ ၂၉**

ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့အပါအဝင် ဥရောပနိုင်ငံ အတော်များများတွင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးအတွက် ပိတ်ဆို့ကန့်သတ်မှုများကို နောက်ထပ်ဖြေလျှော့မှုများ မေ ၂၈ ရက်က လုပ်ဆောင်ခဲ့သော်လည်း အာရှနိုင်ငံအတော်များများတွင် ပိတ်ဆို့ကန့်သတ်မှုအသစ်များ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ကိုဗစ် - ၁၉ ဗိုင်းရပ်စ်သည် ကမ္ဘာ့နေရာအချို့တွင် ဆက်လက်ပျံ့နှံ့နေဆဲဖြစ်ပြီး ဥရောပသည် သီးခြားကန့်သတ်ထားမှုများကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးခဲ့သည်။ ပြင်သစ်နိုင်ငံတွင် လာမည့်သီတင်းပတ်အတွင်း ဘားများ၊ အရက်ဆိုင်များ၊ စားသောက်ဆိုင်များနှင့် ပြတိုက်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်ပြီး ဗြိတိန်နိုင်ငံတွင်လည်း ကျောင်းသားအချို့ကို ကျောင်းပြန်တက်ခွင့်ပေးတော့မည်ဖြစ်သည်။

အင်္ဂလန်နိုင်ငံမှ ပရီမီယာလိဂ်နှင့် အီတလီနိုင်ငံမှ စီးရီးအေဘောလုံးပြိုင်ပွဲတို့ကို ဇွန်လလယ်တွင် ပြန်လည်စတင်ခွင့်ပေးမည်ဖြစ်သည်။ အာရှတွင်မူ တောင်ကိုရီးယားနှင့် သီရိလင်္ကာနိုင်ငံတို့တွင် ကိုဗစ် - ၁၉ ဒုတိယလှိုင်းကို ကြောက်သည့်အတွက် ပိတ်ဆို့ကန့်သတ်မှုများ ထပ်မံပြုလုပ်ခဲ့ကြသည်။

တောင်ကိုရီးယား နိုင်ငံသည် ကိုဗစ် - ၁၉ ဗိုင်းရပ်စ်ကို မည်သို့နှိမ်နင်းရမည်ဆိုသည်ကို စံပြအဖြစ် ကမ္ဘာကိုပြသနိုင်ခဲ့သည့် နိုင်ငံဖြစ်သော်လည်း မြို့တော်ဆိုးလ်နှင့် အခြားနေရာများတွင် နောက်ထပ်ကူးစက်မှုများ ပေါ်ပေါက်လာသည့် နောက်ပိုင်းတွင် လူအချင်းချင်း ခပ်ခွာခွာနေရန် စည်းမျဉ်းများ ပြန်လည်ချမှတ်ခဲ့သည်။

သီရိလင်္ကာ နိုင်ငံတွင်လည်း ကူဝိတ်နိုင်ငံမှ ပြန်လာသော နိုင်ငံသား ၂၅၀ တွင် ကိုဗစ် - ၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိပြီးသည့် နောက်ပိုင်းတွင် ပိတ်ဆို့ကန့်သတ်မှုများကို မေ ၃၀ ရက်က စတင်ကာ တစ်ဖန်ပြန်လည်ချမှတ်မည် ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ပါရီမြို့ကုန်တိုက်ရှေ့တွင် တန်းစီစောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

## ကိုဗစ်-၁၉ပိတ်ဆို့ကန့်သတ်မှုများကို ဖိလစ်ပိုင်တွင် ဖြေလျှော့ပေးသွားမည်

**မနီလာ မေ ၂၉**

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ အပါအဝင် အခြားပြည်နယ်ခြောက်ခုတို့တွင် ဇွန်၁ ရက်မှစတင်ကာ ကိုဗစ် - ၁၉ ကြောင့် ချမှတ်ထားရသည့် ပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့ပေးတော့မည်ဟု ဖိလစ်ပိုင်အစိုးရကပြောကြားခဲ့သည်။ ရပ်ရွာအခြေပြု အသွားအလာကန့်သတ်မှုများကို မတ် ၁၇ ရက်မှစတင်ကာ လူဇုန်ကျွန်းနှင့် အခြားသောနေရာများတွင် စတင်ကျင့်သုံးခဲ့သည်။ မြို့တော်မနီလာ၊ မြို့နှစ်မြို့နှင့် ပြည်နယ်ခြောက်ခုတို့တွင် ရပ်ရွာအခြေပြု အသွားအလာကန့်သတ်မှုများ ဆက်လက်ထားရှိခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးက မနီလာမြို့အပါအဝင် ပြည်နယ်ခြောက်ခုနှင့် ပတ်သက်ပြီး ရှေ့ဆက်လုပ်မည့်အစီအစဉ်များကို မေ ၂၈ ရက်တွင် ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားခဲ့သည်။ အများ ပြည်သူသယ်ယူပို့ဆောင်ရေးဖြစ်သည့် ရထားများနှင့် ဘတ်စ်ကားများကို ၅၀ ရာခိုင်နှုန်း ပြန်လည်ပြေးဆွဲသွားမည်ဖြစ်သည်။ အသက် ၂၀ အောက်လူငယ်များနှင့် အသက် ၆၀ အထက်လူကြီးများကို အပြင်ထွက်ခွင့် ဆက်လက်ကန့်သတ်ထားဦးမည်ဖြစ်ပြီး အခြားအသက်အုပ်စုတွင် ပါဝင်သည့်လူများမှာ နေအိမ်အပြင်သို့ ထွက်ခွင့်ရမည်ဖြစ်သည်။ မရှိမဖြစ်မဟုတ်သည့်လုပ်ငန်းများနှင့် ဝန်ဆောင်မှုများကို ၎င်းတို့ ထုတ်လုပ်နိုင်စွမ်းအား၏ ၅၀ ရာခိုင်နှုန်းသာ လည်ပတ်ခွင့်ရထားသော်လည်း လုပ်ငန်းအများစုမှာ လာမည့်သီတင်းပတ်မှစတင်ကာ အင်အားပြည့် ပြန်လည်လည်ပတ်ခွင့်ရတော့မည်ဖြစ်သည်။ ယခုအချိန်တွင် မည်သည့် အကြောင်းကြောင့် ယခုကဲ့သို့ ဖြေလျှော့မှုများ ပြုလုပ်ရခြင်းကိုမူ သမ္မတဒူတာတေးက ပြောကြားခဲ့ခြင်း မရှိပေ။

ဖိလစ်ပိုင်နိုင်ငံတွင် ယခုအချိန်ထိ ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၆၆၃၄ ဦးရှိပြီး လျော့ကျလာသည့်အခြေအနေ မရှိသေးသဖြင့် တချို့သော ကျွမ်းကျင်ပညာရှင်များကမူ အစိုးရ၏ ဆုံးဖြတ်ချက်ကို စိုးရိမ်မိကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တူရကီနိုင်ငံတွင် ပြည်တွင်းရထားပြေးဆွဲမှုများကို တစ်စိတ်တစ်ပိုင်း ပြန်စတင်

**အင်ကာရာ မေ ၂၉**

တူရကီအစိုးရသည် မေ ၂၈ ရက်က ပြည်နယ်လေးခုကြား အမြန်ရထားပြေးဆွဲမှုများကို ပြန်လည်စတင်ခဲ့သည်။ ကိုဗစ် - ၁၉ မှ ပုံမှန်ဘဝပြန်လည်ရရှိရေးအတွက် လုပ်ဆောင်မှုတစ်စိတ်တစ်ပိုင်းအဖြစ် ရထားပြေးဆွဲမှု ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

လူမှုပုံမှန်ဘဝ ပြန်လည်ရရှိရေးအတွက် အခြားအရေးကြီးသည့် လုပ်ဆောင်မှုများကိုလည်း စတင်ဆွေးနွေးနေပြီဟု သိရသည်။ အင်ကာရာနှင့် အစ္စတန်ဘူလ်၊ အင်ကာရာနှင့် ကွန်ရာ၊ ကွန်ရာနှင့် အစ္စတန်ဘူလ်ကြား အမြန်ရထားသည် တစ်နေ့လျှင် ၁၆ ကြိမ် ပြေးဆွဲမည်ဟု အစ္စတန်ဘူလ် သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဝန်ကြီး အဒယ်ကာရာအစ္စမေးလ်လော့ဂ်လူက သတင်းထောက်များကို ပြောသည်။

အဆိုပါ အမြန်ရထားများသည် အပိုထိုင်ခုံများစီစဉ်ကာ ၅၀ ရာခိုင်နှုန်းတင်ဆောင်မှုဖြင့် ပြေးဆွဲမည်ဖြစ်ပြီး လူအချင်းချင်း ခပ်ခွာခွာနေရမည့် စည်းမျဉ်းများကိုလည်း လိုက်နာသွားမည်ဖြစ်သော်လည်း ရထားလက်မှတ်ဈေးမှာမူ အရင်အတိုင်းသာဖြစ်မည်ဟု သိရသည်။

ရထားဘူတာရုံများနှင့် ရထားပေါ်တွင် နှာခေါင်းစည်း မဖြစ်မနေဝတ်ဆင်ရမည်ဖြစ်သည်။ တူရကီ နိုင်ငံ၏ ရထားပြေးဆွဲမှုများသည် ကိုဗစ်-၁၉ ထိန်းချုပ်ရေး လုပ်ငန်းများကြောင့် နှစ်လကြာရပ်နားထားခဲ့ရသည်။

**ဆင်ဟွာ**


တူရကီ သယ်ယူပို့ဆောင်ရေးဝန်ကြီး အဒယ်ကာရာအစ္စမေးလ်လော့ဂ် လူစီးရထားတွဲအတွင်း စစ်ဆေးနေစဉ်။

## အိန္ဒိယ ကာနာတာကာ ပြည်နယ်သည် ကိုဗစ်- ၁၉ ကူးစက်မှုကို ထိန်းချုပ်ရန် ပြည်နယ်ငါးခုမှ လေကြောင်းဖြင့် သွားလာမှုများကို တားမြစ်

**မွမ်ဘိုင်း မေ ၂၉**

အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်းပြည်နယ် ကာနာတာကာသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ပြည်နယ်ငါးခုမှ လေကြောင်းဖြင့် သွားလာခြင်းများကို တားမြစ်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၂၈ ရက်က ဖော်ပြလိုက်သည်။

တားမြစ်ကန့်သတ်လိုက်သော ပြည်နယ်ငါးခုတွင် တမီးလ်နာဒူ၊ မဟာရက်ရှ်ထရာ၊ ဂူဂျာရတ်၊ မတ်တရာ ပရာဒက်ရှ်နှင့် ရာဂျက်စ်တန်ပြည်နယ်တို့ ပါဝင်ကြောင်း ဥပဒေနှင့် လွှတ်တော်ကိစ္စရေးရာ ပြည်နယ်ဝန်ကြီး မာဒူးစ်ဝါမီက ပြောသည်။

ကာနာတာကာပြည်နယ်သည် တမီးလ်နာဒူ၊ မဟာရက်ရှ်ထရာနှင့် ဂူဂျာရတ်ပြည်နယ်များ၏ ကုန်းလမ်းမှ ဝင်ရောက်လာသူများကို တားမြစ်ပိတ်ပင်ထားပြီဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှု အများဆုံးနိုင်ငံများတွင် ၁၀ ခုမြောက် နိုင်ငံဖြစ်သည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## ဂျပန်နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ထပ်မံဖြစ်ပွားသူ ၆၃ ဦးရှိ

တိုကျို မေ ၂၉

မကြာသေးမီက ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမြင့်တက်ခဲ့သော ဖူကူအိုကာခရိုင် အနောက်တောင်ပိုင်း ကီတာကျူရှူအရပ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ ၂၁ ဦးအပါအဝင် ဂျပန်နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် အသစ်ထပ်မံဖြစ်ပွားသူပေါင်း ၆၃ ဦးရှိကြောင်း မေ ၂၈ ရက်က နောက်ဆုံးထုတ်ပြန်ခဲ့သော စာရင်းဇယားအရ သိရသည်။

ဂျပန်နိုင်ငံအတွင်း ဖြစ်ပွားသော ကိုရိုနာဗိုင်းရပ်စ် ကူးစက်သူ စုစုပေါင်းမှာ ၁၆၇၅၉ ဦးရှိပြီး ယိုကိုဟားမားရှိ အသွားအလာကန့်သတ်ထားသော သင်္ဘောပေါ်မှ သေဆုံးသူများအပါအဝင် စုစုပေါင်းသေဆုံးသူ ၈၉၅ ဦး ရှိကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တနင်္လာနေ့က တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေ ရုပ်သိမ်းပေးလိုက်ပြီးနောက် ကီတာကျူရှူတွင် ကိုရိုနာဗိုင်းရပ်စ် ထပ်မံဖြစ်ပွားသူအရေအတွက် မြင့်တက်လာခဲ့ခြင်း ဖြစ်သည်။

ကီတာကျူရှူတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာသလို တိုကျိုမြို့တွင်လည်း ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ ၁၅ ဦးရှိခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ရိုက်ခတ်မှုဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသော တိုကျိုမြို့တွင် စုစုပေါင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၁၉၅ ဦး ရှိသည်။

ဆင်ဟွာ

## စက်ရုံပိတ်ရန် နစ်ဆန်းကုမ္ပဏီ၏ ဆုံးဖြတ်ချက်ကို ဝမ်းနည်းမိကြောင်း စပိန် ပြော

ဘာစီလိုနာ မေ ၂၉

ဘာစီလိုနာရှိ နစ်ဆန်း ကားထုတ်လုပ်ရေးစက်ရုံပိတ်သိမ်းသွားရန် နစ်ဆန်းကုမ္ပဏီ၏ ရည်ရွယ်ချက်ကို ဝမ်းနည်းမိကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

မေ ၂၈ ရက်က ရေဒီယို အစီအစဉ်တွင် နိုင်ငံခြားရေးဝန်ကြီး အရန်ဒါ ဂွန်ဇယ်လက်ဇ်က ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ နစ်ဆန်းကုမ္ပဏီ ဆက်လက်ရပ်တည်နိုင်ရေး စပိန်အစိုးရမှ ကူညီမှုများလုပ်ဆောင်ခဲ့သော်လည်း နစ်ဆန်းဘက်မှ ယခုလို ဆုံးဖြတ်ချက်ချလိုက်ခြင်းကြောင့် ဝမ်းနည်းမိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စပိန်အစိုးရသည် အလုပ်သမားများ၏ အလုပ်နေရာကို အကာအကွယ်ပေးရန် လိုလားသည်ဟု ဂွန်ဇယ်လက်ဇ်က ပြောသည်။ စက်ရုံပိတ်လိုက်လျှင် အလုပ်သမားများ ကြုံတွေ့လာရမည့်အခြေအနေများနှင့် သက်ရောက်မှုများကို မည်သို့ကိုင်တွယ်သွားမည်ကို စစ်ဆေးမှုများပြုလုပ်နေသည်ဟု စပိန်နိုင်ငံ စက်မှုလုပ်ငန်းဝန်ကြီးက ပြောသည်။

လာမည့်ရက်အနည်းငယ်အတွင်း ဘာစီလိုနာမြို့နှင့် ကက်တလိုနီးယား အာဏာပိုင်များနှင့် အလုပ်သမားသမဂ္ဂတို့ ဆွေးနွေးလုပ်ဆောင်သွားမည်ဟု သိရသည်။

မေ ၂၈ ရက် နံနက်ပိုင်းကလည်း နစ်ဆန်းကုမ္ပဏီမှ ရာနှင့်ချီသည့် အလုပ်သမားများသည် ဘာစီလိုနာ စက်ရုံဂိတ်အရှေ့တွင် စုဝေးခဲ့ကြသည်။ ယင်းနောက် နစ်ဆန်းကုမ္ပဏီ၏ ကြေညာချက်ကို ဆန့်ကျင်သည့်အနေဖြင့် တာယာများ မီးရှို့ကာ ဆန္ဒပြခဲ့ကြသည်။

အင်န်အိတ်ချ်ကေ

# အပူဒဏ်၊ ရေဒုက္ခနဲ့ ကိုရိုနာဗိုင်းရပ်စ်ရိုက်ခတ်မှုကိုပါ ခံစားနေရတဲ့ အိန္ဒိယပြည်သူများ

*ထွန်းသစ်စ*

ဘောလိဝုဒ်နာမည်ကျော်များနဲ့ နိုင်ငံရေးခေါင်းဆောင်များက အိန္ဒိယပြည်သူများကို ကိုရိုနာဗိုင်းရပ်စ်ရန်က ကာကွယ်ဖို့ လက်ဆေးကြရန် တိုက်တွန်းနေသော်ငြား နွေရာသီအပူဒဏ်ကို ခါးခါးသီးသီးခံစားနေရတဲ့ ဘာလာဒေဝီလို ဆင်းရဲသားရပ်ကွက်မှာနေထိုင်တဲ့သူတွေအတွက်ကတော့ ဒါဟာ စိတ်ကူးယဉ်အိပ်မက်တစ်ခုလိုပါပဲ။

### သန့်ရှင်းတဲ့ရေမရ

အသက် ၄၄ နှစ်ရှိ မုဆိုးမတစ်ဦးဖြစ်တဲ့ ဘာလာဒေဝီနဲ့ သူ့ရဲ့မိသားစုဝင် ရှစ်ဦးတို့ဟာ တခြား သန်းချီတဲ့ အိန္ဒိယနိုင်ငံသားတွေလို ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကို လအတော်ကြာခံစားနေရသလို အိမ်တွင်းအောင်း၍ နေထိုင်ရန် ကန့်သတ်ခံရခြင်း၊ အသွားအလာကန့်သတ်ခံရခြင်းတွေကိုလည်း ရင်ဆိုင်နေရတဲ့အပြင် ဆေးကြောလျှော်ဖွပ်ဖို့လည်း သန့်ရှင်းတဲ့ရေလည်း မရပါဘူး။

အလွန်ကိုပူတဲ့အတွက် ကလေးတွေကလည်း ရေသောက်ဖို့ပဲ တောင်းနေပါတယ်။ သောက်သုံးဖို့တောင် ရေအလုံအလောက်မရှိတာ မိမိအနေနဲ့ ဘယ်လိုများ ကလေးတွေကို လက်ဆေးဖို့ ရေပေးနိုင်ပါ့မလဲလို့ ဒေဝီက နယူးဒေလီမှာရှိတဲ့ သူ့ရဲ့ ကျဉ်းကျဉ်းကျုတ်ကျုတ် အိမ်လေးကနေ ပြောလိုက်ပါတယ်။

ရေတစ်စက်ဟာ မိမိတို့အတွက်တော့ ဇိမ်ခံပစ္စည်းတစ်ခုလိုပါပဲ။ အဲဒါကို မိမိတို့အနေနဲ့ ရေချိုးလိုက်ပြီး မဖြုန်းတီးနိုင်ပါဘူးလို့ ဘေးနားမှာ ညစ်ပတ်တဲ့ ကလေးတွေ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေဖြစ်နေတဲ့ ဒေဝီက အေအက်ဖ်ပီကို ပြောကြားလိုက်ပါတယ်။



ရေရရှိရေးတန်းစီနေကြသည့် အိန္ဒိယပြည်သူများကို တွေ့ရစဉ်။

### အဖျားပြီးနေပြီ

သူ့ရဲ့အိမ်အပြင်ဘက်မှာလည်း အပူချိန်ဟာ ၄၅ ဒီဂရီဆဲလ်စီးရပ်စ် (၁၁၃ ဒီဂရီ ဖာရင်ဟိုက်)အထိ ရှိနေပါတယ်။ သို့သော်လည်း ဒေဝီရဲ့ အိပ်ခန်းတစ်ခန်းတည်းသာရှိတဲ့ အိမ်လေးမှာတော့ ရရာနဲ့ ဖြစ်သလိုဖန်တီးထားတဲ့ မျက်နှာကြက်ပန်ကာလေးတစ်လုံးကတော့ မိသားစုအားလုံးအတွက် လေအေးခံရာ နိဗ္ဗာန်ဘုံလေးတစ်ခု ဖြစ်ခဲ့ပါတယ်။

ပိုက်လုံးနဲ့ ရေသွယ်ထားတာရှိသော်လည်း ရေကတော့ စိတ်ညစ်စရာကောင်းလောက်အောင် ရတစ်ချက် မရတစ်ချက်ပါပဲ။ မြေအောက်ရေနဲ့ ဆက်သွယ်ထားတဲ့ ရေပန့်ကလည်း လေတွေပဲ မှုတ်ထုတ်နေပါတယ်။ သူတို့မိသားစုဟာ အများသုံးအိမ်သာကိုပဲသုံးနေရပြီး သူတို့ရဲ့ အိမ်သာရေချိုးခန်းကတော့ လိုက်ကာနောက်ကွယ်မှာရှိတဲ့ ရေပုံးတစ်လုံးပါပဲ။

မဆေးကြောမသန့်စင်ရတဲ့အတွက် နေရာတိုင်းဟာ ညစ်ပတ်နေတာပါပဲ။ ကျိန်းသေတာကတော့ ဗိုင်းရပ်စ်က ကျွန်မတို့ကို တိုက်ခိုက်တော့မှာပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်မတို့ဘာလုပ်နိုင်မှာလဲလို့ ဒေဝီရဲ့ အိမ်နီးနားချင်းဖြစ်သူ အနီတာဘစ်ရှ်က ပြောပါတယ်။ ကျွန်မတို့ရဲ့ ကလေးတွေကလည်း အဖျားပြီးနေကြပါပြီလို့ အောက်တစ်ပိုင်းအဝတ်မပါတဲ့ကလေးကို ချီထားရင်း သူက ပြောပါတယ်။

### ရေဟာ ရွှေပါပဲ

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ မဖြစ်ခင်တုန်းက အိန္ဒိယမြို့ပြ ဆင်းရဲသား သန်း ၁၀၀ လောက်ဟာ ရေပြတ်လပ်မှုတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဝန်ကြီးချုပ် နာ ရန် ဒရာမိုဒီရဲ့ အစိုးရဟာ ရေကို အဓိကထိပ်တန်းဦးစားပေးအနေနဲ့ လုပ်ဆောင်နေပြီး ၂၀၂၄ ခုနှစ်မှာ အိမ်ထောင်စု ၁၄၅ သန်းကို ရေပေးဝေနိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်လည်း လတ်တလောမှာ ၁ ဒသမ ၃ ဘီလီယံရှိတဲ့ နိုင်ငံ့လူဦးရေ သုံးပုံတစ်ပုံလောက်ဟာ နွေရာသီမှာ ရေဘုံဘိုင်ခေါင်းတွေ ခြောက်သွေ့ပြီး ရေပြတ်လပ်မှုတွေ ကြုံတွေ့နေရတာကြောင့် အဝတ်လျှော်ဖွပ်ခြင်းနဲ့ ရေချိုးခြင်းတွေ မလုပ်ရပါဘူး။

နွေရာသီမှာ ရေဒုက္ခခံစားနေရတဲ့ ဒေသတွေကို ရေကားတွေနဲ့ ရေတွေဖြန့်ဝေပေးနေပါတယ်။ သို့သော်လည်း ရေရရှိဖို့ တန်းစီစောင့်ဆိုင်းနေရင်း အချင်းချင်း ခိုက်ရန် ဒေါသမဖြစ်တဲ့နေ့ဆိုတာ မရှိပါဘူး။ လွန်ခဲ့တဲ့နှစ်က တောင်ပိုင်း ချန်နိုင်းမြို့မှာ ရေလုံးဝပြတ်လပ်သွားပါတယ်။

### ပြင်းထန်တဲ့အပူဒဏ်ကို ခံစားရမယ်

အပူလှိုင်းတွေလည်း မကြာခဏဆိုသလို တိုး၍တိုး၍ ဖြစ်ပေါ်လာပြီး အနောက်ပိုင်း ရာဂျက်စတန်ပြည်နယ်ဟာ ယခုသီတင်းပတ်မှာ အပူချိန် ၅၀ ဒီဂရီဆဲလ်စီးရပ်စ်ထိ မြင့်တက်ခဲ့ပါတယ်။ ဒေလီရဲ့ အစိတ်အပိုင်း အတော်များများဟာ နှစ်ပေါင်း ၂၀ နီးနီး မေလအပူချိန်ဟာ အပူဆုံးအဖြစ် စံချိန်တင်ခဲ့ပါတယ်။

အပူလှိုင်းရိုက်ခတ်မှုကြောင့် ၂၀၁၅ ခုနှစ်ကစပြီး အိန္ဒိယနိုင်ငံတစ်ဝန်း လူပေါင်း ၃၅၀၀ လောက် သေဆုံးခဲ့တယ်လို့ အစိုးရရဲ့ စာရင်းဇယားတွေအရ သိရပါတယ်။ ထို့အတူ လယ်သမားတွေလည်း မိုးခေါင်ရေရှားမှုက အသီးအနှံတွေကို ဖျက်ဆီးပြီး ဆင်းရဲဝန်ပိစေတဲ့အတွက် ဒဏ်မခံနိုင်တဲ့ နောက်ဆုံး သူတို့ကိုယ်သူတို့ သတ်သေတဲ့ သူတွေတောင် ရှိခဲ့ပါတယ်။

တချို့ အိန္ဒိယမိသားစုဝင်တွေ ဝင်ငွေမြင့်မားလာတဲ့အတွက် ဇိမ်ခံပစ္စည်းတွေကို ဝယ်ယူနိုင်သော်လည်း အဲကွန်းရှိတဲ့ အိန္ဒိယမိသားစုဝင်အရေအတွက်ဟာ ၇ ရာခိုင်နှုန်းပဲရှိပါတယ်။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဉာဏ်ကြီးရှင်အဖွဲ့မှ တာရွန်ဂိုပါလာခရစ်ရှ်နန်က အိန္ဒိယနိုင်ငံဟာ အနာဂတ်ကာလမှာ ပြင်းထန်တဲ့ အပူနဲ့ ရင်ဆိုင်ခံစားရမယ်လို့ ပြောပါတယ်။

### ရေရရေး အလုအယက်ကြိုးစားကြ

မိမိတို့ ရာသီအလိုက် သဘာဝတရားကြီးကို ပြန်ကြည့်မယ်ဆိုရင် အပူချိန်ဟာ တဖြည်းဖြည်း မြင့်တက်လာတယ်ဆိုတာကို တွေ့ရမှာဖြစ်ပြီး အဲဒါက လူမှုအနှောင့်အယှက် ဖြစ်ပေါ်စေလာနိုင်တယ်လို့ သူက ဆက်ပြောပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ကိုရိုနာဗိုင်းရပ်စ် အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို တဖြည်းဖြည်း ဖြေလျှော့ပေးနေသော်လည်း လတ်တလော အပူချိန်မြင့်မားမှုဆိုင်ရာ ကန့်သတ်ချက်တွေကတော့ ပိုဆိုးလာပါတယ်။ လူဦးရေ သန်း ၂၀ လောက်ဖွေးဖွေးလှုပ်နေတဲ့ ဒေလီမှာ တစ်နေ့ကို ရေလိုအပ်ချက်ဟာ ဂါလန်သန်း ၁၂၀၀ (လီတာသန်း ၇၆၀) လောက်ရှိပါတယ်။

ရေကားအလာကို စောင့်နေတဲ့ အခြေအနေဟာ ကိုရိုနာဗိုင်းရပ်စ်မြို့တော်ကို ဖိစီးနှိပ်စက်တဲ့အခြေအနေထက်တောင် ဆိုးနေပါသေးတယ်။ ပလတ်စတစ်ရေပုံးတွေ၊ ရေဘူးတွေနဲ့ နာရီပေါင်းများစွာကြာအောင် ရေရဖို့အရေး စီတန်းစောင့်ဆိုင်းနေကြပါတယ်။ ရေဒုက္ခကြောင့် မိမိတို့အနေနဲ့ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေရမယ်ဆိုတဲ့ စည်းမျဉ်းကိုတောင် မလိုက်နာနိုင်ဘူးလို့ ဆင်းရဲသားတစ်ဦးဖြစ်တဲ့ လက်ခ်ပက်က ပြောပါတယ်။ လူတွေဟာ သူ့ထက်ငါအရင် ရေပုံးတွေ ရေပြည့်ရေး အလုအယက်ကြိုးစားနေကြပါတယ်။

အခုဆိုရင် အိန္ဒိယနိုင်ငံရဲ့ဆင်းရဲသားအများစုဟာ အပူဒဏ်ခံရတဲ့ဒုက္ခ၊ ရေဒုက္ခတွေသာမက အိမ်တွင်းအောင်းသာ နေထိုင်ရန် ကန့်သတ်ခံရခြင်းဒုက္ခ၊ အသွားအလာ ကန့်သတ်ခံရခြင်းဒုက္ခတွေကို ခါးသီးစွာခံစားနေရပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ရိုက်ခတ်မှုကလည်း နေ့စဉ်လူနေမှုဘဝကို ခြိမ်းခြောက်နေသလို အပူဒဏ်နဲ့ ရေဒုက္ခတွေပါပေါင်းစပ်လိုက်တော့ ကြမ်းတမ်းမှုပြည့်စုံတဲ့ ဘဝမုန်တိုင်းတစ်ခုလို့တောင် ဆိုရမလိုဖြစ်နေပါပြီ။ ။

ကိုးကား - အေအက်ဖ်ပီ

> “နွေရာသီမှာ ရေဒုက္ခခံစားနေရတဲ့ ဒေသတွေကို ရေကားတွေနဲ့ ရေတွေ ဖြန့်ဝေပေးနေပါတယ်။ သို့သော်လည်း ရေရရှိဖို့ တန်းစီစောင့်ဆိုင်းနေရင်း အချင်းချင်း ခိုက်ရန်ဒေါသ မဖြစ်တဲ့နေ့ဆိုတာ မရှိပါဘူး။ လွန်ခဲ့တဲ့နှစ်က တောင်ပိုင်း ချန်နိုင်းမြို့မှာ ရေလုံးဝပြတ်လပ်သွားပါတယ်”

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၉-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၂၈-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၄၆၂) ခုနှင့် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ(၃၇) ခုတို့တွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၈-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၉၃၂) ခု၊ ဆေးသုတေသနဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၄၈) ခု၊ ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၃၁) ခု၊ စုစုပေါင်း (၁,၂၁၁) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၃။ (၂၉-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၆)ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၉-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၈-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၉၃၂) ခု |
| (၂၈-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄၈) ခု |
| (၂၈-၅-၂၀၂၀) ရက်နေ့အတွက် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၃၁) ခု |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၉-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၄၆၉)ခု၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၂) ခု၊ စုစုပေါင်း (၅၆၁)ခုတွင်-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦးတွေ့ရှိရပါသည်။

၂။ (၂၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၇) ဦးရှိပါသည်။

၃။ (၂၉-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၄) ဦး(Case-78, 138, 145, 168) ရှိခဲ့သဖြင့် စုစုပေါင်း(၁၃၀) ဦးရှိပြီး ၎င်းတို့အနက် (၁၂၂) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၈-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၉-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၅) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၉-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၆၉) ခု |
| (၂၉-၅-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်-၁,၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၂၀၇) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၁၃၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၂၉-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 207 | ၄၄ နှစ် | ကျား | မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | ရှိ (မလေးရှား) | ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထား ရှိသူ (ပုသိမ်မြို့နယ်) |

## ကိုဗစ် - ၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရန် ကျောက်ကြီးမြို့၌ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေ

**ကျောက်ကြီး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့၌ မေ ၂၉ ရက်က မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ ဦးဆောင်စီစဉ်မှုဖြင့် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လှုံ့ဆော်ရေးဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် နှာခေါင်းစည်း ၁၀၀၀ အခမဲ့ ဖြန့်ဝေခြင်းလုပ်ငန်း ဆောင်ရွက်သည်။

အဆိုပါလှုပ်ရှားဆောင်ရွက်ရာတွင် ကျောက်ကြီးမြို့ မြို့လယ်ခေါင် လမ်းဆုံ၊ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုအဝိုင်း၊ စည်ပင်သာယာဈေး အတွင်းအပြင်ရှိ ဈေးရောင်းဈေးဝယ်များ၊ လမ်းသွားလမ်းလာများကို ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လှုံ့ဆော်ရေးမော်တော်ယာဉ်ဖြင့် လှုံ့ဆော်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း လုပ်ငန်းကို မြို့နယ်လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုသားကြီး( ကျောက်ကြီး)**

# COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှု တစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည် ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများ ရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်း တွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာ ခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှု မပြုပါက ဆိုးရွားသော စိတ်မောပန်း ကျဆင်းသည့်အဆင့် သို့ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

# စီးပွားရေးအကျပ်အတည်းမှ ပြိုင်တူရုန်းထွက်ကြစို့

■ ဒေါက်တာမောင်အောင် ■

ယနေ့တစ်ကမ္ဘာလုံး တွေ့ကြုံနေရသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကပ်ဘေးကြောင့် လူသားအားလုံးအတွက် အသက်ရှင်သန်ရေး၊ အလုပ်အကိုင်နှင့် ပုံမှန်ဝင်ငွေရရှိရေး၊ စီးပွားရေး၊ လူမှုရေးဘက်စုံထောင့်စုံ စိန်ခေါ်မှုများ၊ မသေချာမှုများကြောင့် အနည်းနှင့်အများ စိတ်ပူပန်နေရသည့် အချိန်ကာလလည်း ဖြစ်သည်။ ယခုအခါ နိုင်ငံအများစုတွင် ရောဂါပြန့်ပွားမှုကို အတော်အသင့် ထိန်းချုပ်လာနိုင်ပြီဖြစ်သော်လည်း စိတ်ချရသည့်အခြေအနေ မရှိသေးပေ။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကလည်း ကိုဗစ်-၁၉ ကူးစက်ရောဂါသည် အလျှင်းပျောက်ရန် မဖြစ်နိုင်သေးဘဲ အချိန်ကာလတစ်ခုအထိ ဆက်လက်ရှိနေဦးမည်သာဖြစ်ကြောင်း ပြောကြားမှုများလည်း ရှိသည်။ နိုင်ငံအသီးသီးရှိ ဆေးဘက်ဆိုင်ရာ ပညာရှင်၊ ဆေးကုမ္ပဏီများအနေဖြင့် ကာကွယ်ကုသဆေး ပေါ်ပေါက်စေရန် အတူကြိုးစား လုပ်ဆောင်နေပြီ ဖြစ်သည်။

### တစ်ဦးချင်းမှစ၍ ပြင်ဆင်ပါ

ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်ရေးအတွက် ဖြစ်ပေါ်နေသည့် လူမှုစီးပွားဘဝတွင် ပုံစံသစ် (New Normal) အတွက် အမြန်ဆုံးလိုက်လျောညီထွေ ရှိစေရန် ပြင်ဆင်ရေးပင်ဖြစ်သည်။ ကိုဗစ်-၁၉ ကျော်လွှားနိုင်ရေးအတွက် မိမိကိုယ်တိုင်ကစပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားချက်များကို အလေးထားလိုက်နာ ကျင့်သုံးရေးပင် ဖြစ်သည်။ ရောဂါကူးစက်မှု မဖြစ်စေရန်အတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အပြင်သိပ်မထွက်ဘဲ အိမ်မှာနေခြင်း၊ အပြင်ထွက်လျှင် နှာခေါင်းစည်းတပ်ခြင်း၊ သတ်မှတ်အကွာအဝေးအတိုင်း နေထိုင်ခြင်း၊ လက်မကြာမကြာ ဆေးကြောခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း စသည်တို့ပင်ဖြစ်သည်။ ထို့ပြင် ရောဂါမကူးစက်နိုင်ရန်အတွက် အခြားလိုအပ်ချက်များဖြစ်သည့် ကိုယ်ခံစွမ်းအားကောင်းနေစေရန်အတွက် အာဟာရပြည့်ဝအောင် စားသောက်ခြင်း၊ အိပ်ရေးဝအောင် အိပ်စက်ခြင်း၊ နေ့စဉ်ပုံမှန် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပြုလုပ်ခြင်းတို့ကိုလည်း နေ့စဉ်ပုံမှန်လုပ်ဆောင်ရမည်ဖြစ်သည်။ ယခုကာလ လူနေမှုဘဝတွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေပါဟူသည့် လက်သုံးစကားကို အထူးလိုက်နာရမည်ဖြစ်သည်။ ထို့အတွက် လူစုလူဝေးဖြစ်စေသည့် မိသားစုအခြေခံပွဲလမ်းများ၊ ဘာသာရေးပွဲလမ်းများ၊ ဖျော်ဖြေရေးများ၊ စားသောက်ဆိုင်များ၊ ကျန်းမာရေးစင်တာများ၊ ကုန်စုံဆိုင်ကြီးများ၊ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများ၊ ပင်လယ်ကမ်းခြေများ၊ အများပြည်သူဆိုင်ရာ အပန်းဖြေပန်းခြံများ၊ သန့်စင်ခန်းများ၊ ရေကူးကန်များ အသုံးပြုမှုများကို အတတ်နိုင်ဆုံး ရှောင်ရှားရမည်ဖြစ်သည်။ ထို့အတူ အပြင်ထွက် အလုပ်လုပ်သူများအတွက် မသုံးမဖြစ် သုံးစွဲနေရသည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်သည့် ယာဉ်များအသုံးပြုရာတွင်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာရန်လိုသလို ဖြစ်နိုင်လျှင် ယခုကာလများအတွင်း အိမ်မှ အလုပ်လုပ်ခြင်း (Work from home) ကို အားပေးရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် လူတို့၏ လူနေမှုဘဝတွင် ယခင်အတိုင်း ပြန်ဖြစ်ရန် မလွယ်ကူပေ။ သေချာသည့်အချက်မှာ ကိုဗစ်-၁၉ ကြောင့် တစ်ကမ္ဘာလုံးရှိ လူသားများ၏ လူနေမှုပုံစံ၊ အလုပ်လုပ်သည့်နည်းလမ်း၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ရောင်းဝယ်ခြင်းများ၊ ဘဏ်လုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ၊ အားကစားလုပ်ငန်းများ စသည်တို့အားလုံး ယခင်ပုံစံမဟုတ်တော့ဘဲ ပုံစံအသစ်များ ဖြစ်လာနေပေသည်။ လူတိုင်းအနေဖြင့်လည်း ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အသက်ရှင်သန်ရေးအတွက် လိုအပ်ချက်ဖြစ်သည့် ပုံစံအသစ်ကို လက်ခံရမည်ဖြစ်သလို အမြန်ဆုံး အံဝင်ခွင်ကျဖြစ်လာစေရန် ကြိုးစားရမည်ဖြစ်သည်။

### လုပ်ငန်းရှင်များ စိတ်ဓာတ်ခွန်အားသစ်ဖြင့် New Normal ကို ရင်ဆိုင်ပါ

အနာဂတ်မရေရာ မသေချာမှုများကြောင့် လူတိုင်း၏စိတ်ဝယ် စိုးရိမ်မှုများကြောင့်လည်း လူမှုစီးပွားရေးပုံစံအသစ်ကို လက်ခံဆောင်ရွက်ရန် အစောပိုင်းတွင် ခက်ခဲနေဦးမည်သာ ဖြစ်သည်။ ယခုအခါ စီးပွားရေးပိုင်းဖြစ်သည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းအများစုကို ပိတ်ထားခဲ့ရသည့်အတွက် လုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းများ၊ ရှင်သန်တိုးတက်ရေးထိခိုက်သလို အလုပ်အကိုင်များ ပျောက်ဆုံးရသည့်အတွက် အလုပ်လက်မဲ့များလာမှုနှင့်အတူ လက်လုပ်လက်စား လူတန်းစားအတွက် စားဝတ်နေရေးအတွက်ပါ ခက်လာသည့်အတွက် နိုင်ငံတော်က အရန်စားနပ်ရိက္ခာများ ထားရှိပြီး ဆင်းရဲသည့် အိမ်ထောင်စုများအတွက် ရိက္ခာဖြန့်ဝေမှုများ ပြုလုပ်နေပြီဖြစ်သည်။ တစ်ဖက်တွင်လည်း အလုပ်ရှင်များဖြစ်သည့် လမ်းဘေးဈေးသည်မှအစ ကုမ္ပဏီလုပ်ငန်းကြီးများအထိ ခက်ခဲသည့် ယခုကာလကို ကြံ့ကြံ့ခံပြီး ကျော်လွှားနိုင်ရေး အထူးရုန်းကန်ရမည့်အချိန် ဖြစ်သည်။ လုပ်ငန်းရှင်တစ်ဦးချင်းအနေဖြင့် ကိုဗစ်ကာလတွင် မိမိလုပ်ငန်း ပြုတ်မသွားရေးနှင့် ဆက်လက်ရှင်သန်နိုင်ရေးကိုသာ စိတ်ဓာတ်ခိုင်ခိုင်မာမာဖြင့် တောင့်ခံနိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ ထုတ်လုပ်မှု လုပ်ငန်းများဖြစ်လျှင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အလုပ်ခွင်ဘေးကင်းလုံခြုံမှု ရှိစေရမည်ဖြစ်သည်။ အရောင်းကျဆင်းသည့် ကာလဖြစ်သည့်အတွက် စရိတ်အနည်းဆုံးဖြင့် ထုတ်လုပ်နိုင်ရန် စီမံခြင်း၊ ရောင်းဝယ်သည့် လုပ်ငန်းဖြစ်လျှင် စားသုံးသူများ၏ လက်ရှိကာလ လိုအပ်ချက်များ မည်သည့်နည်းလမ်းဖြင့် ရောင်းဝယ်မည်၊ online ဖြင့် ရောင်းချခြင်း၊ အိမ်တိုင်ရာရောက် door to door စနစ်ဖြင့် ရောင်းချခြင်း စသည်တို့ကိုပါ လုပ်ဆောင်နိုင်ရမည်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် မိမိလုပ်ငန်းတွင်ရှိနေသည့် ဝန်ထမ်းများ၊ အလုပ်သမားများနှင့် ပတ်သက်၍လည်း အတတ်နိုင်ဆုံး အလုပ်ပြုတ်မသွားစေရေးအတွက် အနစ်နာခံရမည့်အချိန်ဖြစ်သည်။ "ဆိုးတူကောင်းဖက်"ဆိုသည့် စကားနှင့်အညီ ယခုလို ဆိုးရွားသည့်အချိန်တွင် အတူတကွ မျှဝေခံစားနိုင်အောင် မေတ္တာတရားထားရမည်ဖြစ်သည်။ ထို့အတူ အခက်အခဲကာလတွင် လုပ်ငန်းတူ၊ ထုတ်ကုန်တူအချင်းချင်း ပိုမိုတွေ့ဆုံဆွေးနွေးပြီး အမြန်ကျော်လွှားနိုင်ရေးအတွက် အကြံဉာဏ်ကောင်းများ ဖလှယ်ကြရမည် ဖြစ်သည်။ အရေးကြီးသည်မှာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတိုင်း၏ အစိုးရများအနေဖြင့် စီးပွားရေးပြန်လည်နာလန်ထူစေရန်အတွက် ပံ့ပိုးမှုနှင့် ဖြေလျှော့ပေးမှုအမျိုးမျိုး ဆောင်ရွက်ပေးနေသည့်အတွက် အဆိုပါပံ့ပိုး ဖြေလျှော့မှုများကို ရရှိစေရန် ကြိုးစားရမည်ဖြစ်သည်။ လုပ်ငန်းရှင်တိုင်း New Normal အပြောင်းအလဲတစ်ခုအတွင်း ပြင်ဆင်သင့်သည့်အချက်များကို အမြန်ဆုံးဆောင်ရွက်ရေးနှင့် ခံနိုင်ရည်ရှိသည့်လုပ်ငန်းဖြစ်စေရန် အထူးကြိုးစားရပေမည်။

> "ကိုဗစ်ကြောင့် လူနေမှု၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ ဆက်သွယ်လုပ်ကိုင်မှု၊ ရောင်းဝယ်ခြင်း၊ ဖျော်ဖြေရေး၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား စသည့် လုပ်ဆောင်မှုတိုင်း ယခင်အတိုင်း ပြန်ဖြစ်ဖို့ထက် ပြောင်းလဲမှုရှိလာမည်မှာ အမှန်ဖြစ်သည်။ ထို့အတွက်လည်း လူတိုင်းအဟောင်းပုံစံ (Old Model) မှ အသစ်ပုံစံ (New Model) ပြောင်းလဲနိုင်မှသာ ရေရှည်ရှင်သန်နိုင်ပြီး ခံနိုင်ရည်ရှိသည့် လုပ်ငန်းများ ဖြစ်လာပေမည်"

### ဝန်ထမ်း၊ လုပ်သားများနှင့် အလုပ်ရှာနေသူများ

ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်ဝန်းလုံးရှိ စီးပွားရေးလုပ်ငန်းများ အများစု ယာယီရပ်ဆိုင်းလိုက်မှုကြောင့် စီးပွားရေးလုပ်ငန်းများ ဆက်လက်ရှင်သန်ရေးအတွက် အခက်အခဲများ ရှိလာခြင်း၊ အကြွေးပိုမိုတက်လာခြင်း၊ အချို့လုပ်ငန်းများ ပိတ်သိမ်းခြင်း၊ ဒေဝါလီခံခြင်း၊ အလုပ်ပြုတ်သူများ သိသိသာသာများလာခြင်း၊ ရွှေ့ပြောင်းလုပ်သားများ နေရပ်ပြန်စေခြင်းနှင့် အဝင်မခံတော့ခြင်း၊ စားသောက်ကုန်များမှလွဲ၍ လောင်စာဆီဈေးနှုန်း၊ စတော့ရှယ်ယာဈေးနှုန်း၊ အိမ်ခြံမြေ ဈေးနှုန်းများကျဆင်းခြင်းစသည်တို့ကြောင့် နိုင်ငံတိုင်း စီးပွားရေးကျပ်တည်းလာမှုနှင့်အတူ အလုပ်လက်မဲ့ဦးရေ သိသိသာသာ များလာခြင်း ဖြစ်သည်။ ထိုနည်းတူ မြန်မာနိုင်ငံတွင်လည်း ယခုကာလတွင် အလုပ်လက်မဲ့ဦးရေ အများဆုံးနှင့် အလုပ်အကိုင်ရရှိနိုင်ရန်အတွက် အခွင့်အရေး နည်းနေသည့်အချိန် ဖြစ်သည်။

ပုဂ္ဂလိက SMES လုပ်ငန်းများ၏ အခက်အခဲများကြောင့် အလုပ်လက်မဲ့များ ဖြစ်ပေါ်နေခြင်းထက် ကမ္ဘာတစ်ဝန်းလုံးနှင့် ချိတ်ဆက်ဆောင်ရွက်ရသည့် စက်ရုံများ ကိုဗစ်-၁၉ ကြောင့် ပိတ်သိမ်းလာမှုကြောင့် သောင်းနှင့်ချီသည့် အလုပ်လက်မဲ့များ ဖြစ်လာခြင်းပင် ဖြစ်သည်။ တချို့ ပိတ်သိမ်းသည့် စက်ရုံများမှာ လုပ်ငန်းလည်ပတ်မှုကို အနှောင့်အယှက်ပေးသည့် ဆန္ဒပြမှုများကြောင့်လည်း ကိုဗစ်-၁၉ ကိုအကြောင်းပြကာ ရပ်သိမ်းသွားမှုများကိုလည်း ကြားသိနေရသည်။ အလုပ်လက်မဲ့ဖြစ်သွားကြသည့် လုပ်သားများနှင့် မှီခိုနေကြသည့် မိသားစုဝင်များ၏ စားဝတ်နေရေးများမှာ ခက်ခဲသွားနိုင်ပေသည်။ အထူးသဖြင့် ကမ္ဘာတစ်ဝန်းလုံးနှင့် ဆက်နွှယ်နေသည့် စက်ရုံများတွင် အလုပ်လုပ်နေကြသူများ၊ အလုပ်လုပ်မည့်သူများအနေဖြင့် အထူးသတိပြုရမည့်အချက်မှာ မိမိကြောင့် မိမိနိုင်ငံ့ပုံရိပ် မထိခိုက်စေရေးပင် ဖြစ်သည်။ ကိုဗစ်ကြောင့် အလုပ်လက်မဲ့များ ဖြစ်လာသလို ကိုဗစ်ကြောင့် အလုပ်၏ တန်ဖိုး ပိုမိုနားလည် သဘောပေါက်လာကြပြီဖြစ်သည်။

အလုပ်နှင့် ပတ်သက်၍ ဂျပန်လူမျိုးတို့၏ စိတ်နေသဘောထားနှင့် ကြိုးစားမှုကို အတုယူဖွယ်ဖြစ်သည်။ ဂျပန်လူမျိုးတို့ အလုပ်ကို အထူးအလေးထား ကြိုးစားလေ့ရှိပြီး အလုပ်ပြုတ်မှာ သေမလောက်ကြောက်သလို မိမိချို့ယွင်း အားနည်းချက်ကြောင့် အလုပ်ပြုတ်လျှင်လည်း အလုပ်သစ်ရရှိရန် လွန်စွာခက်ခဲလေ့ ရှိသည်။ လုပ်ခလစာနှင့် ရာထူးအဆင့်အတန်းမှာလည်း မိမိကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်နှင့် လုပ်သက်အတွေ့အကြုံပေါ် မူတည်ပြီးသာ ရရှိကြသည်။ အလုပ်ရှင်နှင့် အလုပ်သမားသည် စီးပွားဖက်၊ မိတ်ဖက်များပင်ဖြစ်ပြီး အပြန်အလှန်အကျိုးပြုနေသူများ ဖြစ်သည့်အလျောက် လုပ်ငန်းရှင်သန်ကြီးပွားတိုးတက်မှသာ နှစ်ဦးစလုံး အကျိုးရှိမည်ဖြစ်သည်။ လုပ်ငန်း၏ အကျိုးစီးပွားထိခိုက်ပျက်စီးစေမည့် ကိုယ်နှုတ်အမူအရာအားလုံးမပြုအပ်ပေ။ လက်ရှိအလုပ်လုပ်နေသည့်သူများ၊ အလုပ်ရှာနေသည့်လူများ အနေဖြင့် စွဲကိုင်ထားရမည့်ခံယူချက်မှာ မိမိအလုပ်ကို မြတ်နိုးတန်ဖိုးထားသည့် အပြုသဘောစိတ်ဓာတ် လုပ်သားတိုင်း ရှိရမည်ဖြစ်သည်။

ထို့ပြင် ကမ္ဘာတစ်ဝန်းလုံးနှင့် ဆက်စပ်လုပ်ငန်းမှန်သမျှ လုပ်ခ၊ လစာများသည် မိမိကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်ပေါ် မူတည်သည့်အတွက် မိမိအလုပ်ကို အာရုံအပြည့်ထားကာ တစ်ရက်ထက်တစ်ရက် ပိုမိုကျွမ်းကျင်တတ်မြောက်အောင် အစဉ်ကြိုးစားလုပ်ဆောင်ရမည် ဖြစ်သည်။ အထူးသတိပြုရမည့်အချက်မှာ လုပ်ငန်းကို ထိခိုက်စေမည့် မည်သည့်လုပ်ဆောင်မှုမျိုး ကိုယ်တိုင်မလုပ်စေရေးနှင့် ဖျက်လိုဖျက်ဆီးပြုလုပ်သူများ၏ စကားကို လုံးဝနားမယောင်မိစေရန် လိုအပ်ပေသည်။ ကမ္ဘာတစ်ဝန်းလုံးနှင့် ဆက်စပ်နေသည့် စက်ရုံကြီးများ ပိုမိုဝင်ရောက်လာရေးအတွက် အဓိကစိန်ခေါ်မှုဖြစ်နေသည့် လုပ်ငန်းထိခိုက်သည့်ဆန္ဒပြမှုများ ကင်းဝေးမှသာ အံ့နှင့်ကျင်းနှင့် အလုပ်အကိုင်သစ်များကို ရရှိနိုင်မည်ဖြစ်၍ တစ်ဦးချင်းပြောင်းလဲမှုကို အခြေခံပြုပြီး လုပ်သားထုတစ်ရပ်လုံး အမြန်ဆုံးပြောင်းလဲရတော့မည် ဖြစ်သည်။

### ကိုဗစ်ကြောင့်ပြောင်းလဲလာမည့် ဈေးကွက်အခြေအနေ

ကိုဗစ်ကြောင့် လူနေမှု၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ ဆက်သွယ်လုပ်ကိုင်မှု၊ ရောင်းဝယ်ခြင်း၊ ဖျော်ဖြေရေး၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား စသည့် လုပ်ဆောင်မှုတိုင်း ယခင်အတိုင်းပြန်ဖြစ်ဖို့ထက် ပြောင်းလဲမှုရှိလာမည်မှာ အမှန်ဖြစ်သည်။ ထို့အတွက်လည်း လူတိုင်းအဟောင်းပုံစံ (Old Model) မှ အသစ်ပုံစံ (New Model) ပြောင်းလဲနိုင်မှသာ ရေရှည်ရှင်သန်နိုင်ပြီး ခံနိုင်ရည်ရှိသည့် လုပ်ငန်းများ ဖြစ်လာပေမည်။

အထူးသဖြင့် စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်နိုးထလာစေရန်အတွက် လုပ်ငန်းရှင်တိုင်း ကိုဗစ်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးပင် ဖြစ်သည်။ ယခင် တည်ဆောက်ထားသည့်လုပ်ငန်း ပြန်လည်၍ ဘက်ပေါင်းစုံမှ ပြန်လည် သုံးသပ်ပြီး ပို၍ကောင်းစေရန် ပြန်လည်ဖွဲ့စည်းခြင်း၊ ပြောင်းလဲနေသည့် စားသုံးသူဝယ်လိုအားနှင့် ဈေးကွက်အခြေအနေပေါ် မူတည်၍ တုံ့ပြန်ရမည်ဖြစ်သည်။ ကာလတို နှစ်နှစ်မှ သုံးနှစ်အတွင်း ကိုဗစ်ရောဂါ အရှင်းမပျောက်သေးသရွေ့ ခရီးသွားနှင့် ဟိုတယ်ဝန်ဆောင်မှု၊ သယ်ယူပို့ဆောင်ရေး၊ ဖျော်ဖြေရေး၊ တစ်ကမ္ဘာလုံးနှင့် ဆက်သွယ်ထုတ်လုပ်သည့် လုပ်ငန်းများ အထနှေးနေဦးမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ကိုဗစ်ဖြစ်နေချိန် လူတိုင်းအသက်ရှင်သန်ရေးအတွက် အရေးကြီးဆုံးမှာ စားသောက်ကုန်များ၊ အခြေခံဆေးဝါးများနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် online ဆိုင်ရာ ဆက်သွယ်ရေး ဝန်ဆောင်မှုများပင် ဖြစ်သည်။

စားသောက်ကုန်ဆိုလျှင် ပြည်တွင်းဈေးကွက် လိုအပ်ချက်သာမက တစ်ကမ္ဘာလုံး၏ လိုအပ်ချက်ဖြစ်၍ ဝယ်လိုအားကောင်းကာ အမြင့်ဈေးတွင်ရှိနေသဖြင့် လုပ်ငန်းရှင်များပို၍ အလေးပေးသင့်ပေသည်။ လယ်ယာအခြေခံနှံစားသီးနှံများ၊ ဆီထွက်သီးနှံများ၊ သစ်သီးဝလံများ၊ ရေထွက်ပစ္စည်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ စားသောက်ကုန် အခြေခံအရည်အသွေးမြင့်လုပ်ငန်းများ စသည်ဖြင့် လုပ်ငန်းများစွာ ရှိနေဆဲပင်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ယခင်ကထက် နည်းပညာအသုံးပြုမှု ပိုမိုလုပ်ဆောင်ရမည်ဖြစ်ပြီး e-trading, online shopping၊ အိမ်ရောက်ပို့ဆောင်သည့် ဝန်ဆောင်မှုစနစ် (door to door service) စသည်တို့ လုပ်ငန်းတိုင်း ပို၍ဆောင်ရွက်ရတော့မည်ဖြစ်သည်။

### ပြည်သူသာလျှင် အဓိက

စီးပွားရေးအကျပ်အတည်းမှ အမြန်ဆုံး လွတ်မြောက်စေရေးအတွက် ပဓာနအကျဆုံးမှာ တစ်ဦးချင်းမှစ၍ ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု၊ စွမ်းဆောင်ရည်ရှိမှုနှင့် ကြိုးစားအားထုတ်မှုပင် ဖြစ်သည်။ ကိုဗစ်ကြောင့် စက်မှုတော်လှန်ရေး 4.0 ၏နည်းပညာသစ်များ တစ်ကမ္ဘာလုံး ၏ကဏ္ဍတိုင်းတွင် ပို၍အသက်ဝင်လာတော့မည်ဖြစ်သည်။ သေချာသည့် အချက်မှာ အနာဂတ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် နည်းပညာအသုံးပြုနိုင်မှုအပေါ် များစွာမူတည်တော့မည်ဖြစ်၍ ပြည်သူအားလုံး ယခုမှစ၍ မိမိနှင့်ဆိုင်သည့် လုပ်ငန်းများနှင့် စိတ်ဝင်စားသည့်လုပ်ငန်းများတွင် ယခင်ကထက် စွမ်းဆောင်ရည် ပိုမိုတိုးတက်ရေးနှင့် အသိပညာခေတ်၏ နည်းပညာသစ်များကိုလည်း ပိုမိုလေ့လာပြီး လက်တွေ့အသုံးချနိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကိုဗစ်ကြောင့် ဖြစ်ပေါ်နေသည့် စီးပွားရေးအကျပ်အတည်း၊ အခက်အခဲများမှ အမြန်ဆုံးကျော်လွှားနိုင်ရေးအတွက် ပြည်သူတိုင်း မိမိစွမ်းဆောင်ရည် တိုးတက်အောင်ကြိုးစားပြီး ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့်သာ မျှော်မှန်းနိုင်မည်ဖြစ်ပေသည်။ ။

# မေ ၂၇ ရက်နှင့် ၂၈ ရက် နှစ်ရက်ဆက်တိုက် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ တွေ့ရှိခြင်း မရှိခဲ့ဘဲ မေ ၂၉ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၁ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၇ ဦး ရှိသွားပြီ

**နေပြည်တော် မေ ၂၉**

မေ ၂၇ ရက်နှင့် ၂၈ ရက် တို့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တွေ့ရှိခြင်း မရှိခဲ့ဘဲ မေ ၂၉ ရက်တွင် ကိုဗစ်–၁၉ ရောဂါပိုးရှိသူ ၁ ဦး တွေ့ရှိကြောင်း၊ ၎င်းမှာ မလေးရှားနိုင်ငံမှ ပြန်လာသည့် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်နေသူဖြစ်ပြီး ပုသိမ်မြို့၌ အသွားအလာ ကန့်သတ်ထားသည့် အသက် ၄၄ နှစ်အရွယ် အမျိုးသားဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၀၇ ဦး ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၀၇ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၃၀၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၂၂ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၃၉၅၁ | ၂၀၇ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၃၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၄၈၈၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၂၂ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၆၁ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | မန္တလေး | ၃ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | နေပြည်တော် | ၂ | |
| ၉ | ရှမ်း(မြောက်) | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ကချင် | ၁ | |
| | စုစုပေါင်း | ၂၀၇ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၉-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၂၉-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၇၇၁၆၃၁ | ၄၉၉၁၁၃ | ၁၀၃၄၁၇ |
| ၂။ | ဘရာဇီး | ၄၃၈၈၁၂ | ၁၉၃၁၈၁ | ၂၆၇၆၄ |
| ၃။ | ရုရှား | ၃၈၇၆၂၃ | ၁၅၉၂၅၇ | ၄၃၇၄ |
| ၄။ | စပိန် | ၂၈၄၉၈၆ | ၁၉၆၉၅၈ | ၂၇၁၁၉ |
| ၅။ | ဗြိတိန် | ၂၆၉၁၂၇ | စိစစ်ဆဲ | ၃၇၈၃၇ |
| ၆။ | အီတလီ | ၂၃၁၇၃၂ | ၁၅၀၆၀၄ | ၃၃၁၄၂ |
| ၇။ | ပြင်သစ် | ၁၈၆၂၃၈ | ၆၇၁၉၁ | ၂၈၆၆၂ |
| ၈။ | ဂျာမနီ | ၁၈၂၇၁၀ | ၁၆၄၁၀၀ | ၈၅၇၇ |
| ၉။ | အိန္ဒိယ | ၁၆၉၀၁၁ | ၇၂၅၄၃ | ၄၈၂၀ |
| ၁၀။ | တူရကီ | ၁၆၀၉၇၉ | ၁၂၄၃၆၉ | ၄၄၆၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၉ - ၅ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၃၈၆၀ | ၁၈၂၉၄ | ၂၃ |
| အင်ဒိုနီးရှား | ၂၅၂၁၆ | ၆၄၉၂ | ၁၅၂၀ |
| ဖိလစ်ပိုင် | ၁၆၆၃၄ | ၃၇၂၀ | ၉၄၂ |
| မလေးရှား | ၇၇၃၂ | ၆၂၃၅ | ၁၁၅ |
| ထိုင်း | ၃၀၇၆ | ၂၉၄၅ | ၅၇ |
| ဗီယက်နမ် | ၃၂၇ | ၂၇၉ | ၀ |
| မြန်မာ | ၂၀၇ | ၁၃၀ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၄ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၆ | ၀ |

# COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID – 19 ကာလတွင် စိတ်ဖိစီးမှုများကို ကြုံတွေ့လာရတတ်ပါသည်။

ကြုံတွေ့ရသော ကိစ္စအဝဝကို ဒေါသစိတ်ဖြင့်မဖြေရှင်းမိစေရန် အမြဲသတိထားခြင်း၊ စိတ်ထွက်ပေါက်ရရှိစေရေးအတွက် စိတ်လိုက်မာန်ပါမပြုခြင်း၊ အရက်/ မူးယစ်ဆေးဝါး သုံးစွဲမှုတို့ကို ရှောင်ရှားခြင်း၊ အခက်အခဲပြဿနာရပ်များကို မိသားစုဝင်များ (သို့မဟုတ်) အနီးကပ်နေထိုင်သူများနှင့်အတူ ဝိုင်းဝန်းအဖြေရှာခြင်း၊ ရာသီဥတု၊ မိမိ၏ကျန်းမာရေး အခြေအနေတို့နှင့် လျော်ညီစွာ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ မျှတသောအာဟာရ မှီဝဲခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်းတို့သည် စိတ်ဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် နည်းလမ်းများ ဖြစ်ပါသည်။

ထိုနည်းလမ်းများကို တစ်ဦးချင်းက နားလည်သတိပြုဆင်ခြင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် စိတ်ဓာတ်ခွန်အားများကို တိုးတက်ရရှိစေကာ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

# ဒီးမော့ဆိုမြို့နယ်၌ နေအိမ်ပြင်ပထွက်ခွာလျှင် နှာခေါင်းစည်းတပ်ဆင်ခြင်း မရှိသူများအား အရေးယူလျက်ရှိ

**ဒီးမော့ဆို မေ ၂၉**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာ ငွေတောင်ဈေးရှေ့တွင် ယနေ့ နံနက်ပိုင်းက နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိသော ဈေးသူဈေးသားများနှင့် နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာနေသော ပြည်သူများအား မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်ရေးအတွက် ဌာနဆိုင်ရာများနှင့်အတူ စေတနာ့ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဈေးကော်မတီဝင်များက စစ်ဆေး အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဒီးမော့ဆိုမြို့နယ်ရှိ စေတနာ့ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဈေးကော်မတီဝင်များက ဈေးအတွင်းရှိ ဈေးသူဈေးသားများအနေဖြင့် နှာခေါင်းစည်းအား စနစ်တကျ တပ်ဆင်ရေး၊ နှာခေါင်းစည်း တပ်ဆင်ခြင်း မရှိသူများအား ချက်ချင်းဝယ်ယူ တပ်ဆင်စေခြင်းများကို စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထို့နောက် ဈေးရှေ့တွင် နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာနေသော ပြည်သူများအား မဖြစ်မနေ နှာခေါင်းစည်း တပ်ဆင်ရေး စစ်ဆေးဆောင်ရွက်ပြီး နှာခေါင်းစည်း တပ်ဆင်ခြင်း မရှိသူများအား နှာခေါင်းစည်း နှစ်ခုလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ချက်ချင်းဝယ်ယူတပ်ဆင်စေကာ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် မေ ၂၉**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မေ ၂၄ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၃၉ မြို့နယ်ရှိ နေရာ ၆၁ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်း ကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၅၈ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၁၅ ကီလိုဂရမ်၊ ရေ ၄၃၈၀ ဂါလန် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်



မေ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ Summer Palace Hotel ၌ COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး လွှတ်တော်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

# လားရှိုးမြို့ရှိ ဒေသခံတိုင်းရင်းသား အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများနှင့် ငွေကျပ် တစ်သောင်းစီ ထောက်ပံ့

**လားရှိုး မေ ၂၉**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းနှင့် ဘဏ်အရာထမ်း၊ အမှုထမ်းများ၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီဝင်များ၊ ပရဟိတအဖွဲ့များသည် မေ ၂၉ ရက် နံနက် ၁၀ နာရီတွင် လားရှိုးမြို့ မန်ဆူဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ဆန် ၂၆ အိတ်၊ ဆီရှစ်ပုံး၊ ဆားသုံးအိတ်နှင့် ကုလားပဲသုံးအိတ်တို့ကို မန်ဆူဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကမ္ဘောဇဘဏ်လီမိတက်နာယက ဦးအောင်ကိုဝင်းနှင့် ဇနီးမိသားစုက အလှူငွေကျပ်သိန်း ၁၀၀၀ ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လားရှိုးမြို့ မြို့တော်ခန်းမသို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိပြီး ရှမ်းပြည်နယ် တိုက်ပွဲရှောင်စခန်း ၂၃ ခုရှိ အိမ်ထောင်စု ၁၃၁၀ အတွက် ဆန်၊ ဆီ၊ ဆားကုလားပဲများပါဝင်သည့် ရိက္ခာထုပ်ပေါင်း ၁၃၁၀၊ ဆန်အိတ် ၁၀၀၀ နှင့် ဆီပုံး ၁၀၀၊ ဆားအိတ် ၁၀၀၊ ကုလားပဲအိတ် ၁၀၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လားရှိုးမြို့ နောင်ဖော့ကျေးရွာအုပ်စု လွယ်လွှမ့်ကျေးရွာသို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိပြီး ဒေသခံတိုင်းရင်းသား အိမ်ထောင်စု ၆၆၇ စုအတွက် ရိက္ခာထုပ် ၆၆၇ ထုပ်နှင့် ငွေကျပ်တစ်သောင်းစီကို လည်းကောင်း၊ မန်းပွဲကျေးရွာရှိ တိုင်းရင်းသား အခြေခံအိမ်ထောင်စု ၃၆၀ အတွက် ရိက္ခာထုပ် ၃၆၀ နှင့် ငွေကျပ်တစ်သောင်းစီကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမ္ဘောဇဘဏ်လီမိတက်မှ ငွေကျပ်သိန်း တစ်ထောင် မတည်လှူဒါန်းဆောက်လုပ်လျက်ရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းရုံး ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုကြသည်။ ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နမ့်မော်ဖတောရကျောင်းသို့ ရောက်ရှိပြီး တောရကျောင်းအတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲအိတ်များ လှူဒါန်းခဲ့သည်။

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီသည် ကမ္ဘောဇဘဏ်လီမိတက်၏ မတည် လှူဒါန်းငွေကျပ်သိန်း ၅၀၀၀ ကျော်နှင့် အများပြည်သူ လှူဒါန်းငွေများဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ်ပေါင်း တစ်သိန်းကို ဖြန့်ဝေနိုင်ရန် စီမံဆောင်ရွက်ထားရှိပြီး ရှမ်းပြည်နယ်အတွင်း နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ ဒေသများသို့ လည်းကောင်း၊ တိုက်ပွဲရှောင်စခန်းများအားလည်းကောင်း၊ သာသနာရေးဆိုင်ရာ ကျောင်းများနှင့် ပရဟိတကျောင်းများကို လည်းကောင်း ဖြန့်ဝေလှူဒါန်းလျက်ရှိပြီး စားနပ်ရိက္ခာထုပ်များ ဆက်လက် လှူဒါန်းသွားနိုင်ရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုက်နယ်ဆေးရုံများ၊ ကျေးလက် ကျန်းမာရေးဌာနများနှင့် မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား စောင့်ကြည့်စင်တာများ အတွက် လိုအပ်သည့် ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများကိုလည်း နေရာအရောက် အဆက်မပြတ် ပေးပို့လှူဒါန်းလျက်ရှိကြောင်း ယင်းကော်မတီမှ သိရသည်။

**စိုးညွန့်ရွှေ(ပြည်နယ် ပြန်/ဆက်)**




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ကမ္ဘောဇဘဏ်လီမိတက်နာယက ဦးအောင်ကိုဝင်းတို့က ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၌ တိုက်ပွဲရှောင်စခန်းမှ ပလောင်တိုင်းရင်းသူတစ်ဦးအား ရိက္ခာထုပ်များပေးအပ်စဉ်။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၅ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၂၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၂၀ | ကျပ် | ၅၃၀/၅၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၃၅ | ကျပ် | ၅၄၀/၅၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၁၅/၄၆၀ | ကျပ် | ၄၈၀/၄၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၄၀/၅၆၅ | ကျပ် | ၆၁၅/၆၃၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၁ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၅၇ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၂ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၂ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၆ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၁ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၁၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၄၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၂၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၄၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၁၀၀၀ | ၂၃၀၄ | ၂၅၁၇၃၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၄၁၂ | ၁၅၆၁၆၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၃၅၂ | ၂၈၈၆၄၀၀ |
| FPB | ၂၃၀၀၀ | ၂၃၅၀၀ | ၁၁ | ၂၅၅၅၀၀ |
| TMH | ၂၈၅၀ | ၃၆၁၆ | - | ၁၀၃၀၅၆၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - ဝင်းကျော်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ခင်ရတနာ
**ဘာသာပြန်စာတည်း** - ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၂၂။ ဦးစီးဌာနမှတ်ပုံတင်အရာရှိသည်–

(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို စိစစ်ပြီး သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အကျုံးဝင်သည့် ကိစ္စရပ်များတွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကိုစိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်းပြုနိုင်သည်။

၂၃။ ဦးစီးဌာနသည် မော်တော်ယာဉ်ကိုယ်ထည်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် ဝန်တင်အားပေါ်မူတည်၍ မော်တော်ယာဉ် အမျိုးအစား ခွဲခြားသတ်မှတ်ရမည်။

၂၄။ မော်တော်ယာဉ်ပိုင်ရှင်သည် စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်ကို အငှားယာဉ်အဖြစ် မှတ်ပုံတင်ရန် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၅။ မော်တော်ယာဉ်ကို လွှဲပြောင်းပိုင်ဆိုင်သူ သို့မဟုတ် အမွေဆက်ခံခွင့်ရရှိသူအပါအဝင် တစ်နည်းနည်းဖြင့် မော်တော်ယာဉ်ကို တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသူသည်လည်းကောင်း၊ ထိုသူတစ်ဦးဦးမှာ အရွယ်မရောက်သေးသူ ဖြစ်လျှင် အဆိုပါ အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူသည်လည်းကောင်း သတ်မှတ်သည့် နည်းလမ်းနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၆။ မော်တော်ယာဉ် မှတ်ပုံတင်ထားသူသည် နေရပ်လိပ်စာ ပြောင်းလဲသည့်အခါတိုင်း ပြောင်းလဲသည့် နေရပ်လိပ်စာကို မှတ်တမ်းတင်ရန် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။

၂၇။ (က) ပုဒ်မ ၂၄ သို့မဟုတ် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) ပါ ကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်း၍ လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိကခွင့်ပြုခြင်း သို့မဟုတ် မော်တော်ယာဉ်တွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက်များ ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိပါက ပြန်လည်ပြင်ဆင်စေခြင်းပြုနိုင်သည်။

( ခ ) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယာဉ်စစ်ဆေးရန် လိုအပ်သော ကိစ္စရပ်များအတွက် လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာမှတ်ပုံတင်အရာရှိက ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် မော်တော်ယာဉ်တွင်ခွင့်ပြု၍ မရနိုင်သော အစိတ်အပိုင်းနှင့်အချက်အလက်များ ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိပါက ပြန်လည်ပြင်ဆင်စေခြင်းပြုနိုင်သည်။

၂၈။ မော်တော်ယာဉ်မှတ်ပုံတင်ထားသူသည် မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးမှတ်ပုံတင်ပေးရန် သက်ဆိုင်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိထံ သတ်မှတ်ကာလအတွင်း လျှောက်ထားရမည်ဖြစ်ပြီး မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးမှ လျှောက်ထားပါက ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၂၉။ မော်တော်ယာဉ်မှတ်ပုံတင်ထားသူသည်–

(က) မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများဆောင်ရွက်လိုပါက သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရမည်။

( ခ ) မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်များမှအပ မော်တော်ယာဉ်ကို ပြောင်းလဲပြင်ဆင်ခြင်းများပြုလုပ်ပါက သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၃၀။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်လာပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းနိုင်သည်–

(က) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်မှတ်ပုံတင်ထားသူကို ဆင့်ခေါ်ရာတွင် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လာရောက်ရန် ပျက်ကွက်ခြင်း။

( ခ ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက သတ်မှတ်ချက်များနှင့်အညီ ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လာခြင်း၊

( ဂ ) တစ်ဦးတစ်ယောက်က မော်တော်ယာဉ်သည် ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိကြောင်း ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လာခြင်း။

၃၁။ (က) ဦးစီးဌာနမှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်ဖြစ်ပွားလျှင် ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမည်–

(၁) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြန်လည်ပြင်ဆင်၍ မရနိုင်သည်အထိ ပျက်စီးခြင်း၊

(၂) မော်တော်ယာဉ်ကို မြန်မာနိုင်ငံပြင်ပသို့ အပြီးအပိုင် ယူဆောင်သွားခြင်း၊

(၃) မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် ပုဒ်မ ၂၈ အရ သက်တမ်းတိုး မှတ်ပုံတင်ခြင်းဆောင်ရွက်ရန် တစ်ဆက်တည်း ၅ နှစ် ပျက်ကွက်ခြင်း၊

(၄) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းပေးရန် မော်တော်ယာဉ် မှတ်ပုံတင်ထားသူက အထောက်အထား ခိုင်လုံစွာဖြင့် လျှောက်ထားခြင်း။

( ခ ) ဦးစီးဌာန မှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ်အဓိက အစိတ်အပိုင်းများနှင့် အခြားအချက်အလက်များ ပြောင်းလဲခြင်းတွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက် ပြောင်းလဲခြင်းများ စစ်ဆေးတွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုရမည်။

## အခန်း(၇)
## ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူ လိုင်စင်များ

၃၂။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့် လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့် လက်မှတ်အသစ်ထုတ်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်တို့နှင့်စပ်လျဉ်း၍ အသစ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အခြားလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် မိမိဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သင့်လျော်သော အရာရှိများအား လိုင်စင်ထုတ်ပေးသူ အရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၃၃။ ဦးစီးဌာနသည် မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်အမျိုးအစားအလိုက် ယာဉ်မောင်းလိုင်စင် အမျိုးအစားများကို သတ်မှတ်ရမည်။

၃၄။ (က) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ရရှိလိုသူသည် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

( ခ ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် သက်တမ်းတိုးလိုသူသည် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၅။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည်–

(က) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး –

(၁) သတ်မှတ်ချက်များနှင့်ညီညွတ်၍ စစ်ဆေးမှုအောင်မြင်ပါက ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကို ဦးစီးဌာနက သတ်မှတ်ထားသည့် သက်တမ်းအတိုင်း သတ်မှတ်၍ ထုတ်ပေးရမည်။

(၂) အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပါက ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်းပြုနိုင်သည် –

(ကက) လုံခြုံစိတ်ချရပြီး အန္တရာယ်ကင်းရှင်းစွာ မော်တော်ယာဉ်မောင်းနှင်နိုင်စွမ်း သို့မဟုတ် ယာဉ်အကူအဖြစ် ဆောင်ရွက်နိုင်စွမ်းမရှိသော ရောဂါ သို့မဟုတ် မသန်စွမ်းမှုတစ်ခုခုဖြစ်နေခြင်း၊

( ခခ ) စိတ်ကျန်းမာကြံ့ခိုင်မှုမရှိခြင်း၊

( ဂဂ ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူ လိုင်စင် ထုတ်ပေးရန် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိခြင်း၊

(ဃဃ) ရာဇသတ်ကြီးပါ ယာဉ်မတော်တဆ ထိခိုက်မှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူဖြစ်ခြင်း။

( ခ ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၆။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင် ရရှိသူက အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်းတွေ့ရှိပါက ယာဉ်မောင်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုနိုင်သည်–

(က) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရဖြစ်စေ၊ နည်းဥပဒေများပါ ပြစ်မှုတစ်ရပ်ရပ်အရဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူဖြစ်ခြင်း၊

( ခ ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူဖြစ်ခြင်း၊

( ဂ ) ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်ချက်ဟောင်းမှတ်တမ်းရှိသည့်အပြင် ထိုသူ၏ မော်တော်ယာဉ်မောင်းနှင်ခြင်းမှာ အများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မောင်းနှင်မှုဖြစ်ခြင်း။

၃၇။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိနှင့် ရဲအရာရှိတို့သည် ယာဉ်မောင်းလိုင်စင်ရရှိသူက ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း ထိုသူကို ကျူးလွန်သည့်ပြစ်မှုအတွက် အမှတ်ပေး၍ အပြစ်ပေးအရေးယူသည့်စနစ် (Demerit Point System) ကို သတ်မှတ်ချက်များနှင့်အညီ ကျင့်သုံးနိုင်သည်။

၃၈။ ယာဉ်မောင်းလိုင်စင် အမျိုးအစားတစ်ခုမှ အခြားအမျိုးအစားတစ်ခုသို့ ပြောင်းလဲပေးရန် လျှောက်ထားခြင်းတွင် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ ယာဉ်မောင်းလိုင်စင် ပြောင်းလဲထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၉။ ဦးစီးဌာန၏ လိုင်စင်ထုတ်ပေးသူအရာရှိသည် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့် လက်မှတ်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့် လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၄၀။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ပြည်ပမှ ထုတ်ပေးသော ယာဉ်မောင်းလိုင်စင်တင်ပြ၍ ပြည်တွင်းတွင် မောင်းနှင်ရန် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်း သို့မဟုတ် စစ်ဆေးခြင်းပြု၍ ယာဉ်မောင်းလိုင်စင်ကိုဖြစ်စေ၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်ကို ဖြစ်စေ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

ရှင်းလင်းချက်။ ပြည်ပမှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်ဆိုရာတွင် ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဃ) တွင် ပါရှိသော ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူများက ပြည်တွင်းယာဉ်မောင်းလိုင်စင်ကို ရယူလိုသည့်အခါ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍လည်း သက်ဆိုင်စေရမည်။

၄၁။ သက်ဆိုင်ရာလိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်အကူက ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း ၎င်း၏ယာဉ်အကူ လိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်။

၄၂။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ကိုင်ဆောင်သူက သတ်မှတ်ထားသည့် စည်းကမ်းကို လိုက်နာရန် ပျက်ကွက်မှုကို မှတ်တမ်းတင်ထားရမည်။ ယင်းမှတ်တမ်းသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်အမျိုးအစား ပြောင်းလဲပေးရန် လျှောက်ထားခြင်း၊ လိုင်စင်ကို ယာယီရပ်ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်းကိစ္စတို့တွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ဖြစ်စေရမည်။

## အခန်း(၈)
## လုပ်ငန်းလိုင်စင်

၄၃။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၄၄။ ဦးစီးဌာနသည် –

(က) ပုဒ်မ ၄၃ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က)အရ ခွင့်ပြုပါက သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ကြေးကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များကို သတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင်ထုတ်ပေးရမည်။

၄၅။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင်လျှောက်ထားရမည်။

၄၆။ ဦးစီးဌာနသည် –

(က) ပုဒ်မ ၄၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) ပုဒ်မခွဲ (က)အရ ခွင့်ပြုပါက သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ကြေးကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များကို သတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၄၇။ လုပ်ငန်းလိုင်စင် ရရှိသူသည် –

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

( ခ ) ခွင့်ပြုထားသော လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၈။ လုပ်ငန်းလိုင်စင်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ဦးစီးဌာနသည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူနိုင်သည်–

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

( ခ ) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

( ဂ ) လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# စက်မှုဇုန်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း(၁၂)**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံဆောင်ရွက်ခြင်း**

၃၇။ စက်မှုဇုန် တည်ထောင်ရာတွင်လည်းကောင်း၊ စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၈။ ရင်းနှီးတည်ဆောက်သူက အသစ်တည်ထောင်မည့် စက်မှုဇုန်တွင် စက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများထိန်းသိမ်းခြင်း၊ သန့်စင်ခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ခြင်းအတွက် စုပေါင်းအသုံးပြုနိုင်ရန် လိုအပ်သည့် နည်းစနစ်နှင့် တည်ဆောက်မှုများကို တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ရမည်။

၃၉။ ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေး စီမံခန့်ခွဲခြင်း (Pollution Control Management)၊ စွမ်းအင်စီမံခန့်ခွဲခြင်း (Energy Management) များအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၀။ တည်ထောင်ပြီး စက်မှုဇုန်များတွင် ဒေသဆိုင်ရာကော်မတီက ကြီးကြပ်လျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို နှစ်အလိုက် စီမံကိန်းများချမှတ်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည်။

၄၁။ ရင်းနှီးမြှုပ်နှံသူများသည် စက်မှုဇုန်အတွင်း စုပေါင်းစနစ်ဖြင့် စွန့်ပစ်ပစ္စည်း ထိန်းသိမ်းသန့်စင်၍ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုအတွက် ကုန်ကျစရိတ်များကို စွန့်ပစ်ပစ္စည်းထွက်ရှိမှု ပမာဏအလိုက် စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်သည့် သင့်လျော်သော နှုန်းထားဖြင့် ကျခံရမည်။

၄၂။ စုပေါင်းစနစ်ဖြင့် စွန့်ပစ်ပစ္စည်းထိန်းသိမ်း၍ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုနည်းစနစ်ကို အသုံးပြုနိုင်ခြင်းမရှိသည့် တည်ထောင်ပြီး စက်မှုဇုန်များရှိ ရင်းနှီးမြှုပ်နှံသူများသည် မိမိအစီအစဉ်ဖြင့် စွန့်ပစ်ပစ္စည်း ထိန်းသိမ်းသန့်စင်၍ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်မှုစနစ်ကို သတ်မှတ်ကာလအတွင်း တည်ဆောက်တပ်ဆင်အသုံးပြုရမည်။

**အခန်း(၁၃)**

**ပေးချေငွေများအပေါ် ဝင်ငွေခွန်ကောက်ခံခြင်း**

၄၃။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်း တည်ထောင်ထားခြင်း မရှိသော်လည်း ကိုယ်ပိုင်ပစ္စည်းနှင့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းလုပ်ငန်းတစ်ခုခုအရ စက်မှုဇုန်နှင့် ဆက်စပ်၍ လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသော ပြည်ပနေနိုင်ငံခြားသားအား ရင်းနှီးမြှုပ်နှံသူက ငွေပေးချေသည့်ကိစ္စနှင့် ပတ်သက်၍ ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်သည့် နှုန်းထားအတိုင်း ကျသင့်သော ဝင်ငွေခွန်ကို ငွေထုတ်ပေးချိန်တိုင်းတွင် နုတ်ယူပေးသွင်းရမည်။

၄၄။ စက်မှုဇုန်ရှိလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်သည့် ပြည်တွင်း၊ ပြည်ပမှ ဝန်ထမ်းများနှင့် အလုပ်သမားများ၏ ဝင်ငွေခွန်ကျသင့်သည့် လစာဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျသင့်ဝင်ငွေခွန်ကို သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူက ကောက်ခံပေးသွင်းရမည်။

**အခန်း(၁၄)**

**စက်မှုဇုန်လုပ်ငန်းများအား အခွင့်အရေးခံစားခွင့်ပြုခြင်း**

၄၅။ ရင်းနှီးတည်ဆောက်သူနှင့် ရင်းနှီးမြှုပ်နှံသူတို့အား ကနဦးတည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန် စက်ယန္တရားကြီးများနှင့် စက်ပစ္စည်းကိရိယာများ ယာယီတင်သွင်းခြင်းကို The Sea Customs Act (ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ)ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခွင့်ပြုသည်။ ဒေသဆိုင်ရာကော်မတီ၏ ထောက်ခံချက်ဖြင့် တင်သွင်းခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ရမည်။

၄၆။ ဗဟိုကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းများအား အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး အထူးခံစားခွင့်များကို ကာလအပိုင်းအခြားသတ်မှတ်၍ ခွင့်ပြုနိုင်သည် –

(က) ဖွံ့ဖြိုးမှုအားနည်းသော အရပ်ဒေသများရှိ စက်မှုဇုန်ရင်းနှီးတည်ဆောက်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

( ခ ) အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည့် အရပ်ဒေသများ၌ အလုပ်အကိုင်အခွင့်အလမ်း အများအပြားပေးနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

( ဂ ) စိုက်ပျိုးမွေးမြူရေး အခြေခံထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်နိုင်စွမ်းရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) အရည်အသွေးပြည့်မီသည့် လယ်ယာသုံး စက်ပစ္စည်းကိရိယာအမျိုးမျိုး ထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

( င ) တန်ဖိုးမြှင့်တင်လျက် နိုင်ငံခြားတင်ပို့ခြင်းလုပ်ငန်းများ၊ တီထွင်ဆန်းသစ်မှုဖြင့် ဖန်တီးထုတ်လုပ်ထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

**အခန်း(၁၅)**

**စက်မှုဇုန်များအား အောင်မြင်စွာလည်ပတ်လုပ်ကိုင်နိုင်ရန် စီမံဆောင်ရွက်ခြင်း**

၄၇။ ဗဟိုကော်မတီသည် တည်ထောင်ပြီး စက်မှုဇုန်များအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် ဒေသဆိုင်ရာကော်မတီအား တာဝန်ပေးအပ်နိုင်သည်။

၄၈။ ဒေသဆိုင်ရာကော်မတီသည် မအောင်မြင်သော စက်မှုဇုန်များအား အောင်မြင်စွာ လည်ပတ်လုပ်ကိုင်နိုင်စေမည့် အစီအမံများရေးဆွဲရာတွင်–

(က) နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားအကြံပြုချက်များကို ရယူဆောင်ရွက်နိုင်သည်။

( ခ ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီအား အထူးစီမံချက်တစ်ရပ် ရေးဆွဲတင်ပြစေရန် တာဝန်ပေးအပ်နိုင်သည်။

( ဂ ) ကျွမ်းကျင်သူပညာရှင် သို့မဟုတ် အဖွဲ့အား ယင်းစက်မှုဇုန်နှင့် စပ်လျဉ်း၍ လေ့လာဆန်းစစ်ချက်အစီရင်ခံစာ တင်ပြစေရန် တာဝန်ပေးအပ်နိုင်သည်။

၄၉။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်များအား အောင်မြင်စွာ လည်ပတ်လုပ်ကိုင်နိုင်ရန် အောက်ဖော်ပြပါ လိုအပ်မည့် အစီအမံကို ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်နိုင်သည်–

(က) မြေအသုံးချမှု၊

( ခ ) သယံဇာတ အသုံးချမှု၊

( ဂ ) စွမ်းအင်စနစ်တကျ အကျိုးရှိထိရောက်စွာအသုံးချမှု၊

(ဃ) လူ့စွမ်းအားအရင်းအမြစ် အသုံးချမှု၊

( င ) အုပ်ချုပ်ထောက်ပံ့မှု (Logistic)၊

( စ ) ဘဏ္ဍာရေးဝန်ဆောင်မှု၊

(ဆ) အထူးစီးပွားရေးဇုန်များ၊ အခြားစက်မှုဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊

( ဇ ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ချိတ်ဆက်ဆောင်ရွက်မှု၊

( ဈ ) အကောက်ခွန်ကြီးကြပ်မှု ကုန်လှောင်ရုံစနစ် (Bonded Ware-house System) ထူထောင်မှု။

**အခန်း(၁၆)**

**စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းခြင်း**

၅၀။ စက်မှုဇုန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်လျှင် စီမံခန့်ခွဲရေးကော်မတီက အငြင်းပွားသူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည်။

၅၁။ ပုဒ်မ ၅၀ အရ ဖြေရှင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိပါက –

(က) ဒေသဆိုင်ရာကော်မတီသို့ တင်ပြ၍ အငြင်းပွားမှုများကို ဆက်လက်ဖြေရှင်း ဆောင်ရွက်ရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိလျှင် တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်။

**အခန်း(၁၇)**

**စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်း**

၅၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက–

(က) စီမံခန့်ခွဲရေးကော်မတီသည် ထိုသူအပေါ် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်–

(၁) စာဖြင့် သတိပေးခြင်း၊

(၂) သတ်မှတ်ထားသော ဒဏ်ငွေပေးဆောင်စေခြင်း။

( ခ ) ဒေသဆိုင်ရာ ကော်မတီသည် ထိုသူအပေါ် လုပ်ငန်းယာယီရပ်ဆိုင်းသည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်နိုင်သည်။

၅၃။ ပုဒ်မ ၅၂ ပုဒ်မခွဲ (က) ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အား ကျေနပ်ခြင်းမရှိသူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဒေသဆိုင်ရာ ကော်မတီသို့ အယူခံဝင်နိုင်သည်။ ဒေသဆိုင်ရာ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၅၄။ ပုဒ်မ ၅၂ ပုဒ်မခွဲ (ခ) ပါ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်အား ကျေနပ်ခြင်းမရှိသူသည် ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်နိုင်သည်။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

**အခန်း( ၁၈)**

**တားမြစ်ချက်များ**

၅၅။ မည်သည့်ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူမျှ ပုဒ်မ ၃၄ ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

၅၆။ မည်သည့်ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူမျှ ပုဒ်မ ၃၄ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များအရ အဆိုပါမြေအသုံးပြုခွင့်ပါမစ် သို့မဟုတ် ဂရန်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရပြီးနောက် လက်ရှိနေထိုင် အသုံးပြုခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

၅၇။ မည်သူမျှ စက်မှုဇုန်အတွင်း ကျူးကျော်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်ခြင်း၊ လမ်းဖောက်ခြင်း မပြုရ။

၅၈။ မည်သူမျှစက်မှုဇုန်အတွင်း စွန့်ပစ်ပစ္စည်းများကို စနစ်တကျမရှိသော နည်းလမ်းဖြင့် စွန့်ပစ်ခြင်း၊ ရေဆိုးမြောင်းများကို ကျူးကျော်ပိတ်ဆို့ခြင်း၊ ကုန်ကြမ်းနှင့် လောင်စာများအား စနစ်တကျမရှိသော နည်းလမ်းဖြင့် ထားသိုခြင်း၊ လမ်းများပေါ်တွင် ယာဉ်ယန္တရားများ စည်းကမ်းမဲ့ရပ်နားခြင်း သို့မဟုတ် ပစ္စည်းများ စုပုံထားရှိခြင်း မပြုရ။

၅၉။ မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ စီမံခန့်ခွဲရေးကော်မတီမှ သတ်မှတ်သည့် ရန်ပုံငွေကို ထည့်ဝင်ရန် ပျက်ကွက်ခြင်း၊ မိမိပတ်ဝန်းကျင်သန့်ရှင်းရေးကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မပြုရ။

၆၀။ မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ ဇုန်အလိုက် သတ်မှတ်ထားသော ခွင့်ပြုလုပ်ငန်းများမှအပ အခြားစက်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်းမပြုရ။

၆၁။ မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို စုပေါင်းစနစ်ဖြင့် သန့်စင်စွန့်ပစ်ခြင်းမရှိသော စက်မှုဇုန်များ၌ မိမိအစီအစဉ်ဖြင့် သန့်စင်စွန့်ပစ်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၆၂။ မည်သူမျှ စက်မှုဇုန်နယ်နိမိတ်အတွင်း လုပ်ကိုင်ခွင့်ရ ရင်းနှီးမြှုပ်နှံသူ၏ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ပျက်စီးစေရန်ရည်ရွယ်ချက်ဖြင့် နှောင့်ယှက်ဖျက်ဆီးခြင်း မပြုရ။

၆၃။ မည်သည့် ရင်းနှီးမြှုပ်နှံသူမျှ နိုင်ငံခြားသားကျွမ်းကျင်အလုပ်သမားနှင့် ပညာရှင်များခန့်ထားရေးဆိုင်ရာအထောက်အထားများကို သက်ဆိုင်ရာဌာနများသို့ တင်ပြရာတွင် မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်ဖော်ပြခြင်း သို့မဟုတ် ထိမ်ချန်ခြင်းမပြုရ။

**အခန်း(၁၉)**

**ပြစ်ဒဏ်များ**

၆၄။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ချမှတ်ရမည်။

၆၅။ ပုဒ်မ ၅၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်။

၆၆။ မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၇။ မည်သူမဆို ပုဒ်မ ၅၈၊ ၅၉ သို့မဟုတ် ပုဒ်မ ၆၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း၂၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၆၈။ မည်သည့် ရင်းနှီးမြှုပ်နှံသူမဆို ပုဒ်မ ၆၀ သို့မဟုတ် ပုဒ်မ ၆၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်သိန်း ၅၀ ချမှတ်ရမည့်အပြင် ခြောက်လထက်မပိုသော ထောင်ဒဏ်လည်း ချမှတ်နိုင်သည်။

၆၉။ မည်သူမဆို ပုဒ်မ ၆၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်ချမှတ်နိုင်သည်။

**အခန်း(၂၀)**

**အထွေထွေ**

၇၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၁။ ဤဥပဒေအရ ဖွဲ့စည်းသော သက်ဆိုင်ရာ ကော်မတီဝင်များသည် ပေးအပ်သောတာဝန်များကို ဆောင်ရွက်နေသည့်အချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၇၂။ ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျခံရမည်။

၇၃။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ဗဟိုကော်မတီ အဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့် စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၇၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာန၊ ဗဟိုကော်မတီနှင့် ဒေသဆိုင်ရာ ကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) စီမံခန့်ခွဲရေး ကော်မတီသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ဒေသဆိုင်ရာ ကော်မတီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၇၅။ တည်ထောင်ပြီး စက်မှုဇုန်များသည် ဤဥပဒေအရ စက်မှုဇုန်အဖြစ် သတ်မှတ်ကြေညာနိုင်ရေးအတွက် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များ ကျန်းမာရေးအတွက် အာယုသုခမအဖွဲ့က ပထမအကြိမ် အလှူငွေ ကျပ် ၁၆၅ သိန်းပေးအပ်

ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များ၏ ကျန်းမာရေးအတွက် ကူညီရန် အာယုသုခမ အဖွဲ့မှ ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို မေ ၂၈ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ ရုပ်ရှင်၊ သဘင်၊ ဂီတ နယ်ပယ်မှ နာယကများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

အာယုသုခမအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြင့်ငွေးက "အာယုသုခမ အဖွဲ့ဟာ ရုပ်ရှင်၊ သဘင်၊ ဂီတ နယ်ပယ်တွေမှာ ရှိတဲ့ ကျန်းမာရေးမကောင်းသူတွေကို ကူညီ စောင့်ရှောက်ဖို့အတွက် ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ လက်ရှိဖြစ်နေတဲ့ ကိုဗစ်-၁၉ ကလည်း ဘယ်အချိန်အထိကြာမယ်မှန်း မသိရသေးတဲ့ အတွက် အခုလို ကြားဖြတ်လှူဒါန်းလိုက်တာ ဖြစ်ပါတယ်။ ကျန်းမာရေးမကောင်းတဲ့ အနုပညာရှင်တွေကို အရင်ကတည်းက ဆေးရုံတွေ၊ အိမ်တွေမှာ သွားရောက်ကူညီခဲ့တာတွေလည်း ရှိပါတယ်။ ဒီထက်မက ကူညီလှူဒါန်းနိုင်အောင်လည်း ကျွန်တော်တို့ ကြိုးစားဆောင်ရွက်သွားပါမယ်"ဟု ပြောကြားသည်။

အလှူငွေပေးအပ်ပွဲတွင် ရုပ်ရှင်နယ်ပယ် အတွက် အလှူငွေကို မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က လည်းကောင်း၊ ဂီတနယ်ပယ်အတွက် အလှူငွေကို ဂီတအစည်းအရုံးမှ ဦးညွန့်လှိုင်လှိုင်က လည်းကောင်း၊ သဘင်နယ်ပယ်အတွက် အလှူငွေကို မြန်မာနိုင်ငံသဘင်အစည်းအရုံး နာယက ဦးနန်းဝင်းနှင့် မြန်မာပြည်ကျော်ကျော်စိမ်းတို့က လည်းကောင်း အသီးသီး လက်ခံရယူခဲ့ကြသည်။

အလှူငွေပမာဏအနေဖြင့် ရုပ်ရှင်လောက သားများအား ကျန်းမာရေးကူညီမှုအတွက် ကျပ် ၆၅ သိန်း၊ သဘင်လောကသားများအား ကျန်းမာရေးကူညီမှုအတွက် ကျပ် ၇၅ သိန်း နှင့် ဂီတလောကသားများအား ကျန်းမာရေး ကူညီမှုအတွက် ကျပ် ၂၅ သိန်း၊ စုစုပေါင်း ၁၆၅ သိန်းဖြစ်ကြောင်း သိရသည်။ **ကိုလင်း**



# သရုပ်ဆောင် ထွန်းကိုကိုက ကိုဗစ်-၁၉ ကာလတွင် နာရေးကူညီမှုအသင်းရုံး၌ နေထိုင်၍ အိမ်မပြန်ဘဲ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

အနုပညာလောကထဲသို့ Mister တစ်ဦးအဖြစ် စတင်ဝင်ရောက်လာခဲ့ပြီးနောက် သရုပ်ဆောင်အဖြစ် ဒါရိုက်တာ ကျော်သူ ရိုက်ကူးသော ၁၀၁၄ ရုပ်ရှင် ကားကြီးတွင်လည်းကောင်း၊ ထိုင်း-မြန်မာ ရာဇဝင်ကား "SRI AYODHAYA"တွင် အလောင်းမင်းတရား၏ သားတော် နောင်တော်ကြီးမင်းအဖြစ်လည်းကောင်း ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ထွန်းကိုကို အနေဖြင့် ကိုဗစ်-၁၉ ကြောင့် ရုပ်ရှင်လုပ်ငန်းများ ရပ်တံ့ထားရသည့် အချိန်အတွင်း မိသားစုဆီမပြန်ဘဲ နာရေးကူညီမှုအသင်းရုံး၌ အချိန်ပြည့်နေထိုင်၍ ပရဟိတလုပ်ငန်းများကို နေ့ရောညပါ ဆောင်ရွက် ပေးနေကြောင်း သိရသည်။

"ကျွန်တော်က ဆရာကျော်သူတို့ရဲ့ ရန်ကုန် နာရေးကူညီမှုအသင်းမှာ ပရဟိတအလုပ်တွေ လုပ်ပေးဖြစ်နေတာ ဆရာ့ကြောင့်လည်း ပါပါတယ်၊ ဆရာက သူချစ်တဲ့ အနုပညာအလုပ်တွေကိုတောင် ပစ်ထားပြီး လူတိုင်းရဲ့ နောက်ဆုံးခရီးလေးကို အကောင်းဆုံးလေးဖြစ်စေချင်လို့ သူ့လုပ်အားနဲ့ ကူညီနေတာ မြင်နေရလို့ ကျွန်တော်လည်း လုပ်ချင် ကူညီချင်တဲ့စိတ်တွေ ပေါ်လာပြီး လုပ်ဖြစ်ခဲ့တာ တော်တော်ကြာပါပြီ၊ အခုလို ကိုဗစ်ကာလမှာဆို ပိုပြီးလုပ်ဖြစ်ပါတယ်၊ အနုပညာအလုပ်တွေကလည်း နားနေရတဲ့အချိန်ဆိုတော့ ကျွန်တော်လည်း ဒီလို ကူညီမှုကို ပိုလုပ်ဖြစ်တာပါ၊ ခုဆို တောက်လျှောက် လိုလို နာရေးလမ်းကြောင်းတွေ ပိုကူညီနေရတယ်၊ ကိုဗစ်-၁၉ သံသယလူနာတွေနဲ့ သွားလာကန့်သတ်မှု ခံရတဲ့သူတွေကိုပါ လူနာတင်ကားနဲ့ ပို့ဆောင်ပေး တာတွေ လုပ်ဖြစ်တယ်၊ ဒါ့အပြင် ပိုးသတ်ဆေးဖျန်းတဲ့ နေရာတွေမှာ ကျွန်တော်တို့ လုပ်အားပေးတာတွေ လည်းရှိပါတယ်"ဟု ထွန်းကိုကိုက ပြောသည်။




ပိုးသတ်ဆေးဖျန်းသည့်လုပ်ငန်းနှင့် ပတ်သက် ၍လည်း "ကျွန်တော်တို့ကိုယ်တိုင်လည်း မီးသတ် တာကို သေချာသင်ကြားပြီး လုပ်ဆောင်နေပါတယ်၊ အိမ်တောင်မပြန်ဘဲ ကိုဗစ်-၁၉ တားဆီးရေးအတွက် လုပ်နေကြတဲ့လူငယ်တွေ ရှိပါတယ်၊ ဒီရောဂါကြီး ကျွန်တော်တို့တိုင်းပြည်ကို မရောက်ခင်ကတည်းက ကြိုတင်ပြင်ဆင်တာမျိုးတွေ လုပ်ဆောင်ခဲ့ပါတယ်၊ ကျွန်တော်တို့လည်း သင်တန်းတွေကို စနစ်တကျ သေသေချာချာ သင်ကြားခဲ့ရပါတယ်၊ အခုတော့ ကျွန်တော် အိမ်ကိုမပြန်သေးပါဘူး။ ကျွန်တော်တို့ ကြောင့် မိသားစုတွေမှာ ရောဂါတစ်ခုခုရသွားမှာကို ကြောက်တာလည်း ပါပါတယ်"ဟု ထွန်းကိုကိုက ပြောသည်။ **ကိုလင်း**

## ကျန်းမာရေးဝန်ထမ်းများအား ဟိန်းဝေယံ အာဟာရဒါနပြု



အလှူအတန်းများနှင့် ပရဟိတလုပ်ငန်းများကိုပါ လုပ်ကိုင်နေသည့် သရုပ်ဆောင် ဟိန်းဝေယံအနေဖြင့် ကိုဗစ်-၁၉ အသွားအလာကန့်သတ်စောင့်ကြည့်သော စင်တာများမှ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် မေ ၂၄ ရက်က အာဟာရဒါန လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကိုဗစ်-၁၉ အသွားအလာကန့်သတ်စောင့်ကြည့်စင်တာတွေ ဖြစ်ကြတဲ့ သဲအင်းဂူကျောင်းတိုက်၊ ဓမ္မရံသီကျောင်းတိုက်နဲ့ လှိုင်မြို့နယ်မှာရှိတဲ့ စင်တာ တစ်ခုမှာ လုပ်အားပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ စေတနာ့ဝန်ထမ်းတွေနဲ့ ဝေယျာဝစ္စအဖွဲ့သား ၁၆၀ ခန့်အတွက် ပီဇာနဲ့ ပက်စီဘူးတွေကို ငွေကြယ်ပွင့် ဟိန်းဝေယံပရဟိတအဖွဲ့က မေ ၂၄ ရက်မှာ လှူဒါန်းပြီး အာဟာရဒါနပြု ကုသိုလ် ယူခဲ့ကြတာပါ"ဟု ဟိန်းဝေယံက ပြောသည်။ **ကိုလင်း**

# ပရဟိတသီချင်း "ငြိမ်းစေ...အေးစေ..."ကို ပုံဖော်ခဲ့သည့် အဆိုတော်ဖိုးပြည့်နှင့် တွေ့ဆုံမေးမြန်းခြင်း

**ကိုဗစ်-၁၉ ကာလတွင် ပရဟိတသီချင်းတစ်ပုဒ်ဖြစ်သော "ငြိမ်းစေ...အေးစေ..." သီချင်းကို ပုံဖော်ခဲ့သူ အဆိုတော် ဖိုးပြည့်နှင့် တွေ့ဆုံ၍ သီချင်းအကြောင်းနှင့် ကိုဗစ်-၁၉ အပေါ် အမြင်များကို မေးမြန်းဖြစ်ခဲ့သည်။**

**မေး။ ။Stay Home ကာလမှာ "ငြိမ်းစေ..အေးစေ..." ပရဟိတ သီချင်းလေး ပုံဖော်ဖြစ်ပုံကို ပြောပါဦး။**

ဖြေ။ ။ကိုဗစ်-၁၉ ဖြစ်နေတဲ့အချိန်မှာ လူတိုင်းအတွက် ဆုတောင်းပေးချင်တာကြောင့် အကျိုးပြုသီချင်းလေးကို ဖန်တီးဖြစ်တာပါ။ လူတိုင်း ကိုယ်က စတင်ပြီး ပြင်ဆင်မှ ပိုကောင်းမယ်လို့လည်း ထင်တယ်။ တစ်ယောက်ချင်းစီရဲ့ စိတ်ထားလေးတွေ ခံယူချက်တွေ ညှိနှိုင်းကြမယ်။ ဒါကြောင့် ဒီကာလမှာ လူသား အချင်းချင်း အမြတ်မထုတ်ကြပါနဲ့လို့ ပညာပေး ဆုတောင်းခြွေတဲ့ ဒီသီချင်းကို ပုံဖော်ဖြစ်တာပါ။ ဂုဏ်ရှိသူ ဂုဏ်မရှိသူလို့ ကွာခြားမှုတွေရှိပေမယ့် ဒီဂုဏ်တွေကို ထည့်မတွက်ဘဲ လူသားတွေကို အကျိုးပြုပေးနေတဲ့သူတွေ ရှိတယ်ဆိုတာကို ဂုဏ်ပြုပြီး ရေးသားထားတာပါ။

**မေး။ ။Stay Home ကာလမှာ သီချင်းတွေဖန်တီးရင်း ဖြတ်သန်းနေတာလား။**

ဖြေ။ ။ကျွန်တော် ဒီကာလမှာ သီချင်းသစ်တွေ ရေးပြီးတော့ စုစည်းနေပါတယ်။ နောက်တစ်ကိုယ်တော်ခွေအတွက် သီချင်းရေးတာမဟုတ်ဘဲ အဆင်ပြေရင် ပြေသလို သီချင်းသစ်ထုတ်ဖို့ ရေးဖြစ်နေပါတယ်။ သီချင်းအကြမ်းလေးတွေ သွင်းဖြစ်တာလည်း ရှိပါတယ်။ လူစုပြီးလုပ်တာတော့ မဟုတ်ပါဘူး။ နှစ်ယောက် သုံးယောက်လောက်ပါပဲ။

**မေး။ ။အခုအချိန်မှာ အပြင်ထွက်သွားလာကြသူတွေ အရင်ထက် ပိုများလာတဲ့ အပေါ် ဘယ်လိုမြင်လဲ။**

ဖြေ။ ။ကျွန်တော် သိပ်တော့ မပြောတတ်ပါဘူး။ ကိုယ့်အသိစိတ်နဲ့ ထိန်းပေးဖို့ လိုတယ်လို့ပဲ ပြောချင်ပါတယ်။ ကိုယ်ကိုယ်တိုင် ခံယူချက်လေးထားပြီး ထိန်းမှပဲ ကိုယ့်ပတ်ဝန်းကျင်ကို ဒုက္ခပေးသူ မဖြစ်မှာပေါ့။ ဒီပိုးက မြင်ရတဲ့အရာ မဟုတ်တဲ့အတွက် အတင့်ရဲပြီး မသွားလာကြဖို့ ပြောချင်ပါတယ်။ ဒါပေမယ့် လူတိုင်းမှာ စားဝတ်နေရေးကလည်းရှိသေးတော့ အပြင်တော့ ထွက်ရမှာပဲလေ။ ဝမ်းရေးအတွက် အခက်အခဲဖြစ်လို့ အပြင်ထွက်ရပေမယ့် ထွက်စရာမလိုတဲ့သူတွေကတော့ အိမ်မှာပဲနေပါလို့ ပြောချင်ပါတယ်။ အပြင်ထွက်ရင်လည်း ထိန်းသိမ်းကာကွယ်ဖို့ လိုအပ်တာတွေ ဝတ်ဆင်သွားပါလို့ ပြောချင်ပါတယ်။

**မေး။ ။Stay at Home သတ်မှတ်ရက်တွေ ပိုတိုးသွားမှာကိုရော စိုးရိမ်မိလား။**

ဖြေ။ ။ ဒီမှာက တစ်ရက်၊ နှစ်ရက်လောက် ရောဂါပိုးတွေ့ရှိသူ မရှိဘူးဆိုတာနဲ့ အသွားအလာတွေများလာရင် ပထမသတ်မှတ်ထားတဲ့ရက်ထက်တိုးပြီး သတ်မှတ်ရမလိုဖြစ်နေတာပေ့ါ။ တကယ်လို့ ပိုးမတွေ့ဘူးဆိုတဲ့ သတင်းကြားရင် ဝမ်းသာပြီး အိမ်ထဲမှာပဲ ဆက်နေရင်တော့ ဒီရောဂါ မြန်မြန်ပျောက်ကင်းသွားနိုင်တာပေ့ါ။ မမြင်ရတဲ့ပိုးကို မကူးစက်နိုင်ပါဘူးဆိုပြီး ပုံမှန်အတိုင်း သွားလာနေရင် အချိန်ပိုကြာပြီး ကူးစက်မှုတွေ ပြန်ဖြစ်လာနိုင်ပါတယ်။ အပ်နဲ့ထွင်းရမယ့်အရာကို ပုဆိန်နဲ့ပေါက်ရမလို ဖြစ်သွားမယ်။ ဒါကြောင့် ဖြစ်နိုင်ရင် အိမ်မှာနေပေးပါ၊ မဖြစ်မနေထွက်ရရင် ဆောင်ရန်ရှောင်ရန်တွေကို သတိပြု လိုက်နာကြပါလို့ ပြောချင်ပါတယ်။

**မေး။ ။ဒီရောဂါကူးစက်မှု ပြီးသွားရင် ဘာလုပ်မယ်လို့ Plan တွေ ချထားတာ ရှိမလဲ။**

ဖြေ။ ။ ဒီရောဂါကူးစက်မှုကြီး ပြီးသွားရင်တော့ ကျွန်တော် ခရီးတွေသွားချင်ပါတယ်။ အပြင်မထွက်ရတာကြာတော့ ထွက်ချင်လာပြီပေ့ါ။ ကျွန်တော့် သီချင်းသစ်တွေအတွက် သီချင်းတိုက်ပြီး အသံသွင်းချင်တယ်။ ကိုယ်စောင့်နတ် အခွေထွက်တာလည်း သုံးနှစ်လောက်ရှိနေတော့ ဒုတိယ တစ်ကိုယ်တော်အခွေ ထွက်ချင်နေပါပြီ။ ရော့ခ်ခေါင်းစဉ်အောက်မှာပဲ သီချင်းတွေ အဓိကလုပ်မှာပါ။ သူငယ်ချင်းတွေနဲ့လည်း တွေ့ချင်နေပါပြီ။ ဒီကြားထဲမှာ Single song လေးတွေ ထွက်ဖို့လည်း ရှိပါတယ်။ တစ်ကိုယ်တော်အခွေကတော့ ဒီရောဂါအခြေအနေကို ကြည့်ပြီးမှပဲ ထွက်ဖြစ်တော့မှာပါ။ **ကိုလင်း**



## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

# ရုပ်ရှင်မင်းသားကြီး တွမ်ဟန့်စ် ဒုတိယအကြိမ် သွေးရည်ကြည်လှူဒါန်း

အသက် ၆၃ နှစ်အရွယ် ရုပ်ရှင်မင်းသားကြီး တွမ်ဟန့်စ် ကိုဗစ် – ၁၉ ဗိုင်းရပ်ကူးစက်ခံရတာကနေ ပြန်လည်သက်သာလာပြီးတဲ့နောက် သွေးရည်ကြည်ထပ်မံလှူဒါန်းတဲ့အကြောင်းကို အင်စတာဂရမ်ကနေ နောက်တစ်ကြိမ် အသိပေးလာပါတယ်။ တွမ်ဟန့်စ်နဲ့ သူ့ရဲ့ဇနီး ရီတာ ဝေလ်ဆင်တို့ဟာ ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း ပထမဆုံးအသိပေးခဲ့ကြတဲ့ အနုပညာရှင်စုံတွဲလည်းဖြစ်ပါတယ်။ အင်စတာဂရမ်မှာ တင်ထားတဲ့ဓာတ်ပုံမှာတော့ တွမ်ဟန့်စ် လှူဒါန်းထားတဲ့ သွေးရည်ကြည်အိတ်နဲ့ သွေးလှူဒါန်းနေတဲ့ပုံတို့ပဲ ဖြစ်ပါတယ်။ တွမ်ဟန့်စ်ဟာ ကိုဗစ် – ၁၉ ကာကွယ်ဆေးထုတ်လုပ်ဖို့ ဧပြီလအတွင်းကလည်း သွေးရည်ကြည်လှူဒါန်းဖူးပါတယ်။ အခုတစ်ကြိမ်ကတော့ ဒုတိယအကြိမ် သွေးရည်ကြည်လှူဒါန်းမှုပဲ ဖြစ်ပါတယ်။ တွမ်ဟန့်စ်တို့ ဇနီးမောင်နှံဟာ ဩစတြေးလျနိုင်ငံ ကွင်းစလန်းမှာ ဆေးရုံတက်ခဲ့ရတာဖြစ်ပြီး သူတို့ရဲ့ သွေးရည်ကြည်လှူဒါန်းမှုကနေ ကိုဗစ် – ၁၉ ကုသရာမှာ အကျိုးဖြစ်ထွန်းစေမယ်လို့ ယုံကြည်ကြောင်း ပြီးခဲ့တဲ့လအတွင်းကပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ကြပါတယ်။

**အီတီ အွန်လိုင်း ဒေါ်ကွန်း**



ရုပ်ရှင်မင်းသားကြီး တွမ်ဟန့်စ်

# ခင်ပွန်းဖြစ်သူက သူ့ကိုပြောင်းလဲပေးခဲ့ကြောင်း ကရီနာကပူး ပြော

ဘောလိဝုဒ်မင်းသမီး ကရီနားကပူးခန်းဟာ သူ့ရဲ့ အနုပညာသက်တမ်းနှစ် ၂၀ ပြည့်မှာ အင်တာဗျူး ပြုလုပ်ခဲ့ပါတယ်။ အဲဒီအင်တာဗျူးမှာ ခင်ပွန်းဖြစ်သူက သူ့ကို ဘယ်လိုပြောင်းလဲစေခဲ့ကြောင်း ဖြေခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်က Talaash ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားမှာ ခေါင်းဆောင်မင်းသားနေရာကနေ ပါဝင်ဖို့အတွက် ကရီနာကပူးရဲ့ ခင်ပွန်းဖြစ်သူ ဆေ့ဖ်အလီခန်းကို ကမ်းလှမ်းခဲ့ကြပါတယ်။ ဒါပေမယ့် ဆေ့ဖ်အလီခန်းက အဲဒီကမ်းလှမ်းမှုကို ပယ်ချခဲ့ပါတယ်။ ဒီလိုနဲ့ နောက်ပိုင်းမှာ အဲဒီကားကို အာမီယာခန်းနဲ့ ရိုက်ကူးဖြစ်သွားပါတယ်။ အဲဒီကားမှာ ကရီနာကပူးလည်းပါဝင်ပြီး ကရီနာကပူးအတွက် အောင်မြင်မှုမှတ်တိုင်စိုက်ထူနိုင်တဲ့ဇာတ်ကား ဖြစ်လာခဲ့ပါတယ်။ ဒီလိုဇာတ်ကားမျိုးကို ဆေ့ဖ် က ငြင်းပယ်ခဲ့တဲ့အတွက် ကရီနာကပူးမှာ အဲဒီအချိန်တုန်းက အံ့အားသင့်ခဲ့ရပါတယ်။ ခင်ပွန်းဖြစ်သူ ဆေ့ဖ်အလီခန်းဆီကနေ ဘာတွေသင်ယူနိုင်ခဲ့သလဲဆိုရင် ပိုက်ဆံတွေ၊ အောင်မြင်မှုတွေ၊ ကျော်ကြားမှုတွေနောက် တစိုက်မတ်မတ်လိုက်မနေဘဲ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုသက်သာရာရအောင် နေရမလဲဆိုတာကို သင်ယူနိုင်ခဲ့တယ်လို့ ကရီနာကပူးက ပြောပါတယ်။ ဘဝမှာ ပိုက်ဆံနဲ့ အောင်မြင်မှုဆိုတာထက် အရေးကြီးတဲ့အရာတွေကို ချစ်တတ်လာအောင် ဆေ့ဖ် က သင်ပေးတယ်လို့ ကရီနာကပူးက ပြောပါတယ်။ ကရီနာကပူးဟာ သူ့ရဲ့ခေတ်ပြိုင်မင်းသမီးတစ်လက်ဖြစ်တဲ့ ပရီယန်ကာချိုပရာလို ဟောလိဝုဒ်မှာ ခြေချနိုင်ဖို့ မလုပ်တော့ပါဘူး။ ဘာလို့လဲဆိုတော့ မိသားစုနဲ့ အဝေးကြီးမှာ မနေနိုင်လို့ပါပဲ။ ပရီယန်ကာတစ်ယောက် ဟောလိဝုဒ်ရုပ်ရှင်မှာ နေရာရလာသလို ကျွန်မလည်း ဘောလိဝုဒ်မှာ၊ ရုပ်ရှင်တွေမှာ အောင်မြင်နေတာပဲလေလို့ ကရီနာကပူးက ပြောခဲ့ပါတယ်။

**ဟင်ဒူစတန် တိုင်းမ်စ် ဒေါ်ကွန်း**



ကရီနာကပူးနှင့် ဆေဖ်အလီခန်း



# ဘာသာစာပေပေါင်းကူး (၁၆)

## မောင်ခင်မင် (ဓနုဖြူ)

"ဘဘ၊ အရင်အပတ်တုန်းက မအားဘူး ထင်တယ်"

"ဟုတ်တယ် သမီးရေ၊ နယ်က တူတော်မောင် ရောက်လာပြီး အသုံးအနှုန်းပြဿနာကလေးတစ်ခု မေးနေလို့ ရှင်းပြရင်း အချိန်ကုန်သွားတယ်။ သမီးနဲ့တောင် မပြောလိုက်ရတော့ဘူး"

"ဟုတ်ကဲ့ပါ"

"ကဲ...ဘဘတို့ပြောနေတဲ့ အကြောင်းကလေး ဆက်ကြအုံးစို့။ ရှေးစာပေတွေထဲက အင်မတန်လှတဲ့အဖွဲ့ကလေးတစ်ခု သတိရလို့ပါ။ ခုခေတ်မှာ စကားပုံအဖြစ်နဲ့ တွင်တွင်ကျယ်ကျယ် သုံးနေတာလေ"

"ပြောပြပါ ဘဘ"

"သမီးပဲ အရင်ဖတ်ပြပါ။ ဦးရွှန်းရဲ့ ဥမ္မာဒန္တီပျို့ထဲက အပိုဒ်(၂၁) ပေါ့။ ရော့ ဒီမှာ"

"ဟုတ်ကဲ့။ 'စစ်ရေးမက်ရေး၊ ရန်သူဘေးကြောင့် အပြေးအလွှဲ၊ ဆွေမျိုးကွဲသား၊ ပြည်ထဲရေးရာ၊ ခက်သည်သာတည့်' တဲ့"

"ဆက်ဖတ် သမီး"

"အစာအစား၊ ထွားထွားမြည့်ကြေ၊ ရှာပါလေ၍၊ သေကျေပျောက်စဲ၊ ငတ်မွတ်ကဲလျှင်၊ ပြည်ထဲရေးထက်၊ ဝမ်းရေးခက်၏။ ထို့ထက်မှာမူ၊ ချစ်ခင်သူနှင့်၊ အတူတကွ၊ မပေါင်းရဘဲ၊ လွမ်းတပူဆွေး၊ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့် ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏"

"ဟုတ်ပါပြီ။ ဥမ္မာဒန္တီဇာတ်မှာ သိဝိမင်းကြီးက ဥမ္မာဒန္တီကို မြင်လိုက်တော့ တပ်မက်စွဲလမ်းပြီး ရေရွတ်မြည်တမ်းနေပုံကို ဖွဲ့ထားတာလေ။ ဘယ်လောက်ပြောင်မြောက်သလဲ။ အဲဒီစကားကို ယူပြီး 'ပြည်ထဲရေးထက် ဝမ်းရေးခက်၊ ဝမ်းရေးထက် လွမ်းရေးခက်' လို့ စကားပုံအဖြစ် ပုံခိုင်းကြတဲ့အကြောင်း အရင်အပတ်က ဘဘပြောပြီးပြီနော်။ အဲ...သမီးလဲ လွမ်းချင်ရင် ဒီစကားပုံကို ကိုးကားနိုင်တာပေါ့"

"သမီးမှာ လွမ်းစရာ မရှိပါဘူး ဘဘရယ်"

"ဘဘက သမီးကို စတာပါ။ အဲဒီလို စကားပုံဖြစ်လာတဲ့ အဖွဲ့တွေ စာပေတွေမှာ တွေ့ရင် သမီးသတိထားပြီး လေ့လာနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ။ သမီးသတိထားပါ့မယ် ဘဘ"

"စကားပုံတွေလိုပဲ စာပေကပေးတဲ့ ဥပမာစကားတွေလဲ အများကြီးပဲ။ ဥပမာခိုင်းနှိုင်းတယ်ဆိုတာ ပိုပြီးထင်ရှားအောင် ခိုင်းနှိုင်းတာ မဟုတ်လား။ ဒါကြောင့် ဥပမာတွေဟာ အင်မတန်ပေါ်လွင်တဲ့ အသုံးစကားတွေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ...မိဘကျေးဇူးအကြောင်းပြောမယ်ဆိုတာနဲ့ သမီးဘာကို သတိရသလဲ"

"မြင်းမိုရ်တောင်ဦး မကကျူးသား၊ ကျေးဇူးသခင်၊ မွေးမိခင်နှင့် ဖခင်တို့အား..." ဆိုတဲ့ အဖွဲ့ကို သတိရပါတယ် ဘဘ။ ဒါပေါ့။ မိဘကျေးဇူးအကြောင်းပြောရင် မြင်းမိုရ်တောင်နဲ့နှိုင်းပြီး ပြောကြတာ ခုအထိ အစဉ်အဆက်သုံးလာကြတာပဲလေ။ အင်မတန်အသုံးတွင်တဲ့ ဥပမာပေါ့"

"ဟုတ်ကဲ့"

"တချို့ဥပမာတွေကျတော့ သုံးဖန်များလို့ ပုံသေစကားတောင် ဖြစ်နေပြီ။ 'ထင်ရှားလှပါပေသည်' ဆိုတဲ့ စကားရဲ့ရှေ့မှာ ဥပမာစကားထည့်ပါဆိုရင် သမီးဘာထည့်မလဲ"

" 'လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ထင်ရှားလှပါပေသည်' ပါ ဘဘ"

"ဟုတ်တယ်။ ထင်ရှားတဲ့အကြောင်းပြောမယ်ဆိုတာနဲ့ ဒိပြင်ဥပမာကို မစဉ်းစားတော့ဘူး။ ဒီဥပမာပဲ အရင်ဆုံးသတိရတာလေ"

"ဟုတ်ကဲ့ပါ"

"ပညာရှင်တွေကတော့ အကြိမ်ကြိမ်သုံးတဲ့ ဥပမာလိုစကားမျိုးတွေဟာ ကြာတော့ဟောင်းနွမ်းပြီး အာနိသင် မရှိတော့ဘူး။ ဒါကြောင့် အဟောင်းတွေပဲ ထပ်တလဲလဲသုံးမနေဘဲ ဥပမာအသစ်တွေ တီထွင်သုံးကြဖို့ ဆွေးနွေးကြတယ်ကွဲ့"

"ဟုတ်ကဲ့၊ မှတ်သားထားပါ့မယ် ဘဘ"

"ဆရာကြီး ပီမိုးနင်းကဆိုရင် အဲဒီလို စကားဟောင်း စကားနွမ်းတွေကို ဆီသည်မ လက်သုတ်ပဝါလိုပဲ အရောင်အဆင်း မရှိတော့ဘူးလို့ သုံးသပ်ဖူးတယ်"

"ဟုတ်ကဲ့ပါ"

"ဪ...တစ်ခုတော့ရှိတယ်။ စကားဟောင်းစကားနွမ်းဆိုတာ စိတ်ကူးနဲ့ဖန်တီးထားတဲ့စကားပုံကို ဥပမာလို တွဲစပ်ဖန်တီးတဲ့စကားတွေကို အဲဒီလိုစကားမျိုးကိုပြောတာနော်။ နေ့စဉ်သုံးနေတဲ့ 'လူ၊ အိမ်၊ ကျောင်း၊ စားသောက်၊ နီ၊ ဖြူ' စတဲ့

> **"စကားပုံတွေလိုပဲ စာပေကပေးတဲ့ ဥပမာ စကားတွေလဲ အများကြီးပဲ။ ဥပမာခိုင်းနှိုင်းတယ်ဆိုတာ ပိုပြီး ထင်ရှားအောင် ခိုင်းနှိုင်းတာ မဟုတ်လား။ ဒါကြောင့် ဥပမာတွေဟာ အင်မတန်ပေါ်လွင်တဲ့ အသုံးစကား တွေပေါ့ကွယ်"**

အခြေခံစကားတွေကို ဆိုလိုတာ မဟုတ်ဘူးနော်။ အဲဒီစကားတွေဟောင်းနေပြီ၊ အသစ်ပြောင်းကြစို့ဆိုပြီး ပြောင်းလို့ ဘယ်ဖြစ်မလဲလေ"

"ဟုတ်ကဲ့ပါ"

"ရှင်မဟာရဋ္ဌသာရရဲ့ကဗျာတွေထဲမှာ သုံးထားတဲ့ဥပမာတွေ လေ့လာကြည့်ရင်ကိုပဲ ဒီနေ့အထိ အသုံးတွင်နေတဲ့ စကားတွေ အများကြီးတွေ့နိုင်ပါတယ်ကွယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"သမီးတို့ကျောင်းသားတွေကို သင်ပေးနေတဲ့ ကဗျာကလေးတွေထဲက ဥပမာတွေပဲ ကြည့်ပါအုံး။ စာတွေကို ကျေကျေညက်ညက်လေ့လာဖို့ ဥပမာပေးထားတာပါတယ် မဟုတ်လား"

"ပါပါတယ် ဘဘ။ 'ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးသို့' ပါ"

"ဟုတ်တယ်။ ကြောင်က ပုစွန်ကို ကျွတ်ကျွတ်မြည်အောင် ဝါးစားသလို ကျေညက်နေရမယ်လို့ ပြောတာလေ။ နောက်ရိုးရိုးလေးနဲ့ ထင်းခနဲပေါ်လွင်တဲ့ ဥပမာတစ်ခုကို သတိရတယ်။ လေ့လာကျက်မှတ်ထားတဲ့စာတွေကို အစကလေးဖော်လိုက်တာနဲ့ အကုန်လုံး ပေါ်လာတာကိုပေးတဲ့ ဥပမာလေ"

" 'တစ်စပေါ်လျှင် ချည်စငင်သို့' ပါ ဘဘ"

"ကဲ...ဘယ်လောက်လွယ်သလဲ၊ ချည်စကလေးတစ်စဆွဲထုတ်လိုက်တာနဲ့ အားလုံးစီကာ စဉ်ကာ အလိုက်သင့် ပေါ်ထွက်လာတာနဲ့ ဥပမာပေးထားတာလေ"

"ဟုတ်ပါတယ် ဘဘ"

"နောက်တစ်ခါ မိဘချမ်းသာလို့ စည်းစိမ်ခံစားနေရပေမယ့် ဘာပညာမှမတတ်တဲ့သူကို ခိုင်းနှိုင်းထားတဲ့ ဥပမာရှိသေးတယ်"

"ဟုတ်ကဲ့၊ 'ရွှေအိမ်ဘုံမြင့်၊ ခုနစ်ဆင့်ထက်၊ နေလင့်ကစား၊ ပြာသာဒ်ဖျားဝယ်၊ နားသည့်ကျီးမျှ၊ ပမာကျလိမ့်' ပါ ဘဘ"

"အေး၊ အဲဒီလို လူမျိုးဟာ ပြာသာဒ်ထိပ်ဖျားမှာ နားနေတဲ့ ကျီးကန်းလိုပဲ...တဲ့။ ဘယ်လောက် ထိမိတဲ့ ဥပမာလဲကွယ်။ နောက်ပြီးတော့ ဟိုဟာဟုတ်နိုးနိုး၊ ဒီဟာဟုတ်နိုးနိုးနဲ့ ထင်ရာစွတ်လုပ်တတ်တာမျိုးကို 'ဟုတ်လိနိုးနိုး၊ ဆင်ကန်းတိုးသို့' လို့ ဥပမာပေးထားတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ကန်းနေတဲ့ဆင်ဆိုတာ ဘာမှမမြင်ရတော့ တောထဲမှာ ဟိုနေရာဝင်တိုး၊ ဒီနေရာဝင်တိုး လုပ်တာနဲ့ ဥပမာပေးထားတာလေ။ ခုခေတ်မှာ 'ဆင်ကန်းတောတိုး' ဆိုပြီး အသုံးတွင်ကျယ်နေပြီလေ။ အဲဒီလို ထင်ရာစွတ်လုပ်ရင် 'ဆင်ကန်းတောတိုး လုပ်တယ်' လို့ ပုံခိုင်းပြောကြတယ် မဟုတ်လား။ ဒီစကားဟာ ရှင်မဟာရဋ္ဌသာရရဲ့ လက်ဆောင်အမွေတစ်ခုပေါ့ကွယ်"

"သဘောပေါက်ပါပြီ ဘဘ"

"ကဗျာတွေမှာသာ မဟုတ်ဘူး၊ စကားပြေတွေမှာလဲ ဥပမာအဖွဲ့ကောင်းတွေ အများကြီးပါတယ်။ သမီးစိတ်ဝင်စားရင် လေ့လာကြည့်ပေါ့ကွယ်။ ဆိုပါတော့ အလုပ်တစ်ခုကိုလုပ်ပြီး အကျိုးမဲ့ဆုံးရှုံးသွားရင် 'အိုးစိမ်းထဲဆီထည့်သလို' လို့ ရှေးစာပေတွေမှာ ဥပမာပေးတယ်...ကွဲ့"

"သမီး အဓိပ္ပာယ်နားမလည်ပါဘူး ဘဘ"

"အေး...ခုခေတ်မှာ အသုံးနည်းတဲ့စကားပါနေလို့ပါ။ 'အိုးစိမ်း' ဆိုတာ မီး မဖုတ်ရသေးတဲ့ အိုးကို ပြောတာလေ"

"ဪ၊ ဟုတ်ကဲ့"

"ရှေးက အိုးလုပ်တာ ရွှံ့၊ သဲ၊ မြေကြီးအစိုပေါ့။ အဲဒီမြေကြီးအစိုကို အိုးလုပ်ပြီး ချက်ချင်းသုံးလို့ မရသေးဘူးလေ။ အိုးကို မီးဖုတ်လိုက်တော့မှ ခိုင်သွားပြီး ထည့်လို့ရတာ။ သကြ်န်တုန်းက အတာအိုးတွေ ရောင်းတာတွေ့မှာပေါ့။ အဲဒါ မြေအိုးတွေ မဟုတ်လား။ ခုခေတ်တော့ အသုံးနည်းသွားပြီ။ အိုးလုပ်ပြီးတော့ မီးမဖုတ်ရသေးရင် 'အိုးစိမ်း' လို့ ခေါ်တယ်။ 'မဖုတ်သောအိုး' လို့လဲ ခေါ်တယ်။ အဲဒီအိုးထဲဆီထည့်လိုက်တော့ အိုးက ပေါက်ပြီး အိုးရော ဆီရော ဆုံးရှုံးရတာကို ဥပမာပေးတာလေ"

"နားလည်ပါပြီ ဘဘ"

"ဒီဘက်ခေတ် စာရေးဆရာမကြီးတစ်ယောက်ပေးတဲ့ ဥပမာတစ်ခု ပြောပြမယ်။ ဆရာမကြီး ဂျာနယ်ကျော်မမလေးက သူ့ခင်ပွန်း ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်စမှာ 'သူလိုလူ' စာအုပ်ရေးတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ သမီးဖတ်ဖူးပါတယ် ဘဘ"

"အဲဒီထဲမှာ ဂျာနယ်ကျော် ဦးချစ်မောင် အသည်းအသန်နေမကောင်းဖြစ်တော့ ဆရာမကြီးက ဆေးရုံမှာ စောင့်ရင်း သူ့ခင်ပွန်းကို နိုင်ငံခြားမှာ ဆေးသွားကုဖို့အထိ မျှော်လင့်ချက်တွေနဲ့ စဉ်းစားနေတုန်း သူ့ရင်ခွင်ထဲမှာပဲ ခင်ပွန်း အသက်ထွက်သွားတော့ တင်းထားသမျှ စိတ်တွေ အကုန်လုံး ရုတ်တရက်လျော့ကျသွားပြီး ခင်ပွန်းရဲ့ အလောင်းပေါ် လဲကျသွားပုံကို သရုပ်ဖော်ထားတယ်လေ"

"ဟုတ်ကဲ့"

"ဘယ်လို ဥပမာပေးသလဲဆိုတော့ နာရီသံပတ်ခွေတွေ၊ အဲတိုင်ကပ်နာရီကြီးက သံပတ်ခွေတွေပေါ့။ အဲဒီသံပတ်ခွေတွေကို ကျစ်ကျစ်လျစ်လျစ်ခွေထားရာက ရုတ်တရက်ဖြေချလိုက်တဲ့အခါ တစ်ခွေနဲ့တစ်ခွေရိုက်ပြီး အရှိန်နဲ့ပြေးထွက်သွားသလိုပဲ...တဲ့။ သူ့စိတ်ထဲမှာ တစ်ချိန်လုံးတင်းထားတဲ့စိတ်တွေဟာ ခင်ပွန်းဆုံးပြီလဲဆိုရော ဖြုန်းခနဲဖြေချလိုက်သလို ခံစားလိုက်ရပြီး လျှော့ကျသွားသလို ခံစားလိုက်ရတာ ပုံလျက်သားလဲသွားတဲ့အထိပဲလို့ ဥပမာပေးထားတာလေ။ အင်မတန်ထိမိပေါ်လွင်တဲ့ ဥပမာပေါ့ကွယ်။ ဘဘက စိတ်ထဲမှာ နားလည်ထားသလို ရှင်းပြတာ၊ ဆရာမကြီးရဲ့ မူရင်းစကားအတိုင်း သိရအောင် သမီးပြန်ဖတ်ကြည့်လိုက်နော်"

"ဟုတ်ကဲ့ပါ ဘဘ၊ အများကြီးကျေးဇူးတင်ပါတယ်" ။ ။

# သာဂရ - ငှက်ပျောတော စစ်တောင်းမြစ်ကူးတံတား ရာသီမရွေး ဖြတ်သန်းသွားလာနိုင်ပြီ

**ရေတာရှည်  မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့နှင့် ငှက်ပျောတောကျေးရွာကို ဆက်သွယ်ထားသည့် စစ်တောင်းမြစ်ကူးတံတားကို ကျေးလက်နေသူများ ပိုင်းဝန်းစုပေါင်း လှူဒါန်းငွေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်မိုးရာသီအမီ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ကွန်ကရစ်တိုင်များပေါ်မှ သံပေါင်တန်းများထိုးခြင်း၊ သစ်သားပြားများခင်းခြင်းတို့ ဆောင်ရွက်ခြင်း ပြီးစီးခဲ့ပြီဖြစ်၍ မေ ၂၁ ရက်တွင် ဖြတ်သန်းသွားလာခွင့်ပြုသည်။ **(အောက်ပုံ)**

"တံတားကြီး တည်ဆောက်ဖို့ရာအတွက် ငွေကြေး၊ နည်းပညာပိုင်းတွေ အားနည်းချက်ကြောင့် တစ်နှစ်ချင်း ကြိုးပမ်းခဲ့ရတာပါ။ အခက်အခဲတွေလည်း အများကြီး ကြုံတွေ့ရတယ်။ ဒါပေမယ့် ဒေသတွင်း ခရီးသွားလာရေးအတွက် လိုအပ်ချက်တွေကရှိနေတော့ မြစ်အရှေ့ဘက်ကမ်းရှိတဲ့ ကျေးရွာတွေက ခရီးသွားတွေရဲ့ စုပေါင်းလှူဒါန်းငွေနဲ့ တည်ဆောက်ခဲ့တာပါ။ အခုဆိုရင် ငွေကျပ်သိန်း ၂၂၀၀ ကျော် ကုန်သွားပါပြီ" ဟု ကျောင်းကုန်းကျေးရွာနေ တံတားတည်ဆောက်မှုတွင် ဦးဆောင်ပါဝင်သူ ဦးသန်းဇော်က ရှင်းပြသည်။

လက်ရှိတည်ဆောက်ထားသည့် စစ်တောင်းမြစ်ကူးတံတားသည် အရှည် ပေ ၄၈၀ ရှိပြီး ကွန်ကရစ်တိုင် ၁၁ လုံးဖြင့် တည်ဆောက်ထားကာ သံပေါင်ကြီးများနှင့် ကွန်ကရစ်အခင်းများ ဆောင်ရွက်ရန် ထပ်မံကြိုးပမ်းရဦးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါတံတားမှာ မြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများ၊ ကရင်ပြည်နယ်နှင့် ထိစပ်နေသော တောင်ပေါ်ကျေးရွာများမှ နေ့စဉ် ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများတွင် အဓိက အားထားသွားလာနေကြရခြင်းဖြစ်ကြောင်း သိရသည်။ **သန်းလွင်**



## ပန်နန်းဒင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပစ္စည်းများလှူဒါန်းပေးအပ်

**ပန်နန်းဒင်  မေ ၂၉**

ကချင်ပြည်နယ် ပန်နန်းဒင်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်ရေး ကော်မတီများ၏ ထည့်ဝင်လှူဒါန်းမှုဖြင့် အပူချိန်တိုင်းစက်နှင့် နှာခေါင်းစည်းများ လှူဒါန်းမှုကို မေ ၂၇ ရက်က ပန်နန်းဒင်မြို့တွင် ပြုလုပ်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ပစ္စည်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းနှင့် အဖွဲ့ဝင်များက ငွေကျပ် ၇၀၀၀၀ တန်ဖိုးရှိ အပူချိန်တိုင်းကိရိယာတစ်ခုနှင့် ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း အခု ၁၀၀ တို့ကို ပန်နန်းဒင်မြို့ မြို့ပေါ် ရပ်ကွက်ရှိ ပြည်သူလူထုများနှင့် ကျေးလက်နေ ပြည်သူများထံ အိမ်တိုင်ရာရောက် အခမဲ့သွားရောက် လှူဒါန်းပေးကြောင်း သိရသည်။ **နောယော်ဘော် (ပြန်/ဆက်)**

## ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG) များနှင့်အတူ "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ရန်ကုန်မြစ်အတွင်း စက်တပ်သမ္ဗန်များ ဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး

**ရန်ကုန်  မေ ၂၉**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှု အဖွဲ့ခွဲ၊ ရေကြောင်းရဲတပ်ဖွဲ့စု(ရန်ကုန်) မှ ရန်ကုန်မြစ်အတွင်းသွား စက်တပ် သမ္ဗန်များ ရေကြောင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်း များကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သမဝါယမအသင်းလီမိတက်ပိုင် ကမာကဆစ် ကူးတို့ဆိပ်ရှိ ရေယာဉ်ရုံးခန်း၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေကြောင်းရဲတပ်ဖွဲ့စု (ရန်ကုန်) မှ ရဲမှူးမင်းအေးနိုင်ဦးက မိုးကြိုကာလအတွင်း ဖြစ်ပွားတတ်သော ဘေးအန္တရာယ်ကင်းရှင်းရေး ပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စက်တပ်ရေယာဉ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ဒလမြို့နယ်အတွင်းရှိ စက်တပ်သမ္ဗန်ကူးတို့ဆိပ် ၁၁ ဆိပ်ရှိ မြစ်တွင်းသွား စက်တပ်သမ္ဗန်များ ရေယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်စက်တပ်သမ္ဗန်ကူးတို့ဆိပ် ၁၁ ဆိပ်ရှိ ရေယာဉ်ဥက္ကဋ္ဌများနှင့် ရေယာဉ်မောင်းနှင်သူများ တက်ရောက်ကြသည်။

ရန်ကုန်မြစ်အတွင်း သွားလာနေကြသော ပြည်သူများအနေဖြင့် သမ္ဗန်မောင်းနှင်သူများအား အရက်သေစာ သောက်စားမောင်းနှင်ခြင်းနှင့် မြစ်အတွင်း အခြားရေယာဉ်များနှင့် တိုက်မိနိုင်သည်ဟု ယူဆပါက သမ္ဗန်မောင်းသူအား သတိပေးရန်နှင့် အခြားရေယာဉ်ဘေးအန္တရာယ် ကြုံတွေ့ခြင်းနှင့် မြင်တွေ့ပါက ရေကြောင်းရဲတပ်ဖွဲ့ ဖုန်း ၀၁၉-၅၅၅၀၀၆၊ ၅၅၅၆၈၆ နှင့် ၀၁-၂၃၁၆၉၈၀ တို့သို့ ဆက်သွယ် တိုင်ကြားနိုင်ကြောင်းသိရသည်။

**နိုင်လင်းကျော်(ဒလ)**





## ပင်သောင် စနစ်ကျလယ်ယာမြေလုပ်ငန်းခွင်သို့ နေပြည်တော်ကောင်စီဝင် ကွင်းဆင်းကြည့်ရှု

**နေပြည်တော်  မေ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ပင်သောင်ကျေးရွာအုပ်စုအတွင်း IFAD ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စနစ်ကျလယ်ယာမြေဧက ၃၄၀ ဖော်ထုတ်ခြင်းလုပ်ငန်းခွင်သို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅)၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ မေ ၂၈ ရက်က သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းခွင်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၅)၊ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်မှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က လုပ်ငန်းများအား စံချိန်စံညွှန်းပြည့်မီရေး ဌာနများအလိုက် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအား မိုးစပါးစိုက်ပျိုးရာသီအမီ ပြီးစီးရေးနှင့် လိုအပ်သည်များကို မှာကြားခဲ့သည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ပင်သောင်ကျေးရွာနှင့် ကျောက်အိုးကျေးရွာတို့မှ တောင်သူများနှင့်တွေ့ဆုံပြီး ဆည်ရေကို စနစ်တကျ စီမံခန့်ခွဲအသုံးပြုရန်နှင့် စနစ်ကျလယ်ယာမြေများအား ရေရှည်ထိန်းသိမ်းပြုပြင်ဆောင်ရွက်ရာတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် ရေအသုံးချသူများအဖွဲ့ (WUG) ဖွဲ့စည်းရာတွင် ပါဝင်ကူညီကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မွှေး**



## မန္တလေးမြို့နယ်ရှိ အသက် ၇၀ နှင့်အထက် သတင်းစာဆရာအသင်းနှင့် စာရေးဆရာအသင်းဝင်များအား ဆန်အိတ်နှင့် နှာခေါင်းစည်းများ လှူဒါန်း

**မန္တလေး  မေ ၂၉**

ကိုဗစ်-၁၉ ကာလ ထောက်ပံ့ရေးအတွက် မန္တလေး ခုနစ်မြို့နယ်အတွင်းရှိ အသက်(၇၀)နှင့်အထက် သတင်းစာဆရာအသင်းနှင့် စာရေးဆရာအသင်းဝင် ၈၂ ဦးတို့အား ချမ်းအေးသာစံမြို့နယ် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့်အဖွဲ့က ယမန်နေ့က အဆိုပါဘုရားကျောင်းတွင် လှူဒါန်းရာ မြို့နယ်အလိုက် စာရေးဆရာများကိုယ်စား စာရေးဆရာအသင်း ဥက္ကဋ္ဌများက လက်ခံယူကြောင်း သိရသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ အထက်မြန်မာပြည် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးငွေးအောင်၊ တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးမျိုးမင်းမင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါလှူဒါန်းပွဲတွင် ချမ်းအေးသာစံမြို့နယ်မှ ၁၀ ဦး၊ အောင်မြေသာစံမှ ခြောက်ဦး၊ မဟာအောင်မြေ မြို့နယ်မှ ၂၂ ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ သုံးဦး၊ ချမ်းမြသာစည်မြို့နယ်မှ ငါးဦး၊ အမရပူရမြို့နယ်မှ ငါးဦး၊ ပုသိမ်ကြီးမြို့နယ်မှ ၂၀ ၊ တိုင်းဒေသကြီး သတင်းစာဆရာအသင်းမှ ၁၁ ဦးတို့ကို လှူဒါန်းရာ တစ်ဦးလျှင် ဆန် ၁၂ ပြည်ပါ တစ်အိတ်နှင့် နှာခေါင်းစည်းတစ်ထုပ် ပါဝင်ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)၊ ဓာတ်ပုံ-အောင်ကျော်ထွန်း (ပုသိမ်ကြီး)**

# နိုင်ငံတော်အရေးပေါ်ရိက္ခာဆန်အိတ် ခြောက်သောင်းကို မန္တလေးတိုင်းဒေသကြီးအတွင်း စနစ်တကျလက်ခံသိုလှောင်ထားရှိ

**မန္တလေး မေ ၂၉**

အထက်မြန်မာပြည်အတွက် သိုလှောင်ရန် နိုင်ငံတော်အရေးပေါ်ရိက္ခာ ဆန်အိတ် ခြောက်သောင်းကို မန္တလေးတိုင်းဒေသကြီးအတွင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနပိုင် ကျောက်ဆည်မြို့နှင့် မန္တလေးမြို့ရှိ မြို့ဟောင်းသိုလှောင်ရုံ၌ လက်ခံသိုလှောင်ထားရှိမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အရေးပေါ်ရိက္ခာဆန်များ လက်ခံ၊ သိုလှောင်ရေး ကြီးကြပ်မှုအဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် အရေးပေါ်ရိက္ခာဆန် စနစ်တကျ လက်ခံသိုလှောင်နိုင်မှုအနေဖြင့် ကျောက်ဆည်မြို့ ဖောင်ရွာ ရွာသစ်ရပ်ရှိ စားသုံးသူရေးရာဦးစီးဌာနပိုင် သိုလှောင်ရုံတွင် မေ ၃ ရက်က စတင်လက်ခံဆောင်ရွက်ခဲ့ပြီး မေ ၂၆ ရက်အထိ သိုလှောင်ရုံလေးခုတို့တွင် ဝင်ဆံ့နိုင်သည့် ပမာဏ ဆန်အိတ် ၅၀၅၉၉ အိတ်လက်ခံသိုလှောင်ထားရှိကာ ကျန်ရှိဆန် ၉၄၀၁ အိတ်ကို မန္တလေးမြို့ အမရပူရမြို့နယ် မြို့ဟောင်း သိုလှောင်ရုံ ၂၀ ရှိ သိုလှောင်ရုံအမှတ် ၅ တွင် မေ ၂၈ ရက်ကစ၍ စနစ်တကျ လက်ခံသိုလှောင်ထားရှိသည်။

"ကိုဗစ်-၁၉ ရောဂါ ဖြစ်လာတဲ့အခါ လိုအပ်လာရင် ပြည်သူလူထုတွေ စားရေးရိက္ခာ အခက်အခဲဖြစ်လာခဲ့ရင် ဖြန့်ဝေပေးဖို့အတွက် အရေးပေါ်ရိက္ခာဆန်တွေ စနစ်တကျ လက်ခံသိုလှောင်ထားရှိနေပါတယ်။ အရေးပေါ်ရိက္ခာဆန်ကို နိုင်ငံတော်က ဝယ်ယူတဲ့အခါမှာ ပြည်ပကို တင်ပို့နေတဲ့ ဆန်တွေထဲက ၁၀ ရာခိုင်နှုန်း လက်ခံဝယ်ယူတာ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအနေနဲ့ ကျောက်ဆည်မြို့မှာ သိုလှောင်ရုံလေးလုံး ဆန်အိတ်ငါးသောင်းကျော် သိုလှောင်ထားပြီးဖြစ်ပါတယ်။ အဲဒီမှာ ပြည့်သွားတဲ့အခါ မန္တလေးမြို့ရှိ မြို့ဟောင်းသိုလှောင်ရုံမှာ ဆန်အိတ် ကိုးထောင်ကျော်ကို ဆက်ပြီးလက်ခံသိုလှောင်သွားမှာပါ" ဟု တိုင်းဒေသကြီး အရေးပေါ်ရိက္ခာဆန်များ လက်ခံ၊ သိုလှောင်ရေးကြီးကြပ်မှု အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦး က ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု မြင့်မားလာပါက တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် နိုင်ငံတော်အစိုးရက နိုင်ငံသားများအား နိုင်ငံတော်ရိက္ခာအဖြစ် ဖြန့်ဝေနိုင်ရန် အရေးပေါ်ရိက္ခာဆန်တန်ချိန် ငါးသောင်းနှင့် စားအုန်းဆီတန်ချိန် တစ်သောင်းနှစ်ထောင် ဝယ်ယူသိုလှောင်ထားရှိမည်ဖြစ်သည်။



နိုင်ငံတော်အရေးပေါ်ရိက္ခာဆန်များကို ထားရှိသိုလှောင်သွားခြင်းသည် ပြည်တွင်းဆန်ဈေး တည်ငြိမ်ပြီး စားသုံးသူပြည်သူများ ဖိစီးမှုမဖြစ်စေရန်၊ ဈေးနှုန်းကျဆင်းပါက တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှုကို မထိခိုက်စေရန်နှင့် ပြည်တွင်းဆန်ဈေးနှုန်းများ မတည်မငြိမ်ဖြစ်ပေါ်လာလျှင် အရေးပေါ်ဆန်မှ အခြေခံလူတန်းစားများသို့ သင့်တင့်သော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးရန်၊ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့လျှင် အဆိုပါဒေသများရှိ ပြည်သူများအား အဓိကစားနပ်ရိက္ခာ ဖြစ်သော ဆန်ဖြန့်ဖြူးထောက်ပံ့သွားနိုင်ရန်၊ စပါးရာသီ ကုန်ဆုံးပြီးနောက်စပါးအသစ် ပေါ်ထွက်လာပါက နိုင်ငံတော်အရေးပေါ်ရိက္ခာဆန်အဖြစ် သတ်မှတ်ထားသည့် အရေးပေါ်ဆန်များကို ပုဂ္ဂလိကပို့ကုန်လုပ်ငန်းရှင်များက ကြားခံ၍ ပြည်ပသို့ တင်ပို့သွားနိုင်ရန်၊ နိုင်ငံတော်အရေးပေါ် ဆန်ထားရှိသည့်အတွက် တည်ငြိမ်မှုရှိလာမည်ဖြစ်ကာ ပြည်ပတင်ပို့မှုကို အထောက်အကူဖြစ်စေပြီး မလိုလားအပ်သော ကိစ္စရပ်များ ပေါ်ပေါက်မှု မရှိစေရန်၊ အာဆီယံဒေသအတွင်း အရေးပေါ်ဆန်ထားရှိခြင်းကို အထောက်အကူပြုစေရန်နှင့် အဖွဲ့ဝင်နိုင်ငံများ အရေးပေါ်လိုအပ်ချက်များရှိလာပါက လိုအပ်သလို စီမံဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်သည်။

စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ အကျိုးအမြတ်ရရှိနိုင်ရန်နှင့် ပြည်သူများ စိတ်အေးချမ်းစွာ ဝယ်ယူစားသုံးနိုင်ရန် နိုင်ငံတော်အတွင်း အရေးပေါ် အခြေအနေများ ဖြစ်ပေါ်လာပါက လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရန်အတွက် နိုင်ငံတော်အရေးပေါ် ရိက္ခာဆန်များကို ဝယ်ယူသိုလှောင်ခြင်းဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အရေးပေါ်ရိက္ခာဆန်များ လက်ခံသိုလှောင်ဖြန့်ဖြူးရေးအဖွဲ့များ ဖွဲ့စည်းထားပြီး အရေးပေါ် ရိက္ခာဆန်များလက်ခံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးတို့အတွက် ညွှန်ကြားချက်များလည်း ထုတ်ပြန်ထားသည်။

**ထိပ်ထားနိုင်**

---

# မြင်းမူမြို့နယ်၌ ယခုနှစ်အတွက် စက်မှုကုန်ကြမ်းသီးနှံ ဝါဧက ၁၉၅၂၀ စိုက်ပျိုးမည်

**မြင်းမူ မေ ၂၉**

မြင်းမူမြို့နယ်အတွင်း၂၀၂၀-၂၀၂၁ ခုနှစ် စိုက်ပျိုးရာသီအတွင်း စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါမျိုးစုံ ဧက ၄၇၁၄၀ ကို စိုက်ပျိုးရန်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ယခုနှစ် စိုက်ပျိုးရာသီအတွင်း မြင်းမူမြို့နယ်အနေဖြင့် ဝါကြီး၊ မလှိုင်၅/၆ ဧက၂၉၀၀ နှင့် ချည်မျှင်ရှည်ဝါများဖြစ်သည့် မိုးကြို၊ မိုးကာလ၊ မိုးနှောင်းဝါ ဧက ၁၆၆၂၀ ကို စိုက်ပျိုးမည်ဖြစ်ပြီး ယခုအချိန်ထိ ဝါမျိုးစုံဧက ၉၀၀ နီးပါး စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် မိမိတို့ ရေမြေသဘာဝနှင့် ကိုက်ညီသော ဝါမျိုးများကို ရွေးချယ်စိုက်ပျိုးလျက်ရှိကြောင်း၊ နှစ်စဉ် ဝါစိုက်ပျိုးတောင်သူများအနေဖြင့် အမြတ်အစွန်းများ ပိုမိုရရှိလျက်ရှိကြောင်း ဝါစိုက်တောင်သူ ကိုသဲမောင်ထံက သိရသည်။

ဝါစိုက်ပျိုးရေးနှင့် ပတ်သက်သည့် နည်းပညာနှင့် ဝါမျိုးကောင်း မျိုးသန့်များကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးကူညီပေးလျက်ရှိသည့်အတွက် ဝါစိုက်တောင်သူများအတွက် အဆင်ပြေကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**



---

# မံစီမြို့နယ် မံသာကျေးရွာ၌ ဓာတ်အားခွဲရုံနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်

**မံစီ မေ ၂၉**

ကချင်ပြည်နယ် မံစီမြို့နယ် အောက်ချောင်းဒေသ (ဒေသအခေါ်) အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် မန်သာ ကျေးရွာ၌ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ခွဲရုံအတွင်း တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ နေထိုင်ရန်အတွက် လေးခန်းတွဲနှင့် နှစ်ခန်းတွဲ အိမ်ရာနှစ်လုံး တည်ဆောက်လျက်ရှိသည်။

ဝန်ထမ်းအိမ်ရာကို ဇန်နဝါရီ ၂၉ ရက်က ပန္နက်တင်ကာ လုပ်ငန်းစတင်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လေးခန်းတွဲအတွက် ငွေကျပ် သန်း ၉၁ ဒသမ ၅၀၊ နှစ်ခန်းတွဲအတွက် ငွေကျပ် ၅၉ သန်းတို့ဖြင့် လည်းကောင်း၊ ခွဲရုံကို ဧပြီ ၂၃ ရက်က ပန္နက်တင်ကာ လုပ်ငန်းစတင်ခဲ့ပြီး ပြည်ထောင်စုအစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၅၃ ဒသမ ၅၂ သန်းဖြင့် လည်းကောင်း တည်ဆောက်လျက်ရှိကြောင်း၊ ဓာတ်အားများ ဖြန့်ဖြူးရေးအတွက်လည်း ပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေ စုစုပေါင်း ၁၀၉၆ ဒသမ ၅၅ သန်းဖြင့် ကျေးရွာများတွင် ဓာတ်အားလိုင်းများ တည်ဆောက်လျက်ရှိနေကြောင်း သိရသည်။

ဗန်းမော်မြို့နယ် စင်းခန်းမှ ၃၃ လိုင်း ၁၆ ဒသမ ၅ မိုင် ဓာတ်အားလိုင်း တည်ဆောက်မည်ဖြစ်ပြီး ခွဲရုံမှ ဓာတ်အားလိုင်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မံသာ၊ မံရ၊ ကံကြီး၊ တုံပလွေ၊ နောင်ဟူး၊ သံတံတား၊ မက်လင်၊ စီကော်၊ စီခမ်းကြီး စသည့် ကျေးရွာ ကိုးရွာကို စတင်ဖြန့်ဖြူးကာ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၃ ရွာကို ဆက်လက်ဖြန့်ဖြူးမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဦးစီးဌာနမှူး ဦးဝင်းကိုဦးက ပြောသည်။



အဆိုပါ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ မေ ၂၈ ရက်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင် ဦးဆောင်သည့် မြို့နယ်တည်ဆောက်ရေးလုပ်ငန်း အရည်အသွေးစစ်ဆေးရေး ကော်မတီက သွားရောက်စစ်ဆေးခဲ့ကြပြီး (ဝဲပုံ) လုပ်ငန်းများ အရည်အသွေးပြည့်ဝစွာဖြင့် အချိန်မီ ပြီးစီးရေးအတွက် ဆောင်ရွက်နေသည့် တာဝန်ရှိသူများအား မှာကြားသည်။

ထို့အပြင် ဒေသခံများ၏ လိုအပ်ချက်များကို မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များက ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ လိုအပ်သည်များကို ဆောင်ရွက်ပေးရန် ပြောကြားကြောင်း သိရသည်။

**ရိန် (ပြန်/ဆက်)**

---

# ကလောမြို့နယ်၌ အစေ့ထုတ်ပြောင်းမျိုးစေ့များ အခမဲ့ဖြန့်ဝေ

**ကလော မေ ၂၉**

အောင်ပန်းစိုက်ပျိုးရေးသုတေသနခြံမှ မျိုးသန့်စိုက်ပျိုးထုတ်လုပ်ထားသည့် ဧကရီ သဘာဝဝတ်မှုန်ကူးပြောင်းမျိုးစေ့များအား ပြောင်းစိုက်တောင်သူများထံသို့ ဒုတိယအကြိမ်အခမဲ့ဖြန့်ဝေခြင်းကို မေလတတိယပတ်က ကလောမြို့နယ် နောင်လွယ်ကျေးရွာရှိ SMU ခန်းမ၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးတင်ဦးနှင့် ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်ဝမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြောင်းမျိုးစေ့များ အခမဲ့ ဖြန့်ဝေပေးခြင်းမှ ကလောမြို့နယ်ရှိ ဘော်ဆိုင်း၊ ဘော်နင်း၊ ကျောက်ထပ်၊ စကားအင်းနှင့် နန်းတိုင်း အစရှိသော ကျေးရွာအုပ်စုငါးစုတို့တွင် အစေ့ထုတ်ပြောင်းဧက ၁၂၀ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ အစေ့ထုတ်ပြောင်းမျိုးစေ့များ အခမဲ့ဖြန့်ဝေခြင်းသည် ကိုဗစ် - ၁၉ ကာလအတွင်း အစေ့ထုတ်ပြောင်းမျိုးစေ့ ဈေးနှုန်းမြင့်တက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကြောင့် ပြောင်းမျိုးစေ့ဝယ်ယူရန် ခက်ခဲသောဒေသများနှင့် သွင်းအားစုထည့်သွင်းရန် ကုန်ကျစရိတ်ခက်ခဲသည့် လုပ်ကွက်ငယ်တောင်သူများအား ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း အောင်ပန်းစိုက်ပျိုးရေးသုတေသနခြံ တာဝန်ခံ ဒေါက်တာဝင်းဝင်းနွယ်ထံက သိရသည်။

**သိန်**


# မျိုးစေ့ချကိရိယာဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်း



ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ မြန်မာနိုင်ငံ၏အဓိက စားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ရာသီဥတုနှင့်အညီ စိုက်ပျိုးနိုင်သည့် စိုက်ပျိုးရေးနည်းများအနက် လုပ်သားလိုအပ်ချက်နှင့် ရေသုံးစွဲမှုကို လျှော့ချချွေတာနိုင်မည့် အောက်ပါစပါးစိုက်ပျိုးနည်းကို အများပြည်သူသိရှိနိုင်ရန် တင်ပြအပ်ပါသည်။

မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်း

မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်းသည် လုပ်သားလိုအပ်ချက်နှင့်ရေလိုအပ်ချက်နည်းပြီး လောင်စာဆီ သုံးစွဲရန်မလိုအပ်သဖြင့် သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်ဘဲ ကုန်ကျစရိတ် သက်သာသော စီးပွားရေးတွက်ခြေကိုက်သည့် နည်းစနစ်တစ်ခုဖြစ်ကြောင်း နိုင်ငံတကာ ဆန်စပါးသုတေသနဌာန (IRRI) က အကြံပြုထောက်ခံထားရှိပါသည်။







## Drum Seeder ဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်း

လယ်ယာလုပ်သားရှားပါးသော အခြေအနေနှင့် ကောက်စိုက် စရိတ်ကြီးမြင့်သည့် အခက်အခဲများကိုကျော်လွှားရန် ဝန်ကျဉ်း၍ ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်တိုအတွင်း ပြီးစီးနိုင်သော မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနည်းစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

### ၁။ သင့်လျော်သော စပါးမျိုးရွေးချယ်ခြင်း

✔ စားသုံးမှုအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော ဒေသနှင့်ကိုက်ညီသည့် သက်လျင်စပါးမျိုးသန့်များကို စိုက်ပျိုးရန် ဖြစ်ပါသည်။

### ၂။ မြေပြုပြင်ခြင်း

✔ အလွန်စေးကပ်သောမြေနှင့် မညီညာသော သမန်းပြင်တွင် မျိုးစေ့ချကိရိယာအသုံးပြု၍ မရနိုင်ပါ။

✔ စိုက်ခင်းအား ပုံမှန်အတိုင်း ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက် ထွန်ယက်ပါ။

✔ မျိုးစေ့ချရန် သင့်တော်သော မြေအစိုဓာတ်ရှိချိန်တွင် မြေခံမြေဩဇာ ထည့်သွင်း၍ ကြမ်းတုံးရိုက် မြေညှိပါ။

✔ စိုက်ခင်းသမန်း မြေညီညာပြီး ရေပြောင်စင်အောင် ထုတ်ပြီးမှ စိုက်ပျိုးရမည်။ (စိမ့်မြောင်း၊ ပတ်မြောင်းများ ပြုလုပ်ထားရမည်။)



### ၃။ မျိုးစေ့ချခြင်း

✔ တစ်ဧကအတွက် မျိုးသန့်စပါးမျိုးစေ့ (၀.၅ – ၁ ) တင်း အသုံးပြုရမည်။

✔ စပါးစေ့များကို (၁၂) နာရီကြာ ရေစိမ်၍ ရေပေါ်ပေါ်သော မျိုးစေ့များကို ဖယ်ရှားကာ မျိုးအုပ်ရမည်။

✔ မျိုးစပါးကို စာပါးစပ်ပြူ အနေအထားတွင် မျိုးစေ့ချကိရိယာ အသုံးပြု၍ မျိုးစေ့ချရမည်။

✔ မျိုးစေ့ချကိရိယာ၏ ပုံးထဲသို့မျိုးစေ့ထည့်ရာတွင် ပုံး၏ ၃ ပုံ ၂ ပုံထက် မပိုစေရပါ၊ (မျိုးညှောက်ဖောက်ရာတွင် အညှောက်မရှည်စေရန်နှင့် စိုထိုင်းမှုမများစေရန် သတိပြုရပါမည်။)

✔ မျိုးစေ့ချပြီးချိန်မှ (၅) ရက်အတွင်း ကြွက်၊ ငှက်၊ တိရစ္ဆာန်တို့၏ ဖျက်ဆီးခြင်းမှ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရမည်။







### ၄။ မြေဩဇာကျွေးခြင်း

✔ တစ်ဧကအတွက် မြေခံအဖြစ် သဘာဝမြေဩဇာ/နွားချေးဆွေးလှည်း ၅ စီးခန့်နှင့် (၁၅–၁၅–၁၅) ကွန်ပေါင်းမြေဩဇာ (၅၀) ကီလိုဂရမ် တစ်အိတ် အသုံးပြုပါ။

✔ အပင်ပွားစီးချိန်တွင် ပုလဲဓာတ်မြေဩဇာတစ်ဧက အိတ်ဝက် (အိတ်ဝက်/ဧကနှုန်း) မှို့ကပ်ချိန်တွင် ပိုတက်ရှ်မြေဩဇာ တစ်ဧကတစ်စိတ်(၁/၄ အိတ်/ဧက) နှုန်း ထည့်သွင်းပေးပါ။

✔ ကောက်ရိုး၊ နှမ်းရိုး၊ စပါးခွံစသည့် သီးနှံအကြွင်းအကျန်များနှင့် နွားချေးတို့ကို မြေဆွေးပြုလုပ်၍ မြေပြင်ချိန်တွင် ထည့်ပါက အပင်၏ အနည်းလို အာဟာရဓာတ်များကို ပံ့ပိုးပေးသည့်အပြင် မြေ၏ ရေထိန်းစွမ်းအားကိုပါ တိုးတက်စေသည်။

✔ မြေဆီလွှာဓာတ်ခွဲခန်းများတွင် မြေဆီလွှာ စမ်းသပ်စစ်ဆေး၍ ထောက်ခံချက်ပေးထားသော နှုန်းထားအတိုင်း ထည့်သွင်းအသုံးပြုသင့်ပါသည်။




### ၅။ ရေသွင်းရေထုတ်ပြုလုပ်ခြင်း

✔ ရေတော်မိုးတော်နှင့် ဆည်ရေသောက် ဒေသများတွင် ရေကို အကျိုးရှိစွာ ခြိုးခြံချွေတာလိုပါက အသုံးပြုရန် အကောင်းဆုံး စိုက်ပျိုးနည်းဖြစ်ပါသည်။

✔ ရေသွင်းရေထုတ်ကို လိုအပ်သလို ဆောင်ရွက်ပေးရမည်။

✔ မှို့ကပ်ချိန်နှင့် ရင့်မှည့်ချိန်အကြားတွင် သွင်းရေ လုံလောက်စွာ ရရှိရန်လိုပါသည်။

✔ ရိတ်သိမ်းရာတွင်လွယ်ကူစေရန် ပန်းပွင့်စုံပြီးနောက်(၂၀–၂၅) ရက်အတွင်း ရေထုတ်ပေးရမည်။

### ၆။ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း

✔ မြေကို ကောင်းစွာပြုပြင်ခြင်းဖြင့် ပေါင်းမြက်နှိမ်နင်းပါ၊ (ပထမအကြိမ် ထယ်ထိုးထွန်ယက်ပြီးနောက် ပေါင်းပင်ငယ်များပေါက်ခါစတွင် ဒုတိယအကြိမ် ထယ်ထိုးထွန်မွှေခြင်းဖြင့် ပေါင်းမြက်နှိမ်နင်းပါ။)

✔ ပေါင်းနှိမ်နင်းခြင်းကို စိုက်ပြီး (၃၀ – ၄၅) ရက်အတွင်း အပြီးဆောင်ရွက်ပါ။ (သမန်းနှိုးကိရိယာကို အသုံးပြု၍ ပေါင်းမြက်နှိမ်နင်းပါ။)

✔ ပေါင်းသတ်ဆေးကို လိုအပ်မှအသုံးပြုပါ။

✔ ပေါင်းမြက်ဆိုးရွားစွာ ကျရောက်ပါက ပေါင်းပင်အမျိုးအစားပေါ်မူတည်၍ မှတ်ပုံတင်ထားသော ပေါင်းသတ်ဆေးကို ဆေးညွှန်းအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ပါ။



### ၇။ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း

✔ ပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးမှု ရှိ/မရှိ ကို အမြဲမပြတ် ကွင်းဆင်းကင်းထောက်စစ်ဆေးပြီး ပိုးသတ်ဆေးကို လိုအပ်မှသာ အသုံးပြုပါ။

✔ ပိုးမွှားရောဂါများ ရှင်သန်ခိုအောင်းရာ နေရာဖြစ်သော ပေါင်းပင်နှင့် ပင်ကြွင်းပင်ကျန်များကို သုတ်သင်ရှင်းလင်းပါ။

✔ ကြွက်ကြောင့် သီးနှံလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်အတွက် စိုက်ခင်း၏ ဘေးပတ်ဝန်းကျင်ရှိခြုံနွယ်များကို ရှင်းလင်းခြင်း၊ ကြွက်ထောင်ချောက်ထောင်ခြင်း၊ ကြွက်ကာပစ္စည်းများ အသုံးပြုခြင်း စသည့်နည်းလမ်းများကို ဆောင်ရွက်သင့်ပါသည်။

### ၈။ ရိတ်သိမ်းခြင်း

✔ စပါးနှံ၏ (၈၀–၈၅) ရာခိုင်နှုန်း ရင့်မှည့်ချိန် (မောင်းညိုချိန်) တွင် အလေအလွင့်အနည်းဆုံးနည်းလမ်းဖြင့် ရိတ်သိမ်းပြီး ချက်ချင်းခြွေလှေ့၍ အခြောက်ခံပါ။

✔ စပါးအစိုဓာတ်သည် မျိုးအတွက် (၁၃) ရာခိုင်နှုန်းနှင့် စားသုံးမည့်စပါးအတွက် (၁၄) ရာခိုင်နှုန်း လိုအပ်ပါသည်။

### ၉။ Seeder ဖြင့် စိုက်ပျိုးနည်း၏ အကျိုးကျေးဇူးများ

❖ ကြဲခင်းထက် မျိုးစေ့နှုန်းထားလျှော့ချနိုင်ပါသည်။

❖ ပျိုးနုတ်ရန်မရှိခြင်းကြောင့် ပျိုးပင်ထိခိုက်မှု သက်သာစေပါသည်။

❖ အမြစ်ကြီးထွားဖွံ့ဖြိုးမှု စောစီးစွာရရှိစေပါသည်။

❖ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငတ်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေပါသည်။

❖ အသုံးပြုမြေဩဇာ၏ အကျိုးသက်ရောက်နိုင်စွမ်း ပိုမိုကြာမြင့်စေပါသည်။

❖ ရေကို ပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ပါသည်။

❖ ပျိုးထောင်စိုက်ပျိုးခြင်းစနစ်နှင့် အထွက်နှုန်းသိသာစွာ ကွဲပြားခြားနားမှု မရှိပါ။

## Covid-19 ကာလအတွင်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ Quarantine ပြုလုပ်ထားသည့် အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မကျန်းမာမှု အကျိုးခံစားခွင့် ၆၀%အား လာရောက်ထုတ်ယူရန် အသိပေးနှိုးဆော်ခြင်း

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် Covid-19 ရောဂါ ကာကွယ်ကုသနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့သည် Covid-19 ကာလအတွင်း Quarantine ပြုလုပ်ထားသူ အာမခံအလုပ်သမားများအား အသွားအလာကန့်သတ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ကာလကို မကျန်းမာမှုဆေးခွင့်အဖြစ် သတ်မှတ်၍လည်းကောင်း၊ အာမခံအလုပ်သမား ကိုယ်ဝန်ဆောင်မိခင်များအား တစ်ကြိမ်လျှင် (၈)ပတ်မှ အများဆုံး(၂၆)ပတ်အထိ မကျန်းမာမှုဆေးခွင့်အဖြစ်သတ်မှတ်ပေးကာ ထည့်ဝင်ကြေးလစာ၏ ၆၀% အား ငွေကြေးအကျိုးခံစားခွင့်အဖြစ် ထုတ်ပေးရန်အတွက် ညွှန်ကြားချက်ထုတ်ပြန်၍ စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

၂၀၂၀ပြည့်နှစ်၊ မေ ၂၈ ရက်အထိ စာရင်းများအရ Quarantine ပြုလုပ်ထားသူ အာမခံအလုပ်သမား(၉၁၂)ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် (၅၉၈၅)ဦး ရှိသည့်အနက် Quarantine ပြုလုပ်ထားသူ (၂၁၂)ဦးအား ငွေကြေးအကျိုးခံစားခွင့် ၉,၉၀၁,၆၃၁ ကျပ်နှင့် ကိုယ်ဝန်ဆောင်မိခင် (၅၆)ဦးအား ၆,၄၆၃,၉၅၀ ကျပ်တို့ကို ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ မကျန်းမာမှုဆေးခွင့်ခံစားနေသော Quarantine ပြုလုပ်ထားသူ အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် မကျန်းမာမှု အကျိုးခံစားခွင့် ၆၀% ကို ထုတ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာမှထုတ်ပေးသော Quarantine ရက်ပြည့်ပြီးကြောင်း ထောက်ခံချက်၊ လူမှုဖူလုံရေးဆေးခန်းများမှထုတ်ပေးသော ဆေးသက်သေခံလက်မှတ်နှင့်အတူ သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးများသို့ ဆက်သွယ်၍ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံထွက်ပစ္စည်းများရောင်းချခြင်း

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ထုတ်လုပ်သည့် ဓာတ်ဆီနှင့် ဒီဇယ်ဆီတို့အား မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း(MPTA)မှတစ်ဆင့် ၎င်း၏အသင်းဝင်ကုမ္ပဏီ/စက်သုံးဆီအရောင်းဆိုင်များသို့ တစ်ပတ်လျှင်တစ်ကြိမ် ဈေးနှုန်းပြင်ဆင်သတ်မှတ်၍ ပမာဏ(၁,၀၀၀,၀၀၀)ဂါလန် (ဂါလန်တစ်သိန်း)စီကို ရောင်းချပေးလျက်ရှိပါကြောင်းနှင့် ဝယ်ယူရန် စိတ်ပါဝင်စားသူများ အနေဖြင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း(MPTA)သို့ တိုက်ရိုက်လျှောက်ထားဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခွဲရုံနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့)ရေတာရှည်ခွဲရုံ၊ ဆွာခွဲရုံတို့အတွက်လိုအပ်သော ထရန်စဖော်မာများအား မြန်မာကျပ်ငွေ(Kyat)ဖြင့် သယ်ယူလိုပါသည်။

| | |
|---|---|
| တင်ဒါပိတ်မည့်ရက် | - ၁-၇-၂၀၂၀ရက် |
| တင်ဒါပိတ်မည့်အချိန် | - မွန်းတည့် ၁၂ နာရီ |

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၃/၆၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ်(၂၅/၁)၊ မြေဧရိယာ ၂၁၈၁စတုရန်းပေရှိ မြေကွက်အား မူလက ဒေါ်အိမ်မြအမည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ နှစ် ၃၀ မြေငှားဂရန် ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန် အမည်ပေါက်သူ ဒေါ်အိမ်မြသည် လွန်ခဲ့သော (၁၆) နှစ်ခန့်တွင် ကွယ်လွန်သွား ခဲ့ကြောင်း၊ ၎င်းမြေငှားဂရန်မှာ (၁-က)စာရင်းမဝင်ကြောင်း သိရှိရပါသဖြင့် ကွယ်လွန်သူ ဒေါ်အိမ်မြ၏သမီးဖြစ်သူ ဒေါ်ခင်ဝင်း ၁/မကန(နိုင်)၀၂၃၆၄၄မှ မြစ်ကြီးနား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (၁-က)စာရင်းရေးသွင်းနိုင်ရေး လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးကိုဦး-ဒေါ်မီးမီးတို့၏သား မောင်မင်းပြည့်စုံ ၁၂/ဒဂမ(နိုင်)၀၄၆၂၇၆ သည် မိဘများအား စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်၍ ပြောဆိုဆုံးမမှုမနာခံဘဲ ၎င်း၏ သဘောဆန္ဒအရ အိမ်ပေါ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်ယူမည်မဟုတ်ကြောင်းနှင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း သိစေအပ်ပါသည်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရေဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအားငွေကြေးထောက်ပံ့သည့် အစီအစဉ်၏ ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာလုပ်ငန်းကို ပြင်ပပုဂ္ဂလိကဝန်ဆောင်မှုအဖွဲ့အစည်းများထံသို့ လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ငွေကြေးလွှဲပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့အစည်းများအနေဖြင့် အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

| | |
|---|---|
| **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် အဆိုပြုလွှာတင်သွင်းရမည့်နေရာ** | - လူမှုကာကွယ်စောင့်ရှောက်ရေးဌာနခွဲ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော် |
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၁၅-၆-၂၀၂၀ရက်မှ ၁၉-၆-၂၀၂၀ရက်အထိ |
| **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် ရက်နှင့်အချိန်** | - ၂၂-၆-၂၀၂၀ရက်မှ ၂၆-၆-၂၀၂၀ရက်အထိ၊ ရုံးချိန်အတွင်း |

၃။ တင်ဒါကြော်ငြာပုံစံကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.dsw.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၄၅၈၃**

## ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင်အမှတ်(၀/၀)မှ (၂၆/၄)ထိ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နယ်နိမိတ်ဆုံးလမ်းဘေး(အမြန်လမ်း ဝဲ/ယာ)တစ်လျှောက်တွင် CCTV တပ်ဆင်မည့်နေရာ (၇)နေရာနှင့် တပ်ဆင်သည့် CCTV Camera များ တိုက်ရိုက်ကြည့်ရှုထိန်းချုပ်မည့် CCTV အထိုင်စက် (Control Room)အား နေရာ(၃)နေရာတွင် LCD Monitor (၁)လုံးစီနှင့် Control တပ်ဆင်ရန်အတွက် စိတ်ပါဝင်စားသူ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| (က) တင်ဒါပုံစံရောင်းချမည့်နေရာ | - ဒဂုံမြို့နယ်၊ ပြည်လမ်း၊ လွှတ်တော်ဝင်း အတွင်းရှိရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ထောက်ဌာန |
| (ခ) တင်ဒါပုံစံ ရောင်းချမည့်ရက် | - ၁၈-၅-၂၀၂၀ရက် |
| (ဂ) တင်ဒါပုံစံ ပိတ်မည့်ရက် | - ၁၆-၆-၂၀၂၀ရက် ညနေ ၄နာရီ |
| (ဃ) တင်ဒါပုံစံတင်သွင်းရမည့်ရက် | - ၁၇-၆-၂၀၂၀ရက် ညနေ ၄နာရီ |

၂။ အထက်ဖော်ပြပါ CCTV Camera များ တပ်ဆင်ခြင်းလုပ်ငန်းအား စိတ်ပါဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ အသေးစိတ်အချက်အလက်များ သိရှိလိုပါက- ဖုန်း-၀၁-၈၃၁၇၅၂၀၊ ၀၁-၈၃၁၇၅၂၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၃၂)၊ ဦးပိုင်အမှတ်(၃၇၆)၊ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိမြေကွက် ကို ဦးမရန်ဂျာလအမည်ဖြင့် (၂၀-၇-၂၀၁၅) ရက်ထိ ၁၅ နှစ် ဂရန်မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး (၁၂-၆-၁၉၉၆)ရက်တွင် ဦးမရန်ဂျာလ ထံမှ ဦးဆော်ယော်ကနှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဦးဆော်ယော် ၁/မကန(နိုင်)၀၁၆၀၄၂ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် (၂၆-၁၁-၂၀၁၉)ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာအမှတ်(၈၇၉/၂၀၁၉)ကို (၂-၁၂-၂၀၁၉)ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၇၃၃/၂၀၁၉)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်းအသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း အမှတ်(၃၅၀/၃၅၂)၊ ပထမထပ် အခန်း(၂)နေ ဒေါ်အင်ကြည်(ခ)ဒေါ်စင်ချင်ဟွာ ၆/မအရ(နိုင်) ၀၉၁၇၉၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု၊ ကရင်ချောင်းကွင်း၊ ကွင်းအမှတ်(၅၆၁)၊ မြေကွက်အမှတ်(၇)၏ မြေဧရိယာ(၁၀ဒသမ၀)ကေ၊ မြေကွက်အမှတ်(၈)၏ မြေဧရိယာ(၉ဒသမ၆၇)ကေ၊ မြေကွက်အမှတ်(၉)၏ မြေဧရိယာ(၇ဒသမ၆)ကေ၊ မြေကွက်အမှတ်(၁၀)၏ မြေဧရိယာ(၂ဒသမ၄)ကေ အပါအဝင် စုစုပေါင်းလယ်မြေဧရိယာ(၂၉ဒသမ၆၇)ကေကို (၁၀-၁-၂၀၁၂)ရက်တွင် မူလလယ်ပိုင်ရှင်များထံမှ အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ရှိန် ၆/မအရ(နိုင်)၀၀၅၆၉၃ ထံမှ တစ်ဆင့်ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ အဆိုပါလယ်မြေများအတွင်းသို့ ကျွန်ုပ်မိတ်ဆွေကာရံထားသည့် ခြံစည်းရိုးများအားဖျက်ဆီးပြီး လယ်သမားများ၏ပတ်သက်သူများမှ ကျူးကျော်ဝင်ရောက်နေထိုင်ကြသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီဖြေရှင်းနေပြီး ထိုကာလအတွင်း အထက်ဖော်ပြပါမြေကွက်များအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်သူများသည် တစ်ဆင့်ပြန်လည်ရောင်းချနေကြောင်း ကြားသိရပါသဖြင့် အထက်ဖော်ပြပါမြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသည့် မြေကွက်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မပါရှိဘဲ မြေကွက်အတွင်းထပ်မံကျူးကျော်ဝင်ရောက်နေထိုင်ခြင်းမပြုလုပ်ပါရန်နှင့် အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်းစသည့်လွှဲပြောင်းမှုတစ်စုံတစ်ရာပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့်(စဉ်-၈၃၅၁)** | **ဒေါ်စုစုအောင်(စဉ်-၁၃၄၉၈)** |
| **LL.B,D.B.L** | **LL.B** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## မြေငှားဂရန်လျှောက်ထားမှုအတွက် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/ မြို့ | ရပ်ကွက်/ ကျေးရွာ | အကွက်အမှတ်/ အမည် | ဦးပိုင်အမှတ် | ဧရိယာ(ကေ) | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးဝင်းမြင့်လှိုင် | ပုသိမ်မြို့ | အမှတ်(၁၀) ရပ်ကွက် | ၁၃၀တာကိုင်း | ၇၅ | ၀.၀၆၄ | မြေငှားဂရန်အသစ် |
| ၂ | ဦးဝင်းမြင့်လှိုင် | ပုသိမ်မြို့ | အမှတ်(၁၀) ရပ်ကွက် | ၁၃၀တာကိုင်း | ၆၀၊၇၂ | ၀.၁၃၆ | မြေငှားဂရန်အသစ် |
| ၃ | ဦးဝင်းမြင့်လှိုင် | ပုသိမ်မြို့ | အမှတ်(၁၀) ရပ်ကွက် | ၁၃၀တာကိုင်း | ၆၁-ခ၊၆၃-က၊ ၆၈၊၆၉ | ၀.၃၆၅ | မြေငှားဂရန်အသစ် |

အဆိုပါ လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သုံးခွမြို့နယ်၊ ကတုံးပေါ်အလယ်ကျေးရွာနေ ဒေါ်သန်းသန်းမော် ၁၂/သခန(နိုင်)၀၈၄၇၃၀ နှင့် ဒေါ်သန်းမော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဦးသိန်းငွေ၏သမီး သာကေတမြို့နယ်၊ အထက(၃) န၀မတန်း(D)မှ မရွှေစင်ဖူး၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၇-၂၀၀၁ ဖြစ်ပါသည်။

## မိခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ အလက(ခွဲ) ပြည်ထောင်ကိုး အဌမတန်းမှ မောင်လမင်းသူ၊ ဆဌမတန်းမှ မသက်သက်ခိုင်နှင့် စတုတ္ထတန်းမှ မောင်အာကာမင်းသူတို့၏ မိခင်အမည်မှန်မှာ ဒေါ်ထက်ထက်စံ ၉/ပမန(နိုင်)၁၉၇၇၅၅ ဖြစ်ပါကြောင်း။

**ဒေါ်ထက်ထက်စံ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ အမှတ်(၄) ရပ်ကွက်၊ အကွက်အမှတ်(၁၉၈၃-ပြင်၊ ရှောက်ချောင်းပြင်)ဦးပိုင်အမှတ် (၉၆/၂)၊ ဧရိယာ ၁ဒသမ၁၁ကေရှိမြေကို ဦးလှိုင်မွန် အမည်ဖြင့် မြေငှားဂရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများ ရှိပါက သတင်းစာတွင် ကြော်ငြာသည့် ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၂)ကွက်၊ ဟော်ကုန်းရပ်၊ ဦးပိုင်အမှတ် (၂၅-က)၊ မြေယာအမှတ် (12)၊ မြေဧရိယာ ၀ဒသမ၂၀၇ကေရှိ မြေကွက်အား မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်တုတ်တုတ် ၉/မမန(နိုင်)၀၂၂၅၂၀၊ ဒေါ်သင်းသင်းအေး ၉/မမန(နိုင်)၀၂၂၅၂၁၊ ဒေါ်လေးသီတာအေး ၉/မမန(နိုင်)၁၁၀၁၀၇၊ ဒေါ်ချောစုလှိုင် ၉/မမန(နိုင်)၀၈၇၅၃၁ တို့မှဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၂၉၄၉)၏ နှစ်(၃၀) မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဒေါ်လွင်မာထွန်း ၉/ပမန(နိုင်) ၀၅၈၉၃၂(ဘ)ဦးကိုကိုကြီးမှ လျှောက်ထားလာမှုအား ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ကန့်ကွက်လွှာခေါ်ယူခဲ့ရာ ကန့်ကွက်မှုမရှိသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမှုတွဲအမှတ် ၂၉/၂၀၁၇-၂၀၁၈(ပုဗ္ဗသီရိ)၊ စာချုပ်အမှတ်၊ ပုဗ္ဗသီရိ/ သစ်-၁၉/၂၀၁၇-၂၀၁၈ တို့ဖြင့် ထုတ်ထားပေးသော မြေငှားစာချုပ်မူရင်းအား ပယ်ဖျက်ပြီးဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်သူရိန် ၁၃/တကန(နိုင်)၂၃၇၀၃၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 510481)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၆၄၈၉၆၅

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့၊ မဲပေါက်အုပ်စု၊ ဂမုန်းတောင်ရွာနေ မောင်အောင်မျိုးပိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၉/ပမန(နိုင်)၁၁၅၄၇၆ ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မရစ်နော်ဆန်း ၁/ ဝမန(နိုင်)၀၉၉၃၅၇၈၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၄၉၀၅၂၆၇**

## အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ အောင်တော်မူလမ်းတွင် ရုံးခန်းဖွင့်လှစ်ဆောင် ရွက်လျက်ရှိသော "အောင်သပြေ" (ပခုက္ကူ)သစ်ကြားသီးမွှေး နေကြာစေ့လှော်လုပ်ငန်းသည် အောက်ပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို စည်ပင်လိုင်စင်အမှတ်(၇၃၂)ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ "အောင်သပြေ" ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို အသုံးပြု၍ နေကြာစေ့လှော်များကို ထုတ်လုပ်ရောင်းချမည်ဖြစ်သည့်အပြင် FDA(Food and Drug Administrat လက်မှတ်ကိုလျှောက်ထားကာ မြန်မာနိုင်ငံအတွင်းထုတ်လုပ်ဖြန့်ချိသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် FDA လျှောက်ထားခြင်းအတွက် ကန့်ကွက်လိုပါက သက်ဆိုင်ရာတရားဝင်အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက FDA လက်မှတ်လျှောက်ထားလာခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးအောင်သူဖြိုး**
**လုပ်ငန်းပိုင်ရှင်**
**၅/ကလထ(နိုင်)၂၄၈၀၃၃**
**ဖုန်း-၀၉-၇၇၀၅၂၃၉၄၂**

## ဒေါ်သန်းသန်းအေး ၁၂/စခန(နိုင်)၀၄၄၈၂၅ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၃၂စီ/ခ၊ မြေကွက်အမှတ် ၁/၁၄၄၊ ကာယ ၆လမ်း၊ အမှတ် ၁၁၆၊ ဧရိယာ ၀ဒသမ ၃၂၇ ကေရှိ မြေကွက်သည် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စုစုမွန်(ဘ) ဦးအမောင် ၁၄/ဝခမ(နိုင်)၁၃၂၅၃၈၏ နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အား တရားဝင်ပိုင်ဆိုင်သူ ဒေါ်စုစုမွန်မှ ၂၇-၁-၂၀၁၂ ရက်တွင် ခရစ်တော်အားမျှော်လင့်သော သတ္တမနေ့ဥပုသ်အသင်းသို့ အပြီးအပိုင်လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ၁၉-၅-၂၀၂၀ ရက်စွဲပါ စာမျက်နှာအမှတ် (၂၇) အရ မြန်မာ့အလင်းသတင်းစာ၏ ကန့်ကွက်နိုင်ပါကြောင်းတွင် အဆိုပါမြေကွက်အား ဒေါ်သန်းသန်းအေး ၁၂/စခန(နိုင်)၀၄၄၈၂၅ မှ ပိုင်ဆိုင်ကြောင်း၊ ရောင်းချခွင့်ရှိကြောင်းကြေညာထားပြီး မြေကွက်၏တန်ဖိုးမှ စရန်ငွေတစ်စိတ်တစ်ဒေသအား လက်ခံရရှိထားပြီးဖြစ်ကြောင်းနှင့် ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားနှင့်တကွ ၁၉-၅-၂၀၂၀ရက် သတင်းစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထားသည်ကိုတွေ့ရှိရ၍ အဆိုပါကြေညာချက်အား ယခုတရားဝင်ပိုင်ဆိုင်သူ ဒေါ်စုစုမွန်မှ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်ပါသည်။

ယခုကန့်ကွက်သည့် သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ အရောင်းအဝယ်အား ဆက်လက်ရောင်းချခြင်းမပြုလုပ်ရန်နှင့်ရောင်းချပါက မြေကွက်ပိုင်ရှင်၏ သဘောဆန္ဒအရ ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ဒေါ်တင်တင်ဌေး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂/၂၀၁၃၊ မေ -၂၇)**
**အမှတ် ၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၆၁၈၀၅၄၆**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းနှင့် လူနေရပ်ကွက်အမှတ် (၉)ဗိုလ်စောအောင်လမ်းရှိ အမှတ် ၆၆၁၊ မြေကွက်အနက်မှ ခေါင်းရင်းဘက်ခြမ်းရှိ ၂၂ပေ x ၆၀ပေရှိသော ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

အထက်လိပ်စာပါ ၂၂ပေ x ပေ ၆၀ ရှိသော မြေကွက်အမှတ် ၆၆၁ ဟုခေါ်တွင်သော (ခေါင်းရင်းဘက်ခြမ်း)မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်သူဖြစ်ကြောင်းနှင့်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဦးအောင်စိုး ၁၄/ ပသန(နိုင်)၁၄၇၅၂၉ ထံမှ ဒေါ်စိန်စိန်ဌေး ၁၂/တမန(နိုင်)၀၁၀၅၄၅ က လက်ရောက်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သည့်စာချုပ်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေအရပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်သိန်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၃/၂၀၁၂)**
**ရုံးခန်း၊ တိုက် ၃၃၉၊ ပထမထပ်၊ ၁၅၇ လမ်းထိပ်နှင့် ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉- ၇၆၁၀၃၆၉၀၆၊ ၀၉-၇၃၀၅၄၉၇၀**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ခြံရောင်းမည်

ပြင်ဦးလွင်တွင် ခြံကျယ်ကျယ်တွင် မိသားစုများများနှင့် နေလိုသူများအတွက် လားရှိုး-မန္တလေးလမ်း၊ ကျောချင်းကပ်၊ ပိတ်ချင်းမြောင် ဘုရားမုခ်ဦးအနီး၊ ကွန်ကရစ်လမ်းမကျယ်၊ မျက်နှာစာ 120'၊ ရှေ့နောက် 210'၊ ဘယ်လိုမှ မရနိုင်သော သက်သာသောဈေးနှုန်းဖြင့် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်။ မြေကွက် အလွန် လှပြီး ပတ်ဝန်းကျင်ကောင်းသည်။ **ကျပ်သိန်း(800)**

**ဖုန်း-09-664111664, 09-664222664, 09-664333664, 09-262192711**


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၆၊ မြေကွက်အမှတ် ၃၆၊ လူနေရပ်ကွက်အမှတ်၊ အင်း၀ အိမ်ရာ၊ ဧရိယာ ၀ဒသမ ၁၁၀ ဧက၊ (၆၀ x ၈၀)ပေရှိ အကျယ်အဝန်း နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေ ပေါ်ရှိ နေအိမ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာမြို့မြေစာရင်းတွင် ဦးအောင်ဆန်း ၁၂/ အစန(နိုင်) ၁၁၇၂၇၇ အမည်ပေါက် ပါ သည်။ ဦးအောင်ဆန်းထံမှ အထူးကိုယ်စားလှယ်စာရရှိသူ ဦးအောင်မျိုးနှင့် အပြီးအပိုင် ဝယ်ယူထားသူဟု အဆိုရှိသူ ဦးသိန်းဇော်တို့က တရားဝင် လက်ရှိ ပိုင်ဆိုင်ကြောင်းဝန်ခံလျက် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ ခုနစ် ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ဇော်မြတ်(LL.B)** | **ဒေါ်စုသန္တာဝင်း(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၈၅၀၉)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၅၉၈)** |

**အမှတ် ၁၇၈၊ ဒုထပ်၊ အခန်း၅၊ AYA BANK အပေါ်ထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ၀၉- ၅၄၁၂၇၅၄၊ ၀၉-၄၃၀၃၁၁၅၀**


သစ်တောသစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး


## အတိုးနှုန်းသက်သာသော ချေးငွေဖြင့် အိမ်ခန်းများ ရောင်းချမည့် အစီအစဉ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ခန်းများကို အတိုးနှုန်းသက်သာသောချေးငွေဖြင့် ရောင်းချရာတွင် (COVID-19) ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ လူစုလူဝေးဖြစ်ပေါ်ခြင်းမှ ရှောင်ရှားရန်အတွက် အောက်ဖော်ပြပါ အစီအစဉ်များ အတိုင်း ရောင်းချသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၁။ ( ၂ . ၆ .၂၀၂၀)ရက်နေ့တွင် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၌ (၃၀.၄.၂၀၂၀)ရက်နေ့အထိ စုဆောင်းငွေ အနည်းဆုံး ကျပ်သိန်း (၃၀) စုဆောင်းထား ရှိသူများ စာရင်းကို **"DUHD Sale Housing" Facebook Page နှင့် CHIDB Facebook Page** များတွင် အသိပေးကြေငြာ သွားမည်ဖြစ်ပါမည်။

၂။ ရောင်းချမည့် အိမ်ရာစီမံကိန်းများ၏ အချက်အလက်များ(တည်နေရာ၊ အဆောက်အဦ အမျိုးအစား၊ အခန်းအကျယ်အဝန်း၊ အခန်းဈေးနှုန်း) အရ ( ၂ .၆ .၂၀၂၀) ရက်နေ့တွင် **"DUHD Sale Housing" Facebook** မှ အသိပေးကြေငြာမည်ဖြစ်ပြီး ကျပ်သိန်း(၃၀)စုဆောင်းငွေပြည့်မီသည့် ဝယ်ယူလိုသူများသည် အဆိုပါ **"DUHD Sale Housing" Facebook Messenger** မှတဆင့် ( ၈ . ၆ .၂၀၂၀)ရက်နေ့မှ ( ၂၆ .၆.၂၀၂၀)ရက်နေ့အတွင်း စာရင်းပေးသွင်းရပါမည်။

၃။ မြို့နယ်အလိုက် ရောင်းချမည့် အိမ်ရာစီမံကိန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | မြို့နယ် | တည်နေရာ | အိမ်ရာစီမံကိန်း |
|---|---|---|---|
| ၁ | လှိုင်သာယာ | ကျုံစစ်သားလမ်းနှင့် ရွှေလင်ပန်း ချောင်းအနီး | ရွှေလင်ပန်းအပိုင်း(၂)<br>ရွှေလင်ပန်းအပိုင်း(၃) |
| ၂ | လှိုင်သာယာ | ပုသိမ်-ညောင်တုန်းလမ်းနှင့် ကျုံစစ် သားလမ်းအကြား၊ ရုံးပေါင်းစုံ၏ အနောက်ဘက် | ကျုံစစ်မင်း |
| ၃ | လှိုင်သာယာ | ပုသိမ်-ညောင်တုန်းလမ်းနှင့် ကျုံစစ် သားလမ်းအကြား၊ ပင်လုံဆေးရုံရှေ့ | ထီးလှိုင်ရှင် |
| ၄ | လှိုင်သာယာ | ကျုံစစ်သားလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်အနီး | Commercial Area |
| ၅ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ကနောင်မင်းသားကြီးလမ်းပေါ်၊ စက်မှုဇုန်အနီး | ကနောင် |
| ၆ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ရိုးမရိပ်သာလမ်းမပေါ် ဦးတရုတ်လမ်းနှင့် ကနောင်မင်းသားကြီးလမ်း | ရိုးမ |
| ၇ | ဒဂုံမြို့သစ် (တောင်ပိုင်း) | ရိုးမရိပ်သာလမ်းနှင့် အောင်မြင့်မိုရ်လမ်း အကြား | အောင်မြင့်မိုရ် |
| ၈ | သန်လျင်-ကျောက်တန်း | သီလဝါစက်မှုဇုန်နှင့် TSEZ စက်မှုဇုန် အနီး၊ သန်လျင်နည်းပညာ တက္ကသိုလ်အနီး | သီလဝါ |

၄။ **"DUHD Sale Housing" Facebook Messenger** မှ စာရင်းပေးသွင်းရာတွင်

(၁) အမည် ______________

(၂) မှတ်ပုံတင်အမှတ် ____________

(၃)အိမ်ရာစီမံကိန်းအမည်______________

(၄)အဆောက်အဦ အမျိုးအစား______________

(၅) CHID Bank၏ Downpayment No ______________

(၆) ဆက်သွယ်ရန်ဖုန်း ______________ အစရှိသည်တို့ကို ပြည့်စုံစွာဖော်ပြပြီး စာရင်းပေးသွင်း ရပါမည်။

၅။ မဲနှိုက်ရောင်းချမည့်အစီအစဉ်များကို **"DUHD Sale Housing" Facebook Page နှင့် CHIDB Facebook Page** များမှ ထပ်မံအသိပေးကြေငြာသွားမည် ဖြစ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ဖုန်း - ၀၁၈- ၃၉၂၅၂၄၊ ၀၁၈- ၂၄၅၅၈၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ္ဒဥပဒေအမိန့် ၅၊ နည်း- ၂၀)**
**အလုံမြို့နယ်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁**

| | |
|---|---|
| **ဒေါ်မျိုးမျိုးလှ** နှင့် | **ဦးဟိန်းဝင်းအောင်** |
| **(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်ရွှေ)** | **အမှတ် (၂၃)၊ (၅+၆)လွှာ၊ ဝေဘာဂီလမ်း၊** |
| **အမှတ် (၄၈)၊ (၄)လွှာ၊ (၂)လမ်း** | **စောရန်ပိုင်အနောက်ရပ်ကွက်၊** |
| **လမ်းမတော်မြို့နယ်၊** | **အလုံမြို့နယ်၊** |
| **ရန်ကုန်တိုင်းဒေသကြီး** | **ရန်ကုန်တိုင်းဒေသကြီး** |
| **တရားလို** | **တရားပြိုင်** |

(ယခင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ဝေဘာဂီလမ်း၊ (၅+၆)လွှာ၊ အမှတ် (၂၃) ယခုနေရပ်လိပ်စာမသိ တရားပြိုင် ဦးဟိန်းဝင်း အောင် သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်မျိုးမျိုးလှက တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လျှောက်ထားစွဲချက်ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင် သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၉ ရက် (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးရှေ့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှ တ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရတနာထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**အလုံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ မြေကွက် တည်နေရာအမှတ်(၁၄၉/၁)ဟုခေါ် တွင်သော မြေအလျားxအနံ(၃၀x၆၀)ပေ၊ (၀ဒသမ ၀၃၉)ဧကရှိ ဒေါ်ဝင်းဝင်း ၁၂/တမန(နိုင်) ၀၁၄၅၄၈ နှင့်ဦးစိန်လှ ၁၂/တမန(နိုင်) ၀၁၄ ၅၅၅တို့ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်အုန်း ၁၂/တမန(နိုင်) ၀၁၄၉၂၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ပြာအောင်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ နောက်ပိုင်းတွင် ဒေါ်ကြည်ပြာအောင် အမည်ပေါက် သည်အထိ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်း အထောက်အထား များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ကြည်ပြာအောင်** | **ဒေါ်စုစုအောင်(LL.B)** |
| **၁၂/ဥကတ(နိုင်)၁၆၅၉၀၆** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဥ်-၁၃၄၉၈/၁၂-၁၀-၂၀၁၇)** |

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## အများသိစေရန်ကြေညာချက်

၁။ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၆၄ဘီ)တွင် Basement+(၄)ထပ်တိုက် အဆောက်အဦဆောက်လုပ်ခွင့်အား မြေရှင်ဦးသာနိုင်၊ ဒေါ်ဖူးကြူ(ခ)ဒေါ်ခင်သန်းကြူ၊ လိုင်စင်ရကန်ထရိုက်တာဦးရွှေလဝင်း(LC-972)၊ လိုင်စင်ရအင်ဂျင်နီယာဦးကျော်ဇောလင်း(LS-1033)တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ (၃၀-၁၁-၂၀၁၈) ရက်စွဲပါ စာအမှတ်၊ ၄၄၇/၄၄စစည်ပင်-ယာ(အုံ) ခွင့်ပြုမိန့်ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါ Basement+(၄)ထပ်တိုက်အဆောက်အဦအား မူလ လိုင်စင်ရကန်ထရိုက်တာ ဦးရွှေလဝင်း (LC-972)အစား လိုင်စင်ရကန်ထရိုက်တာ ဒေါ်သဥ္ဇာယု(LC-675) ဖြင့် ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာ(၂)ဦးမှ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့သို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပြည်ထဲရေးဝန်ကြီးဌာန
## ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အကျဉ်းဦးစီးဌာနတို့အတွက် လိုအပ်သော စက်နှင့်စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ လုံခြုံရေး၊ စစ်ဆေးရေးပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၁-၆-၂၀၂၀ရက်မှစ၍ နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာတပ်ဖွဲ့/ဦးစီးဌာနတို့တွင် ဝယ်ယူနိုင်ပြီး ၁၄-၆-၂၀၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-
(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇-၃၄၁၂၄၀၂
(ခ) အကျဉ်းဦးစီးဌာန ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

MYEIK FUTURE DEVELOPMENT
MYEIK FUTURE DEVELOPMENT PUBLIC CO.,LTD.

### ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး (5th Annual General Meeting) အား Online စနစ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(Myeik Future Development Public Company Limited)("MFD")၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား COVID-19 ဗိုင်းရပ်စ်ပျံ့နှံ့မှုအား တားဆီးနိုင်ရန်အတွက် လူမှုရေးအကွာအဝေးလမ်းညွှန်ချက်များနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာအာဏာပိုင်များ၏ လမ်းညွှန်ချက်များနှင့်အညီ Social Apps ဖြင့် အွန်လိုင်းအသုံးပြု၍ ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အစုရှယ်ယာရှင်များအားလုံး သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

၂။ အစုရှယ်ယာရှင်များအနေဖြင့် ကုမ္ပဏီသို့ပေးပို့ထားသည့် နေရပ်လိပ်စာများ အပြောင်းအလဲရှိပါက သိရှိနိုင်ရန်နှင့် Social Apps ဖြင့် အစည်းအဝေးကို ကျင်းပနိုင်ရန်၊ မိမိတို့အသုံးပြုမည့် ဖုန်းမှတစ်ဆင့် ၆-၆-၂၀၂၀ ရက် နောက်ဆုံးထား၍ ကုမ္ပဏီရုံး ဖုန်းနံပါတ် (၀၉-၂၅၂၉၁၇၇၇၅)သို့ စာတိုပေးပို့ခြင်း သို့မဟုတ် Viber Message ပေးပို့ခြင်းဖြင့် ဆက်သွယ်ပေးပါရန် လေးစားစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

၃။ ဒါရိုက်တာအရည်အချင်းပြည့်မီသူများအနေဖြင့် ဒါရိုက်တာအဖြစ်အဆိုပြုလိုပါက အဆိုပြုလွှာနှင့် ကိုယ်ရေးမှတ်တမ်းတို့ကို ဖြည့်စွက်၍ ကုမ္ပဏီ Emailလိပ်စာ- mfdmyeik@gmail.com သို့လည်းကောင်း၊ MFD ကုမ္ပဏီရုံးသို့ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ၁၆-၆-၂၀၂၀ ရက် ရုံးချိန်ထက်နောက်မကျဘဲ နောက်ဆုံးထားပေးပို့ပေးရန် လိုအပ်ပါမည်။

၄။ အဆိုပြုသည့် ဒါရိုက်တာအဖွဲ့ဝင်သစ်များအား ဒါရိုက်တာရွေးချယ်ရေးကော်မတီမှ စိစစ်ပြီး အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့် လစ်လပ်နေရာများတွင် ရွေးချယ်ခန့်အပ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ ၃၀-၆-၂၀၂၀ ရက် နံနက် ၁၀ နာရီ၊ အစည်းအဝေးကျင်းပမည့်အချိန်၌ ဒါရိုက်တာအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် အစည်းအဝေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား အစုရှယ်ယာရှင်များသိရှိနိုင်ရန်အတွက် MFD Viber Community တွင် တင်ပြပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၆။ အစုရှယ်ယာရှင်များအနေဖြင့် အကြံပြုချက်/မေးမြန်းလိုသည့် အချက်အလက်များရှိပါက ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၂၃ ရက်၊ အင်္ဂါနေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ကုမ္ပဏီသို့ စာဖြင့်သော်လည်းကောင်း၊ ကုမ္ပဏီ Email လိပ်စာ- mfdmyeik@gmail.com သို့လည်းကောင်း ရေးသားပေးပို့နိုင်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး**
**အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆) ရပ်ကွက်၊ မန်းဘခိုင်လမ်း၊ မြေကွက်အမှတ် (၅၃၈/ခ) ၊ အကျယ်အဝန်း (၂၄ပေ၆၀ပေ)(၀.၀၃၃)ဧကရှိ (၁) ဒေါ်ညွန့်ညွန့်ဝင်း (၁၂/စခန(နိုင်)၀၂၃၉၆၅)၊ (၂) ဒေါ်ညွန့်ညွန့်လှိုင် (၁၂/စခန (နိုင်)၀၂၃၉၆၈) နှင့်(၃)ဒေါ်ညွန့်ညွန့်အေး (၁၂/စခန (နိုင်)၀၂၃၉၆၇) တို့(၃)ဦးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းဖိုလ် (၁၂/ဥကတ(နိုင်)၀၁၆၅၉၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် ၊ အောင်ချမ်းသာရပ်ကွက်၊ ကွင်းအမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံ့စက်ကွင်း၊ ဦးပိုင်အမှတ်(၃)၊ ဦးအောင်မြတ်လမ်း၊ မြေကွက်အမှတ်(ခ/၂၉၅)၊ အကျယ်အဝန်း (၀.၀၅၅)ဧက ရှိ ဦးအောင်လှဖြူ အမည်ပေါက် လ/န-၃၉ ရပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးမြင့် (၁၂/ကတတ (နိုင်) ၀၁၀၁၅၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ အခန်း(၇)ခန်းအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ငါးနှစ်သက်တမ်း၊ တစ်နှစ်တစ်ကြိမ်စာချုပ်စနစ်၊ ငှားရမ်းမှုတန်ဖိုး၏တစ်လစာအား စပေါ်ငွေအဖြစ်ထားရှိ၍ ငှားရမ်းခနှင့် ကုန်သွယ်လုပ်ငန်းခွန်(၅%)တို့အား ၁၂လစာ ကြိုတင်ပေးသွင်းခြင်းစနစ်ဖြင့် နှစ်စဉ်ငှားရမ်းခကို ၅% တိုးမြှင့်၍ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

(က) Lot(1) မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ (၈၃x၈၄)လမ်းကြား၊ (၂၇)လမ်း၊ အမှတ်(၂၆၇)၊ ဝဲဘက်အခန်းတစ်ခန်း။
Lot(2) မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ (၈၃x၈၄)လမ်းကြား၊ (၂၇)လမ်း၊ အမှတ်(၂၆၇)၊ ယာဘက်အခန်းတစ်ခန်း။
Lot(3) ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၅၅/၆၅)နှစ်ခန်းတွဲ အခန်းတစ်ခန်း။
Lot(4) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၅၄၄) အခန်းတစ်ခန်း။
Lot(5) ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ကံ့ကော်ရုံ၊ မြို့မဈေး၊ အမှတ်(၄၇) အခန်းတစ်ခန်း။
Lot(6) ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ကံ့ကော်ရုံ၊ မြို့မဈေး၊ အမှတ်(၄၈) အခန်းတစ်ခန်း။
Lot(7) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၇၄/၂၇၆)၊ နှစ်ခန်းတွဲအခန်းတစ်ခန်း။

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၅-၂၀၂၀ ရက်မှ ၁၀-၆-၂၀၂၀ ရက်ထိ (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၆-၂၀၂၀ ရက် ၁၅:၀၀ နာရီ
(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်
(င) **တင်ဒါတင်သွင်းဖွင့်ဖောက်မည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်
(စ) တင်ဒါတင်သွင်းဖွင့်ဖောက်မည့်နေ့ရက်အား တင်ဒါပုံစံဝယ်ယူသူများသို့ သီးခြားထပ်မံအကြောင်းကြားပါမည်။

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့်အခန်းများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၈၄၁၀ သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## လျှောက်လွှာပြင်ဆင်ခေါ်ယူခြင်း

ကြော်ငြာစာအမှတ် ၂/၂၀၂၀
၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
( ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက် )

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအောက်ရှိ ဗဟိုအဆင့်ဆေးရုံကြီးများ/ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆေးရုံကြီးများတွင် သူနာပြု(၄) အကူသူနာပြု (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၃၀၀)နေရာလစ်လပ်လျက်ရှိပါသဖြင့် (၂၀၂၀)ပြည့်နှစ်၊ မေလ (၂၆) ရက်ပါ ကြော်ငြာစာအမှတ်(၁/၂၀၂၀)ဖြင့် လျှောက်လွှာများခေါ်ယူခဲ့ပါသည်။

၂။ သို့ရာတွင် လစာနှုန်းထားအလိုက် အသစ်ပြောင်းလဲသတ်မှတ်သည့် ရာထူးအခေါ်အဝေါ်များအရ သူနာပြု(၄) အကူသူနာပြု(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)အစား အကူသူနာပြု (လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) ဖြင့် ပြင်ဆင်၍ လျှောက်လွှာ ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသည့်အချက်များရှိပါက သူနာပြုဌာနခွဲ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၁၁၆၁၄၊ ၀၆၇-၄၁၁၃၈၇) သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကုသရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ သန်လျင်ရတနာအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် (၃၁၁) နှင့် (၃၁၂)၊ ဦးအုန်းမြင့်အမည်ပေါက်မြေကွက်ကို ဝယ်ယူထားသူ ဦးစန်းယု၁၂/ကတတ(နိုင်)၀၂၀၄၃၁မှ ၎င်းမြေကွက်(၂)ကွက်ကို မြေငှားစာချုပ်(ဂရန်)(၁)စောင်စီ ပြုလုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ(နေပြည်တော်)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

နန္ဒင်းလုံးဆေးလုံး ပျို့မေတို့အစဉ်သုံး၊ ဇကမ္ဘာနန္ဒင်းလုံး၊
သွေးသားသန့်ရှင်းရောဂါကင်းအသားအရေစိုပြေဆေး
အမှတ်-၂၈၊မြောက်ဖက်တန်း(အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ရန်ကုန်မြို့။ဖုန်း-၅၄၉၁၁၆
1010YR001475
၁၀/၂၀၀၈၊တဆေးဆလတိုး/(၂၉)

## အမည်ပြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးဟန်ထွန်း၏သမီး နဝမတန်း ဖြေဆိုထားသော မနိုင်နိုင်ဦးအား မနိုင်နိုင်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မနိုင်နိုင်ဖြိုး**

### စိန်ငွေလျှံကုမ္ပဏီလီမိတက်နှင့် Top Car Myanmar Trading Co., Ltd ၏ Managing Director နှင့် Director များ ဖြစ်ကြသူ ဦးဖြိုးပြည့်လှိုင် ၇/ပတန(နိုင်)၀၉၃၄၃၃၊ ဒေါ်သုမွန်လှိုင် ၇/ပတန(နိုင်)၁၃၃၆၇၃ တို့နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ် ၁၀ နေ ဒေါ်ကြည်ပြာဖြိုးဝေအောင် ၅/ဗမန(နိုင်)၀၄၆၉၈၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြည်ပြာဖြိုးဝေအောင်အား အထက်ပါကုမ္ပဏီများတွင် အစုရှယ်ယာထည့်ဝင်ရင်းနှီးမြှုပ်နှံရန် ဦးဖြိုးပြည့်လှိုင်မှ အကြောင်းအမျိုးမျိုးပြောဆို၍ စည်းရုံးသိမ်းသွင်းခဲ့မှုကြောင့် ဒေါ်ကြည်ပြာဖြိုးဝေအောင်မှ ၂၄-၁၀-၂၀၁၉ ရက်စွဲပါ နှစ်ဖက်သဘောတူကတိစာချုပ်ချုပ်ဆို၍ ထိုရက်မတိုင်ခင် ၁-၁၀-၂၀၁၉ ရက်ကပင် ရှယ်ယာငွေပေါင်းများစွာ ရင်းနှီးမြှုပ်နှံထည့်ဝင်ခဲ့ပြီး၊ ကုမ္ပဏီ၏ အဓိကပင်မစီးပွားရေးဖြစ်သည့် ကားအထွေထွေဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။

ထိုသို့လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းအစုဝင်ရှယ်ယာစာချုပ်တွင် ပါရှိသော ၁-၁၀-၂၀၁၉ ရက်မတိုင်ခင်က အထက်ပါကုမ္ပဏီလုပ်ငန်းနှင့်ပတ်သက်သည့် သက်ဆိုင်သောကိစ္စရပ်များတွင် ဒေါ်ကြည်ပြာဖြိုးဝေအောင်မှ တစ်စုံတစ်ရာ သက်ဆိုင်မှုမရှိပါဟု သဘောတူညီထားခဲ့သော်လည်း ထိုသဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် ၂၄-၁၀-၂၀၁၉ ရက်စွဲပါ သဘောတူကတိစာချုပ်အတိုင်း လိုက်နာဆောင်ရွက်မှုမရှိခြင်းနှင့် အဆိုပါသဘောတူကတိစာချုပ်ဘောင်ကို ကျော်လွန်၍ ဆောင်ရွက်ခြင်း၊ ဒါရိုက်တာအစည်းအဝေးခေါ်ယူဆောင်ရွက်ခြင်းမရှိဘဲ ဦးဖြိုးပြည့်လှိုင်၏ သဘောဆန္ဒအတိုင်း ကားရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။

၎င်းအပြင် ဦးဖြိုးပြည့်လှိုင်သည် ဒေါ်ကြည်ပြာဖြိုးဝေအောင် ယုံကြည်စေရန် စာချုပ်အမျိုးမျိုးချုပ်ဆိုပေးပြီး ဒေါ်ကြည်ပြာဖြိုးဝေအောင်မှ အထက်ပါကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံထားသော ရှယ်ယာထည့်ဝင်ငွေ ကျပ်သိန်းပေါင်း ၃၀၀၀၊ ကုမ္ပဏီမှ လိုအပ်၍ ပြင်ပမှချေးငှားစိုက်ထုတ်ထားသော ပေးရန်ကျန်ငွေကျပ်သိန်းပေါင်း ၇၂၀၀ နှင့် ယခုကြွေးကျန် ကျပ်သိန်းပေါင်း ၉၀၀၀ စုစုပေါင်းကျပ်သိန်းပေါင်း ၁၉၂၀၀ နှင့် ပတ်သက်၍ တစ်စုံတစ်ရာစာရင်းရှင်းလင်းပေးခဲ့ခြင်းမရှိဘဲ ဦးဖြိုးပြည့်လှိုင်မှ ဒေါ်ကြည်ပြာဖြိုးဝေအောင် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်လျက် Online မှတစ်ဆင့် မမှန်သတင်းများဖြန့်ဝေခဲ့သဖြင့် ဒေါ်ကြည်ပြာဖြိုးဝေအောင်အနေဖြင့် ဂုဏ်သိက္ခာ များစွာထိခိုက်နစ်နာခဲ့ပါသည်။

ထို့ကြောင့် ယခုကြော်ငြာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း စိန်ငွေလျှံကုမ္ပဏီနှင့် Top Car Myanmar Trading Co.,Ltd တို့၏ စာရင်းဇယားများအား ရှင်းလင်းပြီး ဒေါ်ကြည်ပြာဖြိုးဝေအောင်ရရန်ရှိသောငွေကြေးများအား အမြန်ဆုံးရှင်းလင်းပေးပါရန် အကြောင်းကြားတောင်းဆိုပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဒေါ်ကြည်ပြာဖြိုးဝေအောင်အနေဖြင့် တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရန်အတွက်တရားစွဲဆိုဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း ဦးဖြိုးပြည့်လှိုင်၊ ဒေါ်သုမွန်လှိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးခိုင် (စဉ်-၄၈၂၆/၈၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၇၁၊ ပုသိမ်မြေ ၉လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၅၀၀၉၊ ၀၉-၉၆၇၇၉၉၆၇၇**

## ကျွမ်းကျင်မှုလေ့ကျင့်သင်ကြားရေးဆိုင်ရာစာအုပ်

အလုပ်အကိုင်ဆိုင်ရာ
ကျွမ်းကျင်မှု **"စံ"** သတ်မှတ်ချက်များအပေါ်
အခြေခံသော
လေ့ကျင့်သင်ကြားမှုနှင့် စစ်ဆေးအကဲဖြတ်မှုမိတ်ဆက်။

**(ဒုတိယအကြိမ်ပုံနှိပ်ခြင်း)**

**လက်တွေ့လေ့ကျင့်ရေးဆိုင်ရာ နောက်ဆက်တွဲအသစ်ပါရှိသည်။**

**ကျော်ဝင်း (အလုပ်သမား)**
ရေးသားပြုစုသည်။

**တန်ဖိုး ၂၀၀၀ ကျပ်**

စာပေဗိမာန်စာအုပ်ဆိုင်၊ ပန်းဆိုးတန်းလမ်း၊
ရန်ကုန်တွင် ရပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မွေးမြူရေးဝင်း ဝန်ထမ်းအိမ်ရာ၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ငုစန္ဒီဆွေ ၁၂/အစန(နိုင်)၂၂၆၃၇၆ သည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သံနွေပင်တောင်ပိုင်း၊ သဇင်မြိုင်လမ်း၊ အမှတ် (၂၀၃)၊ အလျား xအနံ (၄၅/၃၂x၁၀၀)ပေရှိ ဦးအေးဝင်း ၁၀/ခဆန(နိုင်)၀၂၈၉၄၁ ပိုင်ဆိုင်သော နေအိမ်ခြံမြေအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဒေါ်ငုစန္ဒီဆွေထံသို့လည်းကောင်း ကျွန်ုပ်ထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငုစန္ဒီဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေနှင်းလှိုင်**
အထက်တန်းရှေ့နေ၊ စဉ်-၄၇၂၄၈ (၃၁-၃-၂၀၁၆)
စုပေါင်းရုံးဝင်း၊ ရှေ့နေများရုံးခန်း၊ အင်းစိန်၊ ဖုန်း-၀၉-၂၅၃၅၄၃၈၇၆

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးမောင်ဝင်း-ဒေါ်စန်းမြင့်တို့၏သမီး မသက်စုဇင်ဝင်း ၁၂/ကမတ(နိုင်)၀၂၇၂၅၂သည် မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**မိခင် - ဒေါ်စန်းမြင့် ၁၂/ကမတ(နိုင်)၀၀၄၃၄၅**

## သစ်တောမှန်လျှင် အသုံးဝင်၊

## အစဉ်ထာဝရ ထိန်းသိမ်းကြ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တစန္ဒိမာ မဟာထေရ်
## သက်တော်(၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါ

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဘိုးဦးစိန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဖြစ်တော်မူ၍ သူရဲသမိန်ဂိုဏ်းလုံးဆိုင်ရာ သုဓမ္မာမဟာနိကာယဥက္ကဋ္ဌ၊ သာသနဓဇ သီရိပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိုရ်ဖြစ်တော်မူသောဘဒ္ဒန္တစန္ဒိမာ မဟာထေရ်မြတ်ကြီး သည် သာသနာတော်နှစ် ၂၅၆၄ ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၈၂ ခုနှစ် နယုန်လဆန်း ၅ ရက်) ၂၆-၅-၂၀၂၀ရက် (အင်္ဂါနေ့)ည ၇:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွား ပါကြောင်းရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

**တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ**

## ဗိုလ်ကြီးကျော်စည်သူဘို
**DSA အပတ်စဉ်(၅၀)**
**ကြည်း-၅၁၁၀၆**
**လေကြောင်းရန်ကာကွယ်ရေးတပ်ရင်း**
**အသက်(၃၂)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၇၅)နေ [ဦးစန်းမြင့်(ခ)ဦးဝင်းဗိုလ်]-ဒေါ်မြမြအေး(ဒေဝဒဟကုမ္ပဏီလီမိတက်)တို့၏သား၊ ဦးခင်မောင်ဆွေ-ဒေါ်အေးမိစံတို့၏သားသမက်၊ မောင်အောင်သီဟ-မသိမ့်သီရိအောင်၊ မောင်ဟိန်းခန့်ဇော်ဗိုလ်တို့၏အစ်ကို၊ မမြတ်နိုးဆွေ၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းထက်ကျော်၏ဖခင်သည် ၂၉-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) တပ် မတော်ဆေးရုံကြီး မင်္ဂလာဒုံ ငြိမ်းအေးဇရပ်၌ တရားနာပြီး မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီ ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၂၀ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ တပ်တွင်းအရာရှိအိမ်ထောင်သည်လိုင်း (ဗိုလ်ကြီးကျော် စည်သူဘို )-မမြတ်နိုးဆွေတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ် စီးနင်းသူ များသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး တပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဌေးမြင့်(မူအုပ်-ငြိမ်း)
**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နေ(ဦးမောင်တင်-ဒေါ်အုံးတင်)တို့၏သား၊ (ဦးကိုကိုကြီး-ဒေါ်အေးကျင်)တို့၏သားသမက်၊ (ဒေါ်ခင်သန်းဝင်း)၏ခင်ပွန်း၊ ဦးတင့်ဆွေဦး-ဒေါ်သန်းသန်းစိုး၊ (ဦးကျော်ထွန်းဦး-ဒေါ်သီတာဦး)၊ ဦးကျော်ကျော်ဦး-ဒေါ်မေပု လဲ၊ ဦးမျိုးဇော်ဦး-ဒေါ်သင်းသင်းစမ်းတို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၂၀ရက် (ကြာသပတေး နေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၀ရက် (စနေနေ့)တွင် ကွမ်းခြံကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နီနီမြင့်
**အသက် (၅၇ )နှစ်**

သူငယ်ချင်းဌေးဝင်း (လက်ထောက်ဌာနမှူး၊နေပြည်တော်စည်ပင်)၏ ချစ်လှစွာသောဇနီး ဒေါ်နီနီမြင့် အသက် (၅၇) နှစ်သည် ၂၇-၅-၂၀၂၀ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**တေဇ(၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ရာသက်ပန်အသင်းသားနှင့် အလုပ်အမှုဆောင်ဟောင်း၊ အသင်းဝင်အမှတ်(၇၁၁၃) ဦးမျိုးခိုင်(ကုမုဒြာနှင့်မော်ဒန်ဂျာနယ် ဓာတ်ပုံသတင်းထောက်) အသက်(၅၆)နှစ်သည် ၂၆-၅-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အသင်းသူ/အသင်းသားများမှ ဝမ်းနည်း ကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့နှင့် အသင်းသား/အသင်းသူများ**
**မြန်မာနိုင်ငံဓာတ်ပုံအသင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ်(ဒ-၁၅၁)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးဝေမင်းသူ (ဘ) ဦးစိုးကြည် ၉/လဝန(နိုင်)၁၇၃၀၇၅ အမည်ပေါက်မြေကွက်အား အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးဇော်လင်း (ဘ)ဦးစိုးဝင်း ၅/ဝသန(နိုင်)၀၁၇၄၈၁ မှ ယာယီစလစ်မိတ္တူ၊ အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက် ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မှုရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးဇော်လင်း (ဘ) ဦးစိုးဝင်း ၅/ဝသန(နိုင်)၀၁၇၄၈၁ အား ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဦးသိန်းထွန်း
**အထက်တန်းစာရေး(ငြိမ်း)၊ ရန်ကုန်တိုင်းပညာရေးမှူးရုံး**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း(အထက်)၊ အမှတ်(၂၇၄)၊ အခန်း(၁၁)နေ (ဒေါ်သန်း)၏ခင်ပွန်း၊ ကိုမျိုးသန်း-မခင်စန်းဝေ၊ ကိုအောင်ကိုကို-မသင်းသင်းတို့၏ဖခင်၊ မောင်ကျော်နိုင်သူ၏အဘိုး၊ ကိုမျိုးသိန်း-မနှင်းနှင်းတို့၏ ဦးလေးသည် ၂၈-၅-၂၀၂၀ရက် ည ၁၁:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၉-၅-၂၀၂၀ရက် (သော ကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးခင်မောင်နွယ်(ငြိမ်း)
**လေ ၁၄၅၈၊ D.S.A( 8 Intake)**
**အသက်(၇၉)နှစ်**

ဗိုလ်မှူးချုပ်နိုင်နိုင်ဦး-ဗိုလ်ကြီးဒေါ်ကြည်နွယ်ဦး(ငြိမ်း)တို့၏ဖခင် ဗိုလ်မှူးခင်မောင်နွယ်(ငြိမ်း)သည် ၂၇-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်သူနာပြုအရာရှိသင်တန်း အမှတ်စဉ်(၁၅)မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ဝိုင်းသစ်
**အသက် (၇၂ နှစ်)**

တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ်(၂)မှ မေ့ဆေးပါရဂူ ဒုတိယဗိုလ်မှူးကြီးတင်မျိုးလတ်၏မိခင် ဒေါ်ဝိုင်းသစ် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တပ်မတော်ဆေးတက္ကသိုလ်အမှတ်စဉ်(၂)**
**သူငယ်ချင်းများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး
## ဦးခင်မောင်ဝေ(ခ)ကိုဝေ
**Seaman(Bosun)CDC No.17610**
**အလက(၁)မင်္ဂလာတောင်ညွန့်ကျောင်းသားဟောင်း**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၁၉၁၊ ခြောက်လွှာ)နေ (ဦးရွှေညွန့်-ဒေါ်စိန် အေး)တို့၏သား၊ (ဦးစော)-ဒေါ်ဝင်းတင်တို့၏သားသမက်၊ ဒေါ်နွဲ့နွဲ့ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးကိုလေး(Seaman)၊ (ဒေါ်မြသန်း)တို့၏ညီ/မောင်၊ (ဦးတင်ကြည်-ဒေါ်အေးအေးသန်း)တို့၏အစ်ကို၊ မောင်ကောင်းဇံ(Taihua Shipping)-မအိသက်မွန်(အထက်တန်းရှေ့ နေ)၊ မောင်ပြည့်စုံ(Wanhai Shipping)-မဆုဝေနွယ်(ကမ္ဘာ့ရတနာဘဏ်)၊ မသိဂီအောင်၊ မဖူးပွင့်ဟန်တို့၏ ချစ်လှစွာသောဖခင်၊ ဦးဇော်ဝင်း (UZ.TATTOO)-ဒေါ်မြင့်မြင့်လေး(ဒု-လဝကမှူး၊ ဘားအံ)၊ ဦးမြင့်သိန်း (Uniteam Shipping)-ဒေါ်သင်းသင်းမော်၊ မောင်စိုးလင်းအောင်- မအေးမိခိုင်(ခေတ္တ-ထိုင်း)၊ မောင်ဇော်မင်းဦး-မနှင်းရည်စိုး၊ (မောင်စိုးသီဟ)၊ မောင်သန်းစိုးအောင်(CTI)-မဇာလီနွယ်၊ မနိုင်နိုင်အေးတို့၏ ဦးလေး၊ Tiana၊ ဂျူနီယာပြည့်စုံတို့၏ ဘိုးဘိုးကြီးသည် ၂၉-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## (၁၃)နှစ်ပြည့် အောက်မေ့သတိရခြင်း
## ဦးပါစီမောင်မောင်
**ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)**
**မြန်မာ့သဘော်ကျင်းလုပ်ငန်း**

အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာကွယ်လွန်ခဲ့သည်မှာ ၃၀-၅-၂၀၂၀ ရက်တွင် (၁၃)နှစ်ပင်ပြည့်ပြီးသော်လည်း ဆရာ၏ပေးဆပ်၍မကုန်သော ကျေးဇူးတရားများအား မိသားစုနှင့်အတူ ထပ်တူထပ်မျှ အောက်မေ့သတိရလျက်ရှိပါသည်။

**ဦးကြည်စိုး-ဒေါ်ကြည်ကြည်လွင်နှင့် သမီး-မခိုင်သက်ဆု**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်း မြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ကန်ဦးလမ်း၊မြေကွက်အမှတ် (၃၇၂)၊ တိုက်အမှတ်(၃၉၈)တွင် ဆောက်လုပ်ထားသည့်(၆)ထပ်တိုက်၏(၅လွှာ)၊အခန်း (စတုတ္ထထပ်) (ခြေရင်းခန်း) ဟုခေါ်တွင်သော(၁၁ပေခွဲ×၅၀ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်နော်ဆဲဝေ (၃/သတန(နိုင်)၀၁၈၀၇၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။**

လွှဲအပ်ညွှန်ကြားချက်အရ **ဦးအောင်ကျော်လှိုင် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)**
**Ph : ၀၉၄၂၀၃၄၆၉၃၄**
**အမှတ်(၅၁၅)ဗိုလ်သုန်လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ရန်ကုန်မြို့။**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးရင်မောင်သန်း(ငြိမ်း)
**ကြည်း ၁၀၂၂၂(OTS- 30)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါ်ခင်မျိုးနွယ်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးရင်မောင်သန်း(ငြိမ်း) သည် ၂၆-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာသုဂတိသို့ လားပါစေ။

**(OTS- 30) သူငယ်ချင်းများ**

## ဘုရား၊ရဟန်းဒါယိကာမကြီး
## ဒေါ်မြမြမြင့်(Dolly)
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၂၆)နေ (ဦးတင်မြင့်-ဒေါ်ခင်နွဲ့)တို့၏သမီး၊ (ဗိုလ်မှူးကြီးကြည်ညွန့်) (ငြိမ်း)အင်းတိုင်တပ်နယ်မှူး၊ တပ်မှူး(ပင်မစစ်လက်နက်ပစ္စည်းတပ်)၏ဇနီး၊ ဒေါ်ဖြူဖြူသန့်(အလက-၂၊ ဒဂုံ)၊ ဗိုလ်မှူးအောင်ဖြိုးသန့်(ငြိမ်း)(Chief Officer M.T.M Shipping)၊ ဦးထွန်းနိုင်ဦး-ဗိုလ်မှူး သီရိထွန်း(ငြိမ်း)(ရောဂါဗေဒပါရဂူ)တို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာ သူ့ထက်ထွန်း(ခေတ္တ UK)၊ မောင်ဝင်းထွဋ်အောင်(နောက်ဆုံးနှစ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊ မောင်ဖွဲ့ထက်ထွန်း(Purdue University-ခေတ္တ USA)၊ မောင်မိုးထွဋ်အောင်(ဒုတိယနှစ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၂၉-၅-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁:၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ရက် (တနင်္ဂနွေ နေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းကြည်
**တရားလွှတ်တော်ရှေ့နေ/အထက်တန်းပြ(ငြိမ်း)**
**အသက်(၇၅)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးအောင်နိုင်သူ-ဒေါက်တာ ဝင်းချိုချိုအောင် တို့၏ဖခင်သည် ၂၂-၅-၂၀၂၀ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၇) ကျောင်းဆင်းအရာရှိမိသားစုများ**

## ဦးတင်အောင်(ဟိုတယ်ခရီး၊ငြိမ်း)
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ ဇမ္ဗူသီရိလမ်း၊ တိုက် ၇၊ သုံးလွှာ(B)နေ (ဦးအောင်ကြည်- ဒေါ်ခင်မေ)တို့၏သား၊ ဒေါ်ခင်အုန်းမြင့်(ဒု-ရဲမှူး၊ ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ (ဒေါ်ဌေးဌေးအောင်)၊ (ဦးတိုးအောင်)၊ ဒေါ်ထူးထူးအောင်၊ ဒေါ်သန်းသန်းအောင်၊ ဒေါ်ချိုချိုအောင်၊(ဦးအောင်ခင်)တို့၏အစ်ကို၊ ဦးဟိန်းသီဟအောင်-ဒေါ်အိမွန်ဝင်း၊ရဲအုပ်ရာဇာလင်း (မူးယစ်)- ဒေါ်သင်းသီရိအောင်(အလက/ခွဲ)ရွှေကူမြို့နယ် တို့၏ဖခင်၊ မြေး သုံးယောက်တို့၏အဘိုး သည် ၂၇-၅-၂၀၂၀ရက် နံနက် ၄:၃၀ နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ ရက် တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများနံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးမြတ်စိုး
**Chance Key Co.,Ltd**
**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီ ၅လမ်း၊ အမှတ် ၂၅၆နေ (ဦးစန်းခင်-ဒေါ်စောကြည်) တို့၏မြေး ၊(ဦးစိန်မြင့်-ဒေါ်အေးမြင့်)တို့၏သား၊ ဦးမျိုးအောင်-(ဒေါ်ကျင်ရီ)တို့၏သားသမက်၊ ကိုမြတ်မိုး၊ကိုရဲမျိုးလွင်တို့၏ အစ်ကို၊ ဒေါ်စုစုမြိုင်၏ချစ်လှစွာသောခင်ပွန်း၊ မဖြူစင်သန့်၏ဖခင်သည် ၂၉-၅-၂၀၂၀ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၃၁-၅-၂၀၂၀ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## မအေးမွန်မွန်သက်
**မြန်မာနိုင်ငံသားများဘဏ်**
**အသက်(၃၈)နှစ်**

ရန်ကုန်မြို့နေ (ဦးငွေစိုး)-ဒေါ်ကြည်ကြည်စုတို့၏သမီး၊ မနှင်းထက်ထက်လွင်(CB Bank)၏ညီမ၊ မောင်ကျော်ရဲခေါင်-မငြိမ့်ငြိမ့်ထွန်းတို့၏ အစ်မသည် ၂၉-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း၊ အမှတ်(၇၃၊ လေးလွှာ၊ B)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel)၏ သက်ရောက်မှုကာလကို COVID-19ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၅-၂၀၂၀ )ပါရက်နေ့၊ မြန်မာစံတော်ချိန် (၂၃: ၅၉)နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့် ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် (၁၅-၆-၂၀၂၀ )ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉)နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်

နေပြည်တော် မေ ၂၉

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲ ကြုံတွေ့နေရသည့် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၅၂ ဦးနှင့် ကနေဒါ၊ ဂျာမနီ၊ နော်ဝေ၊ ကာတာ၊ အာရပ် စော်ဘွားများပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စု၊ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသတို့မှ မြန်မာနိုင်ငံသား ၄၂ ဦး စုစုပေါင်း ၉၄ ဦးတို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် Myanmar Airways International-MAI ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ (ယာပုံ)

*စာမျက်နှာ ၄ ကော်လံ ၁* ❖



## မြောက်ဥက္ကလာပ၌ ပြည်သူတစ်ဦးချင်းအား ကျန်းမာရေးစစ်ဆေး

**ရန်ကုန် မေ ၂၉**

ကိုဗစ်-၁၉ ရောဂါ ပြည်သူလူထုအတွင်း ကူးစက်မှုမရှိစေရေး ကွင်းဆင်းရှာဖွေ ဆောင်ရွက်မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာန၏ စီမံခန့်ခွဲမှုနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီတို့၏ အစီအစဉ်ဖြင့် အလိုအလျောက် ကိုယ်အပူချိန်တိုင်းစက် (Infrared Thermal Detection Unit) တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် တစ်ဦးချင်း ပြည်သူ ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ပြုလုပ်သည်။ **(အောက်ပုံ)**

မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဥမ္မာစိန်က "ကျွန်မတို့မြို့နယ်မှာ ကိုဗစ်-၁၉ အတည်ပြုလူနာ နှစ်ဦး ရှိပါတယ်။ သူတို့နှစ်ဦး နေထိုင်တဲ့ရပ်ကွက်တွေကို အဓိကထားပြီး ကျန်းမာရေးစစ်ဆေးမှု လုပ်တာပါ။ ကြိုတင်ကောက်ယူထားတဲ့

*စာမျက်နှာ ၄ ကော်လံ ၃* ❏



**တိုကျိုမြို့ကို အဆင့်လိုက် ပြန်လည်ဖွင့်ရန် အရှိန်မြှင့်တင် လုပ်ဆောင်လျက်ရှိ**

စာ ၁၂

**ဥရောပတွင် ကိုဗစ် - ၁၉ ပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့ပေးသော်လည်း အာရှတွင် သတိထားလုပ်ဆောင်လျက်ရှိ**

စာ ၁၃

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း** (၂၉-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

စာ ၁၅

**ရုပ်ရှင်မင်းသားကြီး တွမ်ဟန့်ခ် ဒုတိယအကြိမ် သွေးရည်ကြည်လှူဒါန်း**

စာ ၂၃

## ပရီမီယာလိဂ်ပွဲစဉ်များ ဇွန်လတွင် ယှဉ်ပြိုင်ကစားတော့မည်




ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားထားသော ပရီမီယာလိဂ်ပွဲစဉ်များကို လာမည့် ဇွန် ၁၇ ရက်တွင် ပြန်လည်စတင်ယှဉ်ပြိုင် ကစားတော့မည်ဖြစ်ကြောင်း သတင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားသည်။ ထိုရက်တွင် ကစားရန်ကျန်ရှိနေသေးသည့် အက်စတွန်ဗီလာနှင့် ရှက်ဖီးလ်၊ မန်စီးတီးနှင့် အာဆင်နယ်အသင်းတို့၏ပွဲစဉ်ဖြင့် စတင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပွဲစဉ်အားလုံးကို ဇူလိုင် ၂၅ ရက်**(စနေနေ့)**တွင် အပြီးသတ်ရန် လျာထားကြောင်း ဖော်ပြထားသည်။

ပရီမီယာလိဂ်ပြိုင်ပွဲသည် ကစားရန် ၉၂ ပွဲ ကျန်ရှိနေသေးကြောင်းသိရပြီး ပွဲစဉ်အားလုံးကို ကွင်းပိတ်ကျင်းပသွားမည်ဖြစ်ကာ Sky Sports, BT Sport, BBC Sport or Amazon Prime တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားဖွယ်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပွဲစဉ်များ ရပ်နားထားချိန်တွင် လီဗာပူးအသင်းက ၂၉ ပွဲ ကစားထားပြီး ရမှတ် ၈၂ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကာ ဘုန်းမောက်၊ အက်စ်တွန်ဗီလာနှင့် နော့ဝှစ်ချ်အသင်းတို့သည် တန်းဆင်းဇုန် အန္တရာယ်အတွင်း ကျရောက်နေသည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ◆